# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၂၁ ရက်၊ သောကြာနေ့ | အတွဲ (၅၉)၊ အမှတ် (၁၂၃)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကွတ်ဝ်သွမ်က ၎င်း၏ သံအမတ်ခန့်အပ်လွှာပေးအပ်စဉ်။ သတင်းစဉ်

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာလီကွတ်ဝ်သွမ်သည် ယနေ့ နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ် ခန့်အပ်လွှာကိုပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်းတို့ တက်ရောက်ကြသည်။

သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား မွန်ပြည်သစ်ပါတီ(NMSP)ဥက္ကဋ္ဌ နိုင်ဟံသာက ဂါရဝပြုလက်ဆောင်ပေးအပ်စဉ်။ သတင်းစဉ်

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မွန်ပြည်သစ်ပါတီဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၀

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မွန်ပြည်သစ်ပါတီ (NMSP) ဥက္ကဋ္ဌ နိုင်ဟံသာနှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ရှေးဦးစွာ နှစ်ဖက်တက်ရောက်လာကြသူများအား တစ်ဦးချင်း မိတ်ဆက်ပေးသည်။ ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မွန်ပြည်သစ်ပါတီ NCA လက်မှတ်ရေးထိုးပြီးနောက် လက်ရှိမြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးနှင့်တိုင်းရင်းသားအရေး ဦးစားပေးဆောင်ရွက်ရန် လိုအပ်ချက်များ၊ (၈)ကြိမ်မြောက်


*စာမျက်နှာ ၄ ကော်လံ ၁* ❑


**စားကျက်မြေများအား အများပြည်သူအကျိုးစီးပွားအတွက် နိုင်ငံတော်၏လိုအပ်ချက်ရှိမှသာ ပယ်ဖျက်ပေးလျက်ရှိပြီး တစ်ဦးတစ်ယောက် အကျိုးစီးပွား၊ ကုမ္ပဏီအကျိုးစီးပွားအတွက် လျှောက်ထားမှုများအပေါ် ထပ်မံခွင့်ပြုပေးခြင်းမရှိ**


ပြည်သူ့လွှတ်တော် (စာ-၇)


**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစသည့် တိုင်းရင်းသားရေးရာကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိ**


အမျိုးသားလွှတ်တော် (စာ-၈)





# ကူးစက်ရောဂါအန္တရာယ် ရှောင်လွှဲနိုင်ကြရန်

ခေတ်မီတိုးတက်လာမှုက ကမ္ဘာကြီးကို ရွာကြီးကဲ့သို့ ပြောင်းလဲသွားစေခဲ့သည်ဆိုခြင်းမှာ လက်တွေ့ဘဝဖြစ်၏။ ငြင်းဆန်၍မရ၊ ရှောင်လွှဲ၍မရ။ နိုင်ငံများ၏ နယ်နိမိတ်များ မည်သို့ပင် သတ်မှတ်စည်းခြားထားသည်ဖြစ်သော်လည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စသည့်နယ်ပယ်အသီးသီးတွင် အချင်းချင်း ကူးလူးဆက်ဆံနေကြသည့် ပုံသဏ္ဌာန်မှာ နှစ်ဆယ့်တစ်ရာစုတွင် များစွာပြောင်းလဲသွားခဲ့ပြီ။

နိုင်ငံရေးအရ တစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား သြဇာသက်ဆက်နွယ်မှု၊ စီးပွားရေးအရ ပူးပေါင်းကူးသန်းအလုပ်လုပ်ကြမှု၊ ယဉ်ကျေးမှုရေးရာတွင် တစ်ကမ္ဘာလုံး နယ်စည်းမခြား ကူးလူးဆက်ဆံပြောင်းလဲလာမှုတို့သာမက ကူးစက်ရောဂါပိုးမွှားများ ဟိုမှသည် သည်မှဟို လွယ်လွယ်ကူကူ ပျံ့နှံ့လာမှုတို့အထိဟု ဆိုရချေမည်။

မည်သို့သောအကြောင်းဖြင့်ဖြစ်စေ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကူးသန်းသွားလာရသည်မှာ မခက်ခဲတော့သည့်ခေတ်တွင် ရောဂါပိုးမွှားများကလည်း ကူးစက်ပျံ့နှံ့လွယ်လာသည်မှာ သဘာဝသာလျှင်ဖြစ်ချေ၏။ ထိုသို့သော ကမ္ဘာပတ်ပျံ့နှံ့နေသည့် ကူးစက်ရောဂါပြဿနာသည် တစ်နှစ်ထက်တစ်နှစ် ပို၍ရှုပ်ထွေးကာ ပို၍ အန္တရာယ်များသော ပုံစံမျိုးဖြစ်ဖြစ်လာသည်ကိုလည်း တွေ့ရသည်။

အထူးသဖြင့်မူ ယခုနှစ်များအတွင်း အသက်ရှူလမ်းကြောင်းနှင့် ပတ်သက်နီးနွယ်နေသည့် ကူးစက်ဖျားနာရောဂါအမျိုးမျိုးတို့ ကမ္ဘာတစ်ဝန်း ပျံ့နှံ့သည့် အဖြစ်အပျက်များက ကမ္ဘာ့လူသားတို့ကို ခြိမ်းခြောက်မှုကြီးသဖွယ် ဖြစ်ခဲ့သည်။

လွန်ခဲ့သောနှစ် ဒီဇင်ဘာလက ပေါ်လာသော တရုတ်နိုင်ငံ ဝူဟန်မြို့မှစတင်ကာ ပျံ့နှံ့လာသည့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုက ကမ္ဘာတစ်ဝန်းကို စိုးရိမ်စေခဲ့သည်။ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့သော အိမ်နီးချင်းနိုင်ငံတို့အဖို့ ပို၍စိုးရိမ်စရာဖြစ်လာသည်။ ယခုအခါ ထိုရောဂါပိုးကူးစက်မှုကြောင့် တရုတ်နိုင်ငံအတွင်း လူပေါင်း ၇၀၀၀ ကျော်သို့ ပြန့်ပွားခဲ့ပြီး လူ ၁၀၀၀ ခန့် စိုးရိမ်ဖွယ်အခြေအနေရှိကာ ၁၇၀ ကွယ်လွန်ခဲ့ပြီးဖြစ်သည်ဟု သိရသည်။ ယခင်ယခင် ဖြစ်ပွားခဲ့ဖူးသော ကူးစက်ရောဂါများထက် များစွာပိုအန္တရာယ်ရှိသည်ဟုလည်း ရှုမြင်ကြပါသည်။ အထူးသဖြင့် လူအချင်းချင်း ကူးစက်လွယ်ခြင်း၊ ကူးစက်မှုမြန်ဆန်ခြင်း၊ ရောဂါဖြစ်ပွားလျှင် ပြင်းထန်ပြီး လူသေဆုံးမှုအထိ ဖြစ်နိုင်ခြင်းတို့ကြောင့်ဖြစ်၏။

ထိုပိုးမွှားကူးစက်မှုနှုန်းမှာ အလွန်မြန်ဆန်သည်ဖြစ်သောကြောင့် တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်ကိုယ်တိုင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲနှင့် တွေ့ဆုံကာ ရောဂါကာကွယ်တားဆီးနိုင်ရေးနှင့် ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် တိုင်ပင်ခဲ့သည်ဟု သတင်းများအရ သိရပါသည်။ နိုင်ငံအတွင်းဖြစ်ပွားနေမှု၏ အန္တရာယ်ကို အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်မှု ပွင့်ပွင့်လင်းလင်းရှိစေရေးကိုလည်း အစိုးရက အရေးတယူဆောင်ရွက်မည်ဟုလည်း ဆို၏။

တရုတ်နိုင်ငံပြင်ပရှိ အခြားသောနိုင်ငံများတွင်လည်း ကူးစက်ရောဂါပျံ့နှံ့စပြုနေသည်ကို စစ်ဆေးတွေ့ရှိရသည်များလည်း ရှိနေကြောင်း သတင်းများတွင် တွေ့ရှိရပါသည်။

ကမ္ဘာလုံးဆိုင်ရာ ပြဿနာဖြစ်သည့်အတွက် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမိသားစုတို့သည် တစ်ဦးနှင့်တစ်ဦး ကူညီပေးရေးနှင့်အတူ ရောဂါကာကွယ်တားဆီးနိုင်ရန်၊ ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန် စသည်တို့ကို မည်သို့ဆောင်ရွက်ကြခြင်းက အကောင်းဆုံးဖြစ်မည်ကို တိုင်ပင်ကြံဆ ပြင်ဆင်နေကြပါသည်။

ယခုကဲ့သို့သော ကူးစက်ရောဂါများမှာ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သည့်အတွက် အဓိကအားဖြင့် လူတို့၏ ကိုယ်ခံအားကောင်းမွန်မှုအပေါ်တွင် များစွာမူတည်နေသည်ဟု ပညာရှင်များက အတည်ပြုထားပါသည်။ ကိုယ်ခံအားကောင်းသည်နှင့်အမျှ ထိုဗိုင်းရပ်စ်ကို တွန်းလှန်ဖြိုဖျက်နိုင်မည်ဖြစ်သောကြောင့် လူတစ်ဦးချင်းအနေဖြင့် ကိုယ်ခံအားကောင်းမွန်အောင် ဂရုစိုက်ခြင်းဖြင့် များစွာကာကွယ်နိုင်မည်ဟုလည်း ဆိုပါသည်။

အများပြည်သူအနေဖြင့်လည်း ထိုကဲ့သို့သော ကျန်းမာရေးဆိုင်ရာ အရေးပေါ်နေသည့် အချိန်မျိုးတွင် မိမိကိုယ်ကိုယ် ကိုယ်ခံအားကောင်းစေရန် အစားအသောက်အနေအထိုင် ဂရုပြုနေထိုင်ကြရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး အထူးသဖြင့် လက်ကို အစဉ်သဖြင့် သန့်စင်စေရန်ဆေးကြောပေးရေး၊ အတတ်နိုင်ဆုံး လူထူထပ်သည့်နေရာများကို ရှောင်ကြဉ်ရေး၊ မဖြစ်မနေသွားရမည်ဆိုလျှင်လည်း နှာခေါင်းစည်း၊ ပါးစပ်စည်း အကာအကွယ်တို့ဖြင့် နေထိုင်ရေး၊ ချောင်းဆိုးနှာချေလျှင် စက္ကူစ၊ လက်ကိုင်ပဝါတို့ဖြင့် အကာအကွယ်ပြုရေး အစရှိသည့် ကျန်းမာရေးဆိုင်ရာ အသိရှိကာ သတိထားနေထိုင်ကြခြင်းဖြင့် ကူးစက်ရောဂါပြဿနာကို ဝိုင်းဝန်းကာကွယ်ထိန်းချုပ်ကြပါရန် တိုက်တွန်းလိုက်ရပါကြောင်း။ ။

# ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး။

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် Facebook Team တို့ ပူးပေါင်း၍ လူမှုအသိုင်းအဝိုင်းနှင့် ဆက်သွယ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် Facebook Team တို့ပူးပေါင်း၍ လူမှုအသိုင်းအဝိုင်းနှင့် ဆက်သွယ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် Facebook Team တို့ ပူးပေါင်း၍ လူမှုအသိုင်းအဝိုင်းနှင့် ဆက်သွယ်ခြင်း (Connecting with Communities) ဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး သင်တန်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲသို့ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ Facebook Team မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်အကြောင်းအရာများကို ပြည်သူလူထုသိရှိစေရန် ကော်မရှင်၏ Website ၊ နိုင်ငံပိုင်ရုပ်သံမီဒီယာနှင့် သတင်းစာများမှ တစ်ဆင့် ပုံမှန်ထုတ်လွှင့် ဖော်ပြပေးလျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် သတင်းအမှားများ၊ သတင်းအတုများ ကာကွယ်တားဆီးနိုင်ရန် ရည်ရွယ်၍ ရွေးကောက်ပွဲဆိုင်ရာ သတင်းအမှန်ထုတ်ပြန်ရေးအစီအစဉ်ကို ကော်မရှင်ရုံးတွင် အပတ်စဉ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် UEC Facebook Page ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖွင့်လှစ်အသုံးပြုခဲ့ပြီး ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ယာယီရပ်နားခဲ့ပါကြောင်း။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် First Time Youth Voters လေးသန်းခန့်ရှိလာမည် ဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် ပြည်သူလူထုအသိပညာပေးလုပ်ငန်း (Civic Education) နှင့် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်း (Voter Education)များ ဆောင်ရွက်ရန်နှင့် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူလူထုထံသို့ ထိရောက်စွာနှင့် လျင်မြန်စွာရောက်ရှိစေရန်အတွက် UEC Facebook Page ကို မကြာမီကာလတွင် ပြန်လည်အသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ UEC Facebook Page အသုံးပြုရာတွင် စနစ်တကျရှိစေရန်အတွက် ဆိုရှယ်မီဒီယာ အသုံးပြုမှုဆိုင်ရာ ကြီးကြပ်ရေးကော်မတီ၊ အထောက်အကူပြုလုပ်ငန်းအဖွဲ့နှင့် ဆိုရှယ်မီဒီယာ စောင့်ကြည့်ရေးလုပ်ငန်းအဖွဲ့တို့ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် Facebook Team မှ Director of Public Policy, Southeast Asia , Mr. Ratael Frankel က နှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်လာသူများက ရွေးကောက်ပွဲဆိုင်ရာ Facebook အသုံးပြုမှုနှင့် Community Standard ဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

**ညီညွတ်ခြင်းသည် စွမ်းအင်**
**စည်းလုံးခြင်းလျှင် ခွန်အား**
**ပြည်ထောင်စု၏ နှလုံးသား။**

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၃၀**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံ မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇန်နဝါရီ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဖရန့်ဆွာလက်ဖရက်နီးရဲခ် သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိနိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ အပြည် ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်းတို့ တက်ရောက် ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး မစ္စတာ ဖရန့်ဆွာလက်ဖရက်နီးရဲခ်က ၎င်း၏ သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။

သတင်းစဉ်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၀

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၀) ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဖွင့်အမှာ စကားပြောကြားရာတွင် ယနေ့ မိမိတို့ လွှတ်တော်သက်တမ်းသည် လာမည့် ဇန်နဝါရီ ၃၁ ရက်တွင် (၄)နှစ် ပြည့်မြောက်မည် ဖြစ်ပါကြောင်း၊ ယခု လွှတ်တော်သက်တမ်း ကာလ အတွင်း ဥပဒေပြုရေး၊ အပြန်အလှန် ထိန်းကျောင်းရေးနှင့် ကိုယ်စားပြုရေး တာဝန်များကို ထမ်းဆောင်ခဲ့ကြ သည်မှာ ကာလအရွေ့တစ်ခုသို့ ရောက်ရှိခဲ့ပြီ ဖြစ်ပါကြောင်း၊ အလားတူ ဥပဒေပြုရေး တာဝန်များကို ထမ်းဆောင်ခဲ့ရာတွင်လည်း ဒုတိယအကြိမ် လွှတ်တော်သက်တမ်း ကာလအတွင်း ဥပဒေပေါင်း ၁၂၄ ခု၊ ယခင် ပထမအကြိမ် လွှတ်တော် သက်တမ်းကာလနှင့် ပေါင်းလိုက်လျှင် ဥပဒေပေါင်း ၃၅၆ ခု ပြဋ္ဌာန်းနိုင်ခဲ့ ပါကြောင်း၊ မိမိတို့၏ ဥပဒေပြုရေး လုပ်ငန်းများနှင့် ရည်မှန်းချက်များကို အားလုံးညီညီညွတ်ညွတ်၊ စည်းစည်း လုံးလုံးဖြင့် ဆောင်ရွက်ကြမှသာ ကြုံတွေ့နေရသည့် အခက်အခဲများ ကို ကျော်လွှားသွားနိုင်မည်ဖြစ်ပါ ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသည့် ကော်မတီ ဥက္ကဋ္ဌများနှင့် လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင်တို့က သက်ဆိုင်ရာ ကော်မတီများအလိုက် ဆောင်ရွက် လျက်ရှိသည့် ဥပဒေကြမ်းများ၊ တိုင်ကြားစာများ၊ အစီရင်ခံစာပါ တွေ့ရှိချက်များနှင့် သုံးသပ်အကြံပြု ဆွေးနွေးချက်များကို ရှင်းလင်း တင်ပြကြသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၀) တွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

**ပေါင်းစပ်ညှိနှိုင်း**

ယင်းနောက် တင်ပြချက်များ အပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က သက်ဆိုင်ရာ ကော်မတီများအလိုက် ဆောင်ရွက် ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ် အမှာ စကားပြောကြားကာ အစည်းအဝေး ကို ရုပ်သိမ်းလိုက်သည်။

**တက်ရောက်**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများ၊ လွှတ်တော် ရေးရာ စွမ်းရည်မြှင့်တင်ရေးအကြံပေး အဖွဲ့ အဖွဲ့ခေါင်းဆောင်၊ ကော်မတီ အတွင်းရေးမှူးများနှင့် ပြည်သူ့ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

## ကျင်းပမည့်ပွဲများ

### ရန်ကုန်၌ သုတဘာဏ်စာတမ်းဖတ်ပွဲ

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းက ကြီးမှူး၍ သုတဘာဏ်စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီတွင် သိပ္ပံကျော်စွာ ဦးကျော်ဝင်း(အမျိုးသားစာပေ ဆုရ စာရေးဆရာမနုသကျော်ဝင်း)က အဖိုးတန်ဒဏ္ဍာရီနှင့် ပါးစပ်ရာဇဝင်စာတမ်းနှင့် ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး) က ဝူဟန်ကိုရိုနာဗိုင်းရပ်စ်အဆုတ်ရောင်ရောဂါအကြောင်း သိကောင်းစရာစာတမ်းများ ဖတ်ကြား ကြမည်ဖြစ်သည်။ အဆိုပါ စာတမ်းဖတ်ပွဲကို မြန်မာနိုင်ငံ စာရေးဆရာအသင်း အစည်းအဝေးခန်းမ (၈)လွှာ အမှတ် (၁၇၃ / ၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ သိရသည်။ **သန့်ဇော်**

### “An Elephant Sitting Still” ရုပ်ရှင်ဇာတ်ကားကို လေ့လာမှုအစီအစဉ်

ဒါရိုက်တာ “Hu Bo” ၏ Drama Film အမျိုးအစား လက်ရာကောင်းတစ်ခုဖြစ်သော “An Elephant Sitting Still ” ရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီ ၂ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ ကြည့်ရှုပြီး ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမှု အစီအစဉ် ပြုလုပ်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်အဖြစ် (၃၅)ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။ **သိန်းထိုက်သူ (FDC)**

❑ *ရှေ့ဖုံးမှ*

JICM အစည်းအဝေး၏ ဆုံးဖြတ်ချက်များနှင့်အညီ လာမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ရှင်းလင်းပြောကြားပြီး မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ဟံသာက NCA လက်မှတ်ရေးထိုးခြင်း (၄)နှစ်မြောက် အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့သည့် မိန့်ခွန်းပါ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးမူကို အပြည့်အဝ ထောက်ခံပါကြောင်း၊ တိုင်းရင်းသားများအနေဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အပေါ် ယုံကြည်မှုများစွာ မြင့်တက်လာခဲ့ကြောင်း၊ နိုင်ငံရေး ဆွေးနွေးပွဲများတွင် သဘောတူညီချက် မရရှိသေးသည့် ကိစ္စရပ်များကို ကျော်လွှားရန် လိုအပ်ကြောင်း ဆွေးနွေးသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မွန်ပြည်သစ်ပါတီ(NMSP)ဥက္ကဋ္ဌ နိုင်ဟံသာနှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**ဆွေးနွေး**

ထို့နောက် မွန်ဘာသာသင်ကြားရေးကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးနှင့် မွန်ပြည်သစ်ပါတီတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ၏ စားဝတ်နေရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**လက်ဆောင် ပြန်လည်ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မွန်ပြည်သစ်ပါတီ(NMSP)ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ မွန်ပြည်သစ်ပါတီ (NMSP) ဥက္ကဋ္ဌကလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ဂါရဝပြု လက်ဆောင် ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် မွန်ပြည်သစ်ပါတီ (NMSP)ဥက္ကဋ္ဌ၊ အဖွဲ့နှင့် မှတ်တမ်းဓာတ်ပုံရိုက်သည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မွန်ပြည်သစ်ပါတီ(NMSP)ဥက္ကဋ္ဌ နိုင်ဟံသာတို့ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် ။ သတင်းစဉ်

**တက်ရောက်**

တွေ့ဆုံပွဲသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဥက္ကဋ္ဌ(၂) ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ(၃) ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြပြီး မွန်ပြည်သစ်ပါတီ(NMSP) ဥက္ကဋ္ဌနှင့်အတူ တွဲဖက်အထွေထွေအတွင်းရေးမှူး နိုင်ဝင်းလှ၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် နိုင်အောင်မငေး၊ နိုင်ဗညားလယ်နှင့် စစ်ဦးစီးချုပ် နိုင်ဗညားမွဲစန်းတို့လည်း တက်ရောက်ကြသည်။

**သတင်းစဉ်**

## ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

## ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး မစ္စတာ ဘင်းကေအူးဒက်စ် အား ယနေ့နံနက် ၁၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

တွေ့ဆုံစဉ် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ ဧပြီလအတွင်း ကျင်းပရန်ရှိသည့် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှု၊ တောင်တန်းများနှင့် အနာဂတ်လူ့ဘောင်ညီလာခံ (Sagarmatha Sambadd – A Global Dialogue) ကျင်းပမည့် အစီအစဉ်များ၊ မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆောင်ရွက်မှု၊ ဟင်ဒူ-ကတ်ရှ်-ဟိမဝန္တာ တောင်တန်းဒေသ တစ်လျှောက်ရှိ နိုင်ငံများနှင့် ဖွဲ့စည်းထားသည့် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (International Centre for Integrated Mountain Development – ICIMOD) နှင့် ပူးပေါင်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး မစ္စတာ ဘင်းကေအူးဒက်စ် အား လက်ခံ တွေ့ဆုံစဉ်။ သတင်းစဉ်

❑ *ကျောဖုံးမှ*

ဒုတိယ ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ် အောင်သူနှင့် ဦးဆက်အောင်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ယနေ့ကျင်းပသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးသည် "ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများ လျော့နည်းကင်းစင်စေရန်" အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် မိမိတို့ ဆောင်ရွက်ရမည့်နယ်ပယ်များကို သေချာစွာ သိရှိနားလည်ပြီး ထိရောက်အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ဦးဆောင်ကော်မတီ၏ ပထမအကြိမ် ဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် နေပြည်တော် Park Royal Hotel ၌ ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း။

## ထိရောက်စွာ ကိုင်တွယ်ဆောင်ရွက်ခဲ့

မိမိတို့နိုင်ငံသည် **အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (Asia Pacific Group on Money Laundering – APG)** သို့ ၂၀၀၆ ခုနှစ် မတ်လ ၉ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအစိုးရ အဆက်ဆက်အနေဖြင့် "ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများ" အား ထိရောက်စွာ ကိုင်တွယ်ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါဆောင်ရွက်မှုများကို အရှိန်အဟုန်တိုးမြှင့်သည့်အနေဖြင့် ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုတို့ကို ငွေကြေးထောက်ပံ့မှုများနှင့် စပ်လျဉ်း၍ ထိရောက်လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် **"ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ"** ကို လုပ်ငန်းတာဝန် (၉)ရပ် ချမှတ်ကာ ဒုတိယသမ္မတ ဦးဆောင်၍ ကိုးဦးဖြင့်လည်းကောင်း၊ **"လုပ်ငန်းကော်မတီ"** ကို လုပ်ငန်းတာဝန် (၉)ရပ် ချမှတ်ကာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင် ဦးဆောင်၍ ၁၀ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းပေးခဲ့ပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

## လုပ်ငန်းတာဝန် (၉) ရပ်

"ဦးဆောင်ကော်မတီ" ၏ လုပ်ငန်းတာဝန် (၉)ရပ်မှာ "ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာမူဝါဒနှင့် လမ်းညွှန်ချက်များ ချမှတ်ရန်"၊ "ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့နှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဗဟိုကော်မတီတို့၏ ဆောင်ရွက်ချက်များအပေါ် လိုအပ်သောပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်နှင့် လမ်းညွှန်ချက်များ ထုတ်ပြန်ရန်"၊ "ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်သော သတင်းပို့အဖွဲ့အစည်းများ၊ သက်ဆိုင်ရာအာဏာပိုင်များ၊ တရားစွဲအဖွဲ့အစည်းများ၊ အခြားပါဝင်ပတ်သက်သည့် အဖွဲ့အစည်းများနှင့် ကော်မတီများအကြား မူဝါဒဆိုင်ရာနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုကို မြှင့်တင်ရန်"၊ "ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သတင်းပို့အဖွဲ့အစည်းများ၊ သက်ဆိုင်ရာအာဏာပိုင်များ၊ တရားစွဲအဖွဲ့အစည်းများ၊ အခြားပါဝင်ပတ်သက်သည့် အဖွဲ့အစည်းများနှင့် ကော်မတီများအား လိုအပ်သောမူဝါဒဆိုင်ရာနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အထောက်အပံ့များပံ့ပိုးပေးရန်"၊ "အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများ၏ သဘောတူညီချက်၊ စာချုပ်များပါ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ လိုအပ်သောလမ်းညွှန်မှုများ ချမှတ်ရန်"၊ "မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ အကောင်အထည်ဖော်ဆောင်မှုအပေါ် လိုအပ်သောလမ်းညွှန်ချက်



ပြည်ထောင်စုဝန်ကြီး
ဦးစိုးဝင်း



မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ
ဦးကျော်ကျော်မောင်



ဒုတိယဝန်ကြီး
ဦးဆက်အောင်



ဒုတိယရှေ့နေချုပ်
ဦးဝင်းမြင့်

များ ထုတ်ပြန်ရန်"၊ "ပြည်တွင်း၊ ပြည်ပပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်စေရေးအတွက် လိုအပ်သော လမ်းညွှန်ချက်များ ထုတ်ပြန်ရန်"၊ "ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ပါက အထောက်အကူပြုကော်မတီများ ဖွဲ့စည်းရန်" နှင့် "ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်ရာတွင် လိုအပ်သောလမ်းညွှန်ချက်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ရန်" တို့ ဖြစ်ပါကြောင်း။

## လမ်းညွှန်ချက်များ ထုတ်ပြန်ခဲ့

"ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ" အနေဖြင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် **"လေ့လာဆန်းစစ်ရေးနှင့် စိစစ်ရေးအဖွဲ့"** ကို အဖွဲ့ဝင် ငါးဦးဖြင့်လည်းကောင်း၊ **"စောင့်ကြည့်ရေးနှင့် စစ်ဆေးရေးအဖွဲ့"** ကို အဖွဲ့ဝင် ခြောက်ဦးဖြင့်လည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်သည့်အပြင် "ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့် သက်ဆိုင်သောပြစ်မှုများကို စုံစမ်းစစ်ဆေးဖော်ထုတ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် အထောက်အကူပြုလမ်းညွှန်ချက်များ" ကိုလည်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းများသည် နိုင်ငံတော်က ချမှတ်ထားသည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ၏ ရည်မှန်းချက်တစ်ရပ်ဖြစ်သည့်အတွက် မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

## အချက် (၁၄)ချက်ကို တွေ့ရှိ

မကြာသေးခင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် **အာရှ-ပစိဖိတ် ပူးတွဲလုပ်ငန်းအဖွဲ့ (Asia Pacific Joint Group – APJG)** မျက်နှာချင်းဆိုင်အစည်းအဝေးသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့်အဖွဲ့နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့တို့ တက်ရောက်ခဲ့ပါကြောင်း၊ အဆိုပါ အစည်းအဝေး ရလဒ်အရ မြန်မာနိုင်ငံအနေဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည့်အချက် (၁၄)ချက်ကို တွေ့ရှိရပါကြောင်း။

အဆိုပါအချက် (၁၄)ချက်ကို သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများအနေဖြင့် အမြန်ပြီးပြတ်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အချိန်ကာလသတ်မှတ်ကာ စီမံချက်များ ရေးဆွဲဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ထို့ပြင် လုပ်ငန်းကော်မတီနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေများကိုလည်း "ဦးဆောင်ကော်မတီ" သို့ လစဉ် တင်ပြသွားရန်နှင့် လိုအပ်ပါက ဦးဆောင်ကော်မတီအစည်းအဝေးကို သုံးလ တစ်ကြိမ် ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

## မူဘောင်ခိုင်မာအောင် တည်ဆောက်

ထို့ပြင် "အမျိုးသားအဆင့်ဆုံးရှုံးမှုအန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းစဉ် (National Risk Assessment – NRA)" ရလဒ်အရ မြန်မာနိုင်ငံအတွင်း၌ "ငွေကြေးခဝါချမှု၊ ခြိမ်းခြောက်မှုများကို မြင်သာထင်ရှားရှိနေကြောင်း တွေ့ရှိခဲ့ရပြီး မူးယစ်ဆေးဝါးမှုခင်းများအပါအဝင် အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှု၊ သစ်နှင့် ကျောက်မျက်ရတနာများ တရားမဝင်ရောင်းဝယ်မှု၊ အခွန်တိမ်းရှောင်မှုများ" ကို ရှာဖွေဖော်ထုတ်ပြီး လျော့နည်းကျဆင်းအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများအနေဖြင့် မိမိတို့နှင့် သက်ဆိုင်သည့်ကဏ္ဍအလိုက် အဆိုပါမှုခင်းများ လျော့နည်းကျဆင်းအောင် တားမြစ်ပိတ်ဆို့တိုက်ဖျက်သွားရမည်ဖြစ်ပါကြောင်း၊ အလားတူ "သတင်းပို့အဖွဲ့အစည်းများ" အနေဖြင့်လည်း ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (Anti-Money Laundering / Countering the Financing of Terrorism – AML/CFT) ဆိုင်ရာ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် "အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိများ" သတ်မှတ်ခန့်အပ်ပြီး ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ **"ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့"** အနေဖြင့် သက်ဆိုင်ရာသတင်းပို့အဖွဲ့အစည်းများ၊ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအပါအဝင် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ **"ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (Anti-Money Laundering / Countering the Financing of Terrorism – AML/CFT) မူဘောင်"** ကို ခိုင်မာအောင် တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် သက်ဆိုင်ရာကော်မတီနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် "နိုင်ငံတကာ စံနှုန်းများနဲ့အညီ ရေးဆွဲပြဋ္ဌာန်းထားသည့်ဥပဒေများ" ကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် "နိုင်ငံတကာအဖွဲ့အစည်းများမှ ချမှတ်ထားသည့် စံနှုန်းများ" နှင့် "အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ရေးအစီရင်ခံစာပါ အကြံပြုချက်များ" ကို အပြည့်အဝလိုက်နာဆောင်ရွက်နိုင်ရေးအတွက် "ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၁၉-၂၀၂၃)" ကိုလည်း ရေးဆွဲပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ "အမျိုးသားအဆင့်ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့ခြင်း အန္တရာယ်အကဲဖြတ်ချက်အစီရင်ခံစာ" နှင့် "အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန် အကဲဖြတ်ရေးအစီရင်ခံစာ" ပါ အကြံပြုချက်များနှင့်အညီ ပြင်ဆင်ရေးဆွဲထားသည့် **ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ**အသစ်ကို ရေးဆွဲလျက်ရှိပြီး မကြာမီထုတ်ပြန်နိုင်မည်ဖြစ်ပါကြောင်း။

## ဝိုင်းဝန်းအကြံပြု ဆွေးနွေး

ယခုအစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို သေချာစွာ သိရှိနားလည်ပြီး ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် "အာရှ-ပစိဖိတ် ပူးတွဲလုပ်ငန်းအဖွဲ့ (APJG) အစည်းအဝေးရလဒ်အရ မြန်မာနိုင်ငံအနေဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အချက် (၁၄)ချက်" တို့အပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် "ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ" အတွင်းရေးမှူး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က အာရှ-ပစိဖိတ် ပူးတွဲလုပ်ငန်းအဖွဲ့ (Asia Pacific Joint Group – APJG) မျက်နှာချင်းဆိုင်အစည်းအဝေးရလဒ်အရ မြန်မာနိုင်ငံအနေဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည့်အချက် (၁၄)ချက်နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက နိုင်ငံဘဏ္ဍာသိမ်းဆည်းပြီးသည့်အချိန်အထိ သိမ်းဆည်းထားသော ပစ္စည်းများ၏တန်ဖိုးကို ထိန်းသိမ်းထားနိုင်ရေးအတွက် သိမ်းဆည်းပစ္စည်းများအား စီမံခန့်ခွဲမှုဆိုင်ရာအခြေအနေများ၊ တရားမဝင်ငွေကြေးလွှဲပြောင်းမှုနှင့် တရားမဝင်ငွေကြေးစီးဆင်းမှုဆိုင်ရာအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ဘဏ်များနှင့် ဘဏ်နှင့်သက်ဆိုင်သည့် လုပ်ငန်းများအပေါ် ကြီးကြပ်ဆောင်ရွက်နေမှုအခြေအနေများ၊ ဟွန်ဒီလုပ်ငန်းများနှင့် ဆက်စပ်သည့် စည်းမျဉ်းများအား အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ ညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသည့် ဒေါ်တင်နွယ်စိုး၊ ဦးချမ်းအေးနှင့် ဦးမောင်မောင်ကျော်တို့က အာရှ-ပစိဖိတ် ပူးတွဲလုပ်ငန်းအဖွဲ့ (APJG) အစည်းအဝေးရလဒ်အရ မြန်မာနိုင်ငံအနေဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အချက် (၁၄)ချက်အပေါ် သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် လိုအပ်သည့် အကြံပြုချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

**မြန်မာနိုင်ငံ၏ "အမျိုးသားအဆင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်း အန္တရာယ် အကဲဖြတ်ချက်အစီရင်ခံစာ" နှင့် "အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန် အကဲဖြတ်ရေးအစီရင်ခံစာ" ပါ အကြံပြုချက်များနှင့်အညီ ပြင်ဆင်ရေးဆွဲထားသည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေအသစ်ကို ရေးဆွဲလျက်ရှိပြီး မကြာမီထုတ်ပြန်နိုင်မည်ဖြစ်**





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ စူဠာမဏိစေတီတော်တွင် ပြုပြင်ထိန်းသိမ်းမွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအား လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

❍ *ကျောဖုံးမှ*

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ညောင်ဦးလေဆိပ်စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပုဂံ-ညောင်ဦးလေဆိပ်တွင် နိုင်ငံတကာခရီးစဉ်ပျံသန်းသည့်လေယာဉ်များဝင်ရောက်ထွက်ခွာနိုင်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပုဂံ-စီရမ်ရိ တိုက်ရိုက်လေကြောင်းလိုင်း ပျံသန်းပြေးဆွဲရေး စီစဉ်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက လေဆိပ်၏ နောက်ခံသမိုင်းအကျဉ်း၊ လေယာဉ်ပြေးလမ်းဆိုင်ရာ အချက်အလက်များ၊ လေဆိပ်အဆင့်မြှင့်တင်ရေးအတွက် ပတ်ဝန်းကျင်ထိခိုက်မှု လေ့လာဆန်းစစ်ချက်၊ ဆူညံသံသက်ရောက်မှုအခြေအနေ၊ ပုဂံဒေသအား ဇုန်များသတ်မှတ်ခြင်း၊ ပုဂံ-ညောင်ဦးလေဆိပ်နှင့် မြို့ရေိယာအကွာအဝေး၊ပုဂံ-ညောင်ဦး လေဆိပ်နှင့် စေတီပုထိုးများအကွာအဝေး၊ ပုဂံ-ညောင်ဦးလေဆိပ်အား အဆင့်မြှင့်တင်ရေးအတွက် ရွေးချယ်ခြင်း၊ အကောက်ခွန်လေဆိပ်အဖြစ် အဆင့်မြှင့်တင်မှု၊ ပျံသန်းခွင့်ပြုမည့် နိုင်ငံတကာခရီးစဉ်အမျိုးအစား၊ ပျံသန်းမည့်လေကြောင်းလိုင်းများ၊ လေဆိပ်အခြေခံ အဆောက်အဦနှင့် ဆက်စပ်လုပ်ငန်းများ၊ မြေပြင်ဝန်ဆောင်မှုနှင့် လေယာဉ်ဆီဖြည့်တင်းရေး၊ လေဆိပ်အဆင့်မြှင့်တင်မည့် အစီအစဉ်နှင့် Eco Airport အဖြစ် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

### လိုအပ်ချက်များကို တင်ပြဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးဆိုင်ရာများကိုလည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းက လေဆိပ်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအေးလွင်က လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် MAI လေကြောင်းလိုင်းတို့မှ တာဝန်ရှိသူများက ပုဂံ-စီရမ်ရိ တိုက်ရိုက်လေကြောင်းလိုင်း ပျံသန်းပြေးဆွဲသွားမည့် အခြေအနေ၊ ခရီးသည်ရရှိရေး ဆောင်ရွက်သွားမည့် အခြေအနေများနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

### လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယသမ္မတက ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံဒေသရေရှည်တည်တံ့ရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်သက်ဆက်နွယ်သည့် ဝန်ကြီးဌာနများအားလုံး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားကာ ဆိုက်ရောက်၊ ထွက်ခွာနေရာများ၌ သက်သာစွာ အနားယူနိုင်ရေး ပြင်ဆင်ပေးထားမှု၊ ဆိုက်ရောက်နှင့် ထွက်ခွာနေရာများ၌ လုံခြုံရေး၊ ကျန်းမာရေးနှင့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများအတွက် ခေတ်မီစက်ပစ္စည်းများ တပ်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအချက်အလက်များကို အလွယ်တကူ သိရှိနိုင်ရန် QR Code စနစ်ဖြင့် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

### သဘာဝရှုခင်းများကို ကြည့်ရှု

ယင်းနောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ပုဂံနန်းမြင့်မျှော်စင်သို့ သွားရောက်ပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ မျှော်စင်ထက်မှ ကမ္ဘာ့အမွေအနှစ် ပုဂံဒေသ၏ သဘာဝရှုခင်းများကို ကြည့်ရှုသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အဖွဲ့ဝင်များနှင့်အတူ ပုဂံရှေးဟောင်းသုတေသန ပြတိုက်သို့ရောက်ရှိရာ ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်တို့က ပုဂံဒေသရှိရှေးဟောင်းဘုရားများ ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်နေမှုအခြေအနေများ၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

### ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ယခုခရီးစဉ်သည် ညောင်ဦးလေဆိပ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ပုဂံဘုရားများ ပြုပြင်မွမ်းမံနေမှု အခြေအနေများကို သိရှိလို၍ လာရောက်ခြင်းဖြစ်ပါကြောင်း၊ ပုဂံဒေသသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသတစ်ခုဖြစ်သည့်အတွက် နိုင်ငံတော်အတွက် လွန်စွာဂုဏ်ယူရသည့် အရေးပါသည့် နေရာတစ်ခုဖြစ်သောကြောင့် ပုဂံဒေသရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်တည်တံ့အောင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအားလုံးက အတတ်နိုင်ဆုံး ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

### အလှူငွေများ ပေးအပ်လှူဒါန်း

ယင်းနောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မြင်းပြဂူစေတီတော်၊ သဗ္ဗညုစေတီတော်၊ စူဠာမဏိစေတီတော်နှင့် ဓမ္မရံကြီးစေတီတော်တို့တွင် ပြုပြင်ထိန်းသိမ်းမွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။


ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် ပုဂံမြို့မှ ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၏ ဥက္ကဋ္ဌ ဒေါက်တာအောင်သိန်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် မြန်မာနိုင်ငံ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအား တိုးတက်ရေး၊ လုပ်ငန်းခွင် အေးချမ်းသာယာရေး၊ နိုင်ငံအတွင်းရှိ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်သမားများ၏ လုပ်ငန်းခွင်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်ခလစာတိုးမြှင့်သတ်မှတ်နိုင်ရေး၊ လုပ်သားအင်အားကို အခြေပြုသည့် (Cutting Making Packing – CMP) လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ စက်ရုံအလုပ်ရုံများတွင် လုပ်ငန်းခွင်အေးချမ်းသာယာရေးနှင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်စေရေးအတွက် အလုပ်ရှင်/အလုပ်သမားအကြား ကောင်းမွန်သည့် ဆက်ဆံရေးများရှိစေရေး၊ လုပ်သားများ၏ လုပ်ငန်းခွင်ကျွမ်းကျင်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး ကုန်ထုတ်စွမ်းအား မြင့်မားလာစေရေးအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်းများ ပူးပေါင်းဖွင့်လှစ် သင်ကြားနိုင်ရေးကိစ္စ၊ အလုပ်သမားရေးရာ ဥပဒေများ အသစ်ရေးဆွဲခြင်းနှင့် ပြင်ဆင်ဖြည့်စွက်ခြင်းများ ဆောင်ရွက်ရာတွင် အလုပ်ရှင်များဘက်မှလည်း တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး ကိစ္စများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက သက်ဆိုင်ရာ ကဏ္ဍအသီးသီးအလိုက် လက်ရှိဆောင်ရွက်နေမှုအခြေအနေများ၊ ဝန်ကြီးဌာနနှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်များ၊ အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# တပ်ကုန်းမြို့နယ်၌ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေ ထုတ်ချေး

**တပ်ကုန်း ဇန်နဝါရီ ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် လက်ပံကျေးရွာအုပ်စု ပန်းညိုကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ကျေးရွာအသင်းသား ၄၇ ဦးအား ချေးငွေကျပ် ၂၉၇ သိန်းကို ဇန်နဝါရီ ၂၇ ရက်က စတင်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်မွေး**

# စားကျက်မြေများအား အများပြည်သူအကျိုးစီးပွားအတွက် နိုင်ငံတော်၏လိုအပ်ချက်ရှိမှသာ ပယ်ဖျက်ပေးလျက်ရှိပြီး တစ်ဦးတစ်ယောက် အကျိုးစီးပွား၊ ကုမ္ပဏီအကျိုးစီးပွားအတွက် လျှောက်ထားမှုများအပေါ် ထပ်မံခွင့်ပြုပေးခြင်းမရှိ

နေပြည်တော် ဇန်နဝါရီ ၃၀

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။




ဒုတိယဝန်ကြီး
ဦးတင်မြင့်



ပေါင်မဲဆန္ဒနယ်မှ
ဒေါ်မိကွန်ချမ်း



ဒုတိယဝန်ကြီး
ဦးခင်မောင်ဝင်း



ကနီ မဲဆန္ဒနယ်မှ
ဦးထွန်းထွန်းနိုင်

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသည့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၆)ဦးက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ရှေ့မှောက်၌ ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၏ **ပေါင်မြို့နယ်အတွင်းရှိ စားကျက်မြေများကို နောင်အခါကျေးရွာတိုးချဲ့ရန်နှင့် ကျေးရွာပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးများတွင် အသုံးပြုခွင့်ပေးနိုင်ရန်အတွက် ဌာနဆိုင်ရာ ကုမ္ပဏီနှင့် လူတစ်ဦးတစ်ယောက်ကို ဧကရာချီ နှစ်ရှည်လုပ်ပိုင်ခွင့်ပြုထားသည်ကို ပြန်လည်ရုပ်သိမ်းပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က ပေါင်မြို့နယ် မုတ္တမကျေးရွာအုပ်စု၊ အိမ်ခြေ ၆၇ လုံးတည်ရှိမှုအတွက် စားကျက်ဧရိယာ ၆ ဒသမ ၆၂ ဧကကိုလည်းကောင်း၊ မိုးနိုင်းရပ်ကွက်တွင် အိမ်ခြေ ၂၃၃ လုံး တည်ရှိမှုအတွက် စားကျက်မြေဧရိယာ ၂၈ ဒသမ ၈၈ ဧကကို လည်းကောင်း၊ ဥတ္တံတားကျေးရွာအုပ်စုတွင် အိမ်ခြေ ၁၈၆ လုံး တည်ရှိမှုအတွက် စားကျက်မြေဧရိယာ ၃၄ ဒသမ ၈၁ ဧကကိုလည်းကောင်း၊ ပန်းကုန်းကျေးရွာအုပ်စုတွင် အိမ်ခြေအလုံး ၁၇၀ တည်ရှိမှုအတွက် စားကျက်မြေဧရိယာ ၂၉ ဒသမ ၈၉ ဧကကိုလည်းကောင်း၊ သဲဖြူကုန်းကျေးရွာအုပ်စုတွင် မြေပြိုကျမှုသဘာဝဘေးဖြစ်စဉ်ကြောင့် နေအိမ်နှင့် အသက်ဆုံးရှုံးခဲ့ရသူများအတွက် မြေနေရာအစားထိုးချထားပေးရန်နှင့် စိုက်ပျိုးမြေအဖြစ် အသုံးပြုရန်အတွက် စားကျက်မြေဧရိယာ ၃၀ ဒသမ ၅၁ ဧက ကိုလည်းကောင်း၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စားကျက်မြေအဖြစ်မှထုတ်နုတ်၍ ကျေးရွာမြေနှင့် စိုက်ပျိုးမြေအဖြစ် သတ်မှတ်ဆောင်ရွက်နိုင်ရန် စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုအခါ လက်ကျန်စားကျက်မြေဧရိယာအားလုံးကို အများပြည်သူအကျိုးစီးပွားအတွက် နိုင်ငံတော်၏လိုအပ်ချက်ရှိသည်မှအပ အများပြည်သူနှင့် မသက်ဆိုင်သည့်လုပ်ငန်းများအတွက် စားကျက်မြေအဖြစ်မှ ထုတ်နုတ်ခွင့်မပြုပါကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအနေဖြင့်လည်း လက်ရှိတွင် စားကျက်မြေများအား အများပြည်သူအကျိုးစီးပွားအတွက် နိုင်ငံတော်၏လိုအပ်ချက်ရှိမှသာ ပယ်ဖျက်ပေးလျက်ရှိပြီး တစ်ဦးတစ်ယောက်အကျိုးစီးပွား၊ ကုမ္ပဏီအကျိုးစီးပွားအတွက် လျှောက်ထားမှုများအပေါ် ထပ်မံခွင့်ပြုပေးခြင်းမရှိပါကြောင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့၏ ပေါင်းစပ်ဖြေကြားချက်များနှင့်အတူ ရှင်းလင်းဖြေကြားသည်။

## ကျောက်ထုတ်လုပ်ငန်းရှင်များမှ တရားဝင်လျှောက်ထားသည့် ကျောက်ကျင်းအရေအတွက်နှင့် ထုတ်လုပ်မှု ကျောက်ကျင်းအရေအတွက်တို့ ကိုက်ညီမှုရှိ

ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း၏ **ရွှေကူမြို့နယ်တွင် လမ်းခင်းကျောက်များ ထုတ်လုပ်လျက်ရှိရာ နှစ်အလိုက်ကျောက်ထုတ်လုပ်မှု မည်မျှထုတ်လုပ်ထားသနည်းနှင့် ကျောက်လုပ်ငန်းရှင်များမှ တရားဝင်လျှောက်ထားသော ကျောက်ကျင်းအရေအတွက်နှင့် မြေပြင်တွင် အမှန်တကယ်ထုတ်လုပ်ခဲ့သော ကျောက်ကျင်းအရေအတွက်တို့ ကိုက်ညီမှု ရှိ၊ မရှိ သိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်မြင့်က ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်း ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ဘဏ္ဍာရေးနှစ်အလိုက် ကျောက်ထုတ်လုပ်မှုအနေဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် လျှောက်ထားမှု ကျင်း ၇၇၁ ကျင်း၊ ထုတ်လုပ်မှုကျင်း ၇၇၁ ကျင်း၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် လျှောက်ထားမှုကျင်း ၈၀၀၊ ထုတ်လုပ်မှုကျင်း ၈၀၀ ၊ ၂၀၁၇-၂၀၁၈ ခုနှစ် လျှောက်ထားမှု ကျင်း ၁၂၆၀ ၊ ထုတ်လုပ်မှုကျင်း ၁၂၆၀ နှင့် ၂၀၁၈-၂၀၁၉ ခုနှစ် လျှောက်ထားမှု ကျင်းပေါင်း ၁၂၀၀၊ ထုတ်လုပ်မှုကျင်း ၁၂၀၀ တို့ဖြစ်ပါကြောင်း၊ ကျောက်ထုတ်လုပ်ငန်းရှင်များမှ တရားဝင်လျှောက်ထားသည့် ကျောက်ကျင်းအရေအတွက်နှင့် ထုတ်လုပ်မှု ကျောက်ကျင်းအရေအတွက်တို့ ကိုက်ညီမှုရှိပါကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့၏ကိုယ်စား ရှင်းလင်းဖြေကြားသည်။

ကနီ မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **ကနီမြို့နယ်တွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း၏ ဒုတိယအဆင့်တွင် ပင်မ 11 KV ဓာတ်အားလိုင်းနှင့် (၅)မိုင် အတွင်းတည်ရှိနေသော ထူးပေါက်ကျေးရွာအုပ်စုမှ သုံးရွာ၊ မဲဒင်ကျေးရွာအုပ်စုမှ လေးရွာ၊ ယာကြီးကျေးရွာအုပ်စုမှ ကျန်သုံးရွာ၊ လက်ပန်စု၊ ညောင်ရင်း၊ ကန်တော၊ သစ်ခက်နှင့် ဇီးပင်တွင်းကျေးရွာများအား NEP ဖြင့် လျှပ်စစ်မီးလင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ သိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ဝန်ကြီးဌာနအနေဖြင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး (NEP) တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့်ကျေးရွာများ၏ ဓာတ်အားလိုင်းအကွာအဝေးအား တိုင်းတာသတ်မှတ်ရာတွင် ဓာတ်အားချိတ်ဆက်ရယူရမည့် ဓာတ်အားလိုင်းမှ ကျေးရွာသို့ အမှန်တကယ်မြေပြင်တွင် သွယ်တန်းတည်ဆောက်နိုင်သည့် ဓာတ်အားလိုင်းလမ်းကြောင်းအတိုင်း တိုင်းတာသတ်မှတ်ခြင်းဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်၏မေးမြန်းချက်ပါ ကျေးရွာများသည် ဓာတ်အားချိတ်ဆက်ရယူနိုင်မည့် ဓာတ်အားလိုင်းမှ (၅)မိုင်အထက်ကျော်လွန်နေခြင်းကြောင့် NEP ဒုတိယအဆင့်တွင် ထည့်သွင်းလျာထားနိုင်မှု မရှိခြင်းဖြစ်ပါကြောင်း။

## ကန်တော၊ လက်ပန်စု၊ ညောင်ရင်းကျေးရွာသုံးရွာ လျှပ်စစ်ဓာတ်အားရရှိရေး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရဘတ်ဂျက်တွင် လျာထားပြီးဖြစ်

ကန်တော၊ လက်ပန်စု၊ ညောင်ရင်းကျေးရွာသုံးရွာ လျှပ်စစ်ဓာတ်အားရရှိရေး လုပ်ငန်းများအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရဘတ်ဂျက်တွင် လျာထားပြီးဖြစ်ပါကြောင်း၊ ကျန်ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် နောင်လာမည့်ဘဏ္ဍာရေးနှစ်များတွင် တိုင်းဒေသကြီး အစိုးရ၏ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်နိုင်ရန် ညှိနှိုင်းပေးသွားမည်ဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၏ **မင်းကင်းမြို့နယ်ရှိ ဝေးလံခေါင်ဖျားဒေသတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအတွက် ဒေသစရိတ်မညီမျှမှုများကို ပြန်လည်သုံးသပ်ပြီး လိုအပ်သလို ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်မြင့်ကလည်းကောင်း၊ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ၏ **၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပေါက်တောမြို့နယ်မြောက်ပိုင်းရှိ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ဆောလျင်စွာဖြန့်ဖြူးပေးနိုင်ရန်အလို့ငှာ သပြေကန်ကျေးရွာကို အခြေပြု၍ 33/11KV (5)MVA ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုခြင်း** မေးခွန်း၊

*စာမျက်နှာ ၈ သို့*

# ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးမြောက်

## စာရင်းစစ်ချုပ်နှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့၏ အစီရင်ခံစာနှင့် ဆွေးနွေးချက်များကို လွှတ်တော်မှ မှတ်တမ်းတင်

**ရန်ကုန် ဇန်နဝါရီ ၃၀**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်းခြောက်ခုကို မေးမြန်းရာ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုး၊ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်နှင့် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးတို့က အသီးသီး ပြန်လည်ဖြေကြားရှင်းလင်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်၏ ၂၀၁၇-၂၀၁၈ ၊ ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာတို့အပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များဖြစ်ကြသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် စာရင်းစစ်ချုပ် ဒေါ်ခင်သန်းလှတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် စာရင်းစစ်ချုပ်၏ အစီရင်ခံစာနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာတို့အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၏ ပြန်လည်ရှင်းလင်းဆွေးနွေးချက်များကို လွှတ်တော်ကမှတ်တမ်းတင်ကြောင်း တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက ကြေညာသည်။

ယင်းနောက် တရားစီရင်ရေး၊ ဥပဒေစိုးမိုးရေးနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် မြောက်ဥက္ကလာပမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြင့်လွင်အစား မင်္ဂလာတောင်ညွန့် မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရန်အောင်ကိုလည်းကောင်း၊ ဘဏ္ဍာရေး၊ စီမံကိန်းနှင့်စီးပွားရေးကော်မတီ အတွင်းရေးမှူးအဖြစ် ဒဂုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ဇေယျအစား တာမွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှသိန်းကိုလည်းကောင်း ပြောင်းလဲတာဝန်ပေးအပ်သည်။

ဆက်လက်၍ ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင် ဖွဲ့စည်းထားသော ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးကော်မတီ၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၊ တရားစီရင်ရေး၊ ဥပဒေစိုးမိုးရေးနှင့် တိုင်ကြားစာများ၊ အသနားခံစာများစိစစ်ရေးကော်မတီနှင့် ဥပဒေရေးရာ လေ့လာသုံးသပ်ရေးအဖွဲ့တို့၏သက်တမ်းကို တစ်နှစ်ထပ်မံတိုးမြှင့်သည်။




ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပစဉ်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသည် ယနေ့မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ပြီးမြောက်ခဲ့သည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးတမ်းစသည့် တိုင်းရင်းသားရေးရာကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိ


ဒုတိယဝန်ကြီး ဦးလှမော်ဦး


ကယားပြည်နယ် မဲဆန္ဒနယ် အမှတ် (၉) မှ ဦးစိုးသိန်း


နေပြည်တော်ကောင်စီဝင် ဦးညီထွန်း


ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၁) မှ ဦးငွန်ပေး

**နေပြည်တော် ဇန်နဝါရီ ၃၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရှေ့မှောက်၌ ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုး ကြသည်။

ထို့နောက် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း ၏ **ကယားပြည်နယ်အတွင်းနေထိုင်ကြသည့် ယင်းဘော်၊ ဂေခို၊ ဂေဘား၊ ယင်းတလဲ၊ ဇယိမ်းလူမျိုးစုများအား အင်အားမလျော့နည်းမပပျောက်သွားအောင် တတ်နိုင်သည့်ဘက်မှ ကူညီပံ့ပိုးပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦးက ကယားပြည်နယ်တွင် ကယား၊ ကယန်း၊ ကယော၊ ဂေဘားစသည့် တိုင်းရင်းသား ဘာသာများ သင်ကြားပေးလျက်ရှိပြီး ကယားပြည်နယ်တွင် နေထိုင်နေသည့် အခြားသော ယင်းဘော်၊ ဂေခို၊ ယင်းတလဲ၊ ဇယိမ်းလူမျိုးစုများအနေဖြင့်လည်း တိုင်းရင်းသားဘာသာများသင်ကြားနိုင်ရန်အတွက် ၎င်းတို့ကိုယ်တိုင် စာပေနှင့် ယဉ်ကျေးမှုအသင်းများ ဖွဲ့စည်းဆောင်ရွက်မည်ဆိုပါက မိမိတို့အနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေများ အသိပညာပေးခြင်း၊ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက် ဆန်းစစ်စီမံခြင်းအား ပြည်နယ် အတွင်း (၆) ကြိမ် ဆောင်ရွက်နိုင်ရေးလျာထားပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ယင်းဘော်၊ ဂေခို၊ ဂေဘား၊ ယင်းတလဲ၊ ဇယိမ်းလူမျိုးစုများအများဆုံး နေထိုင်ကြသည့် ဒေသများတွင် ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ထို့ပြင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသား လူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစသည့် တိုင်းရင်းသားရေးရာကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိသည့် နည်းတူ အခြားသော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ သက်ဆိုင်ရာ ကဏ္ဍ များအလိုက် တိုင်းရင်းသား လူမျိုးများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးစသည်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များကလည်း သက်ဆိုင်ရာ တိုင်းဒေသ ကြီး/ ပြည်နယ်များရှိ တိုင်းရင်းသားလူမျိုးများအတွက် တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

## မွန်ပြည်နယ် ငါးလုပ်ငန်းသင်တန်းကျောင်း (သထုံ) တွင် သင်တန်းသားအိပ်ဆောင်၊ ထမင်းစားဆောင်များကို သီးခြားဆောက်လုပ်ပေးရန် အစီအစဉ်မရှိ

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) မှ ဒေါက်တာဇော်လင်းထွဋ် ၏ **မွန်ပြည်နယ် ငါးလုပ်ငန်းသင်တန်းကျောင်း(သထုံ)တွင် လိုအပ်လျက်ရှိသော သင်တန်းသားအိပ်ဆောင် တစ်ဆောင်နှင့် ထမင်းစားဆောင် တစ်ဆောင်တို့အား လာမည့် ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးလှကျော်က လက်ရှိအခြေအနေတွင် ဖွင့်လှစ်သည့် သင်တန်းများ အနေဖြင့် ရက်တိုသင်တန်းများဖြစ်ပြီး သင်တန်းသားဦးရေအရလည်း သီးခြား သင်တန်းသားအိပ်ဆောင်နှင့် ထမင်းစားဆောင်များ ထပ်မံဆောက်လုပ်ရန် မလိုအပ်သေးသည့် အခြေအနေဖြစ်ပါကြောင်း၊ ထို့ကြောင့် လက်ရှိသင်တန်း ပို့ချပေးလျက်ရှိသည့် အခြေအနေများအရ မွန်ပြည်နယ် ငါးလုပ်ငန်းသင်တန်း ကျောင်း (သထုံ) တွင် သင်တန်းသားအိပ်ဆောင်၊ ထမင်းစားဆောင်များကို သီးခြားဆောက်လုပ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးငွန်ပေး၏ **ချင်းပြည်နယ် ဟားခါးမြို့ ရေရရှိရေး သီမစ်ချောင်းမှ ရေသွယ်ရေးစီမံကိန်း၏ နောက်ဆုံးအခြေအနေ၊ ဟားခါးမြို့ မြို့မဈေးတည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ၂၀၁၅ခုနှစ် ဟားခါးမြို့ မြေပြိုမှုကြောင့် သဘာဝအလှများနှင့် သစ်တောများပျက်စီးသွားသော RUNG တောင် ပြန်လည်ထိန်းသိမ်းသည့် အစီအစဉ်တို့အား သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက ချင်းပြည်နယ် ဟားခါး မြို့တွင်း ရေပေးဝေရေးလုပ်ငန်း ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ဟားခါးမြို့ ရေပေးဝေရေးလုပ်ငန်းကြီးကြပ်မှုကော်မတီနှင့် အကောင်အထည် ဖော်ရေးကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်း ရေပေးဝေရေးလုပ်ငန်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ရာတွင် အုပ်စု ၁၂ ခု (A,B,C,D,E,F,G,H,I,J,K,L) ရှိသည့်အနက် ချင်းပြည်နယ် စည်ပင်သာယာ ရေးအဖွဲ့၏ ၂၀၁၈ – ၂၀၁၉ဘဏ္ဍာရေးနှစ် အထွေထွေပိုလျှံရန်ပုံငွေကျပ်သန်း ၂၂၀ ဖြင့် အုပ်စု ၁၂ ခုအတွက် Survey တိုင်းတာခြင်းပြုလုပ်ခဲ့ပြီး အုပ်စု ငါးခုဖြစ်သည့် (G,I,J,K,L) တွင် ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်မှုပြီးစီးပြီး ဖြစ်ပါကြောင်း၊ အုပ်စု (H) တွင် ရေပိုက်နှင့် ပိုက်ဆက်ပစ္စည်းများအနက် ခြောက် လက်မ ဂျီအိုင်ပိုက်ဝယ်ယူခြင်းလုပ်ငန်းမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးခဲ့ပါ ကြောင်း။

၂၀၁၉ – ၂၀၂၀ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း ၂၂၀ ဖြင့် အုပ်စု (H,D,E) သုံးခုအတွက် လုပ်ငန်းဆောင်ရွက်ရာတွင် ၂၀၁၉ခုနှစ် ဒီဇင်ဘာ ၆ ရက်အထိ လုပ်ငန်း၏ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးသည်ကို တွေ့ရှိ ရပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့် အုပ်စု(A,B,C,F) တို့တွင် လိုအပ်လျက်ရှိသည့် ငွေကျပ်သန်းပေါင်း ၅၃၇ ဒသမ ၇၀ အား ပြည်နယ် အထွေထွေရန်ပုံငွေ (သို့မဟုတ်) ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံပြီး လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ချင်းပြည်နယ် ဟားခါးမြို့ ပြည်တော်သာဈေးသစ် တည်ဆောက်ခြင်း လုပ်ငန်းနှင့် ပတ်သက်၍ ပေ (၁၂၈ x ၆၀) လေးထပ် အဆောက်အဦကို အဆောက်အဦ ဦးစီးဌာန အထူးအဖွဲ့ (၉) မှ တာဝန်ယူ၍ ဆောင်ရွက်လျက် ရှိပြီး ၂၀၁၈ခုနှစ် အောက်တိုဘာ ၁ ရက်မှ လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၉ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိ လုပ်ငန်းအားလုံး၏ ၉၉ ဒသမ ၄၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပါကြောင်း၊ ရုန်းတောင် ပြန်လည်ထိန်းသိမ်းသည့် အစီ အစဉ်နှင့် ပတ်သက်၍ ချင်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာရေး နှစ်တွင် ပြည်ထောင်စုသီးသန့်ရန်ပုံငွေကျပ် ၃၆၆ ဒသမ ၅၁၆ သန်းဖြင့် ရုန်းတောင်(တော်လှန်ရေးရေကန်) ပြုပြင်ခြင်းလုပ်ငန်းများဖြစ်သည့် ကန်အတွင်း ပြန်လည်တူးဖော်ခြင်းနှင့် တာပေါင်ဖို့ခြင်း၊ တာပေါင်ရိုးကျောက်စီခြင်း၊ ကျောက်စီ မြေထိန်းနံရံ ပြုလုပ်ခြင်းနှင့် ရေတံခါးအဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း များကို ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၈ – ၂၀၁၉ဘဏ္ဍာရေးနှစ်တွင်လည်း ပြည်နယ်ရန်ပုံငွေကျပ် ငါးသန်းဖြင့် ရုန်းတောင် (တော်လှန်ရေးကန်) အတွင်း နုန်းဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက် ခဲ့ပါကြောင်း၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ နှစ်စဉ် ဇွန်နှင့် ဇူလိုင်လများတွင် သစ်ပင်များစိုက်ပျိုးခြင်း၊ တော်လှန်ရေးရေကန်ဟောင်းများတွင် စည်ပင်သာယာ ရေးအဖွဲ့ပိုင် ပန်းခြံတည်ဆောက်ခြင်း၊ ဟားခါးမြို့နယ် စည်ပင်သာယာရေး အဖွဲ့၏ ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းငွေကျပ် ၁၇ ဒသမ ၅ သန်းဖြင့် တော်လှန်ရေးရေကန် အထက်ပန်းဥယျာဉ်ပြုလုပ်ခြင်းကို စစ်မှုထမ်း ဟောင်းအဖွဲ့မှလည်းကောင်း၊ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၂၈ ဒသမ ၅ သန်းဖြင့် တော်လှန်ရေးရေကန် ပန်းခြံတည်ဆောက်ခြင်းနှင့် သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်း များကို မေတ္တာအဏ္ဏဝါကုမ္ပဏီမှလည်းကောင်း တာဝန်ယူဆောင်ရွက်လျက် ရှိပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့၏ ကိုယ်စားဖြေကြားသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးတင်ဝေ၏ **တနင်္သာရီ တိုင်းဒေသကြီး မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာအုပ်စုတွင် မြေယာ လျော်ကြေးတစ်စုံတစ်ရာမပေးဘဲ VANTAGE Co.,Ltd သို့ ပုစွန်ကန်များ အပြီးအပိုင် လွှဲပြောင်းရောင်းချခဲ့သည့် မြိတ်မြို့ ငါးလုပ်ငန်းဦးစီးဌာန၏ ဆောင်ရွက်မှုများအား သိရှိလိုသည့်မေးခွန်း**နှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) မှ ဦးလှဦး၏ **မြန်မာနိုင်ငံ၌ ယခင်က "ဝါ" အကြီးအကျယ် စိုက်ပျိုးထွက်ရှိခဲ့သော ဒေသများတွင် ဝါခင်းများ ပြန်လည်စိုက်ပျိုးထုတ်လုပ် စေပြီး အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများ အစဉ်တစိုက် အသုံးပြု ဆောင်ရွက်နိုင်ရန် အမျိုးသားရေးမူဝါဒအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်း**တို့နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁) မှ ဒေါက်တာဝင်းမြင့်၏ **ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့တွင် မြို့နယ်ခန်းမ (Community Center) တစ်ခုဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်း က လည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

## တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာဖတ်ကြား

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးလားလ် မင်းထန် က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြား ရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး က **၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း** အား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းရာ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၈) မှ ဒေါက်တာခင်မကြီးက ထောက်ခံ ကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က အဆိုပါ ပြင်ဆင်သည့် ဥပဒေ ကြမ်းအား လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်းကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ဖေဖော်ဝါရီ ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

---

*စာမျက်နှာ ၇ မှ*

စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ **ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီးဝ ရေအားလျှပ်စစ်စက်ရုံမှ မကြာခဏ ပျက်နေသော ဂျင်နရေတာ အမှတ်(၁) အား အသစ်တပ်ဆင်ခြင်း သို့မဟုတ် အမြန်ပြင်ဆင်ပေးခြင်း ပြုလုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ်၏ **အင်ပင်မြို့တွင် လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းကလည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှပေးပို့သော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများနှင့် တိုင်းဒေသ ကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုအပေါ် ပြင်ဆင်ချက်တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြု

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက တင်သွင်းသည့် **အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများ**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ထားသည့် အချက် ၁၃ ချက်ကို ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက အဆိုတင်သွင်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာနနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတို့၏ သဘောထားရယူပြီး လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယင်းနောက်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများ** တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် နည်းဥပဒေ၊ နည်းဥပဒေခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်၏သဘောထားရယူရာ သဘောမတူသူ မရှိသည့် အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ဖေဖော်ဝါရီ ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# (၇၂)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း

*ယမန်နေ့မှအဆက်*

**အာဂုံပြန်အောင်စာရင်း**

**အဘိဓမ္မပိဋက အဘိဓမ္မာပထမပိုင်း ငါးကျမ်းအာဂုံအောင်**

**မူလအာဘိဓမ္မိက (၁)ပါး**

၁။ ပလ္လင်အမှတ်(၃) အရှင်ခေမာနန္ဒာလင်္ကာရ၊ အသက် (၃၆) နှစ်၊ သိက္ခာ (၁၆) ဝါ၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ အောင်ချမ်းသာရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

**သုတ္တန္တပိဋက၊ ဒီဃနိကာယ် သုံးကျမ်းအာဂုံအောင်**

**ဒီဃဘာဏက (၄)ပါး**

၁။ ပလ္လင်အမှတ် (၄) အရှင်ဥတ္တမ (ခတ်ချို၊ အသက် (၄၂) နှစ်၊ သိက္ခာ (၂၂) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၅) အရှင်စန္ဒသိရီ၊ အသက် (၄၀) နှစ်၊ သိက္ခာ (၂၀) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၉) အရှင်စန္ဒဇောတိ၊ အသက် (၃၅) နှစ်၊ သိက္ခာ (၁၅) ဝါ၊ ရွှေတောင်ဦး တိပိဋကဓမ္မပါလမဟာဝိဟာရ ကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး (ဝိသိဋ္ဌ)

၄။ ပလ္လင်အမှတ် (၁၁) အရှင်သောဘန၊ အသက် (၃၂) နှစ်၊ သိက္ခာ (၉) ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းအာဂုံအောင်**

**ဝိနယဓရ (၂၄) ပါး**

၁။ ပလ္လင်အမှတ် (၂၃) အရှင်ကေသဝ၊ အသက် (၃၄) နှစ်၊ သိက္ခာ (၁၄) ဝါ၊ တိပိဋကစုဆန်းလီစာသင်တိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၂၅) အရှင်သုမန၊ အသက် (၃၄) နှစ်၊ သိက္ခာ (၁၄) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၂၇) အရှင်တေဇောသာရ၊ အသက် (၃၄) နှစ်၊ သိက္ခာ (၁၃) ဝါ၊ တိပိဋကစုဆန်းလီစာသင်တိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၂၈) အရှင်ဩဘာသာလင်္ကာရ၊ အသက် (၃၄) နှစ်၊ သိက္ခာ (၁၃) ဝါ၊ တိပိဋက မဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၂၉) အရှင်ကောဝိဒ (မွန်)၊ အသက် (၃၁) နှစ်၊ သိက္ခာ (၁၂) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ် (၃၆) အရှင်ပညာသာရာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ (၁၁) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၇။ ပလ္လင်အမှတ် (၃၇) အရှင်ပညာသိရီလင်္ကာရ၊ အသက် (၃၂) နှစ်၊ သိက္ခာ (၁၀) ဝါ၊ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ပလ္လင်အမှတ် (၃၈) အရှင်နေမိန္ဒာလင်္ကာရ၊ အသက် (၃၂) နှစ်၊ သိက္ခာ (၁၀) ဝါ၊ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ပလ္လင်အမှတ် (၄၁) အရှင်ကောသလ္လ၊ အသက် (၃၀) နှစ်၊ သိက္ခာ (၉) ဝါ၊ ရွှေတောင်ဦး တိပိဋကဓမ္မပါလမဟာဝိဟာရ ကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၀။ပလ္လင်အမှတ် (၄၃) အရှင်ကေသရ(ရွှေဆိပ်မြေ)၊ အသက်(၃၀)နှစ်၊ သိက္ခာ (၉) ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး **(အထူးအောင်)**

၁၁။ ပလ္လင်အမှတ် (၄၉) အရှင်တိက္ခဉာဏာလင်္ကာရ၊ အသက် (၂၈) နှစ်၊ သိက္ခာ (၇) ဝါ၊ ရွှေတောင်ဦးတိပိဋကဓမ္မပါလ မဟာဝိဟာရ ကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၂။ ပလ္လင်အမှတ် (၅၄) အရှင်ဝိလာသ၊ အသက် (၂၆) နှစ်၊ သိက္ခာ (၆) ဝါ၊ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ပလ္လင်အမှတ် (၆၄) အရှင်ဝရဉာဏ၊ အသက် (၃၅) နှစ်၊ သိက္ခာ (၁၅) ဝါ၊ ဝင်းစိန်ကံ့ကော်ကျောင်းတိုက်၊ သထုံမြို့၊ မွန်ပြည်နယ်

၁၄။ ပလ္လင်အမှတ် (၆၆) အရှင်အဂ္ဂဝံသာလင်္ကာရ၊ အသက် (၃၄) နှစ်၊ သိက္ခာ (၁၃) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်

၁၅။ ပလ္လင်အမှတ် (၆၇) အရှင်နန္ဒိယ(နတ်မောက်)၊ အသက်(၃၃)နှစ်၊ သိက္ခာ (၁၃) ဝါ၊ တိပိဋကစုဆန်းလီစာသင်တိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ပလ္လင်အမှတ် (၆၉) အရှင်ဇဋိလ၊ အသက် (၃၂) နှစ်၊ သိက္ခာ (၁၂) ဝါ၊ ရွှေတောင်ဦး တိပိဋကဓမ္မပါလ မဟာဝိဟာရ ကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၇။ ပလ္လင်အမှတ် (၇၃) အရှင်သုဂန္ဓာလင်္ကာရ၊ အသက် (၃၅) နှစ်၊ သိက္ခာ (၁၂) ဝါ၊ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ပလ္လင်အမှတ် (၈၂) အရှင်ဣန္ဒာစာရ၊ အသက် (၃၁) နှစ်၊ သိက္ခာ (၁၁) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၉။ ပလ္လင်အမှတ် (၈၃) အရှင်သိရီဓဇ၊ အသက် (၃၁) နှစ်၊ သိက္ခာ (၁၁) ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၀။ ပလ္လင်အမှတ် (၉၁) အရှင်နေမိန္ဒ (အရာတော်)၊ အသက် (၃၅) နှစ်၊ သိက္ခာ (၁၀) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၁။ ပလ္လင်အမှတ် (၉၄) အရှင်ပုညာနန္ဒ၊ အသက် (၃၀) နှစ်၊ သိက္ခာ (၉) ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၂။ ပလ္လင်အမှတ် (၉၉) အရှင်စန္ဒာဝရ၊ အသက် (၂၈) နှစ်၊ သိက္ခာ (၈) ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

*ဆက်လက်ဖော်ပြပါမည်*

# ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ မြို့နယ်များ၌ ဆောင်ရွက်



ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအဖြစ် ကျန်းမာရေးစစ်ဆေးမှုကို ပူတာအိုလေဆိပ်၌ ဆောင်ရွက်နေစဉ်။ ဖုန်ကန် (ပူတာအို)

**ဗန်းမော်**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့သည် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ နယ်နိမိတ်ခြင်းထိစပ်နေသော နယ်စပ်မြို့ဖြစ်သည်နှင့်အညီ ဝူဟန်ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ခရိုင်ကြီးကြပ်ရေးအဖွဲ့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ဗန်းမော်ခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းသန့်၊ ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယခရိုင်ရဲမှူးစိုးသန်းနှင့် ဗန်းမော်ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးမျိုးတင့်တို့ပါဝင်သော အဖွဲ့သည် ဇန်နဝါရီ ၃၀ ရက်က လွယ်ဂျယ်မြို့သို့ ရောက်ရှိပြီး လွယ်ဂျယ်မြို့ နယ်စပ်စစ်ဆေးရေး ဂိတ်အမှတ် (၁) နှင့် အမှတ်(၂)တို့၌ ဝင်/ထွက်သွားလာသည့် ခရီးသွားပြည်သူများအား ကျန်းမာရေးစစ်ဆေးဆောင်ရွက်နေမှုကို ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။

**ကိန်းဖြူ(ပြန်/ဆက်)**



လွယ်ဂျယ်မြို့၌ ခရီးသွားပြည်သူများအား ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကျန်းမာရေးစစ်ဆေးဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ကြီးကြပ်မှာကြားစဉ်။



**ဖားကန့်**

ကချင်ပြည်နယ် ဖားကန့်မြို့၌ ကိုရိုနာဗိုင်းရပ်စ်နှင့် သက်ဆိုင်သော ကျန်းမာရေး အသိပညာပေး ဗီနိုင်းပိုစတာများအား လူစည်ကားရာနေရာများတွင် ပြသခြင်းကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်ကျန်းမာရေး အထောက်အကူပြုကော်မတီတို့ ပူးပေါင်း၍ ယမန်နေ့က ဆောင်ရွက်ကြောင်း၊ ဆက်လက်၍ လူအများနှင့်ဆက်ဆံရသည့် ဌာနဆိုင်ရာများ၊ အခြေခံပညာစာသင်ကျောင်းများ၊ စားသောက်ဆိုင်များ၊ ဈေးများ၊ ကားဂိတ်များနှင့် ရပ်ကွက်ကျေးရွာများတွင် အသိပညာပေး ဗီနိုင်းပိုစတာများ၊ အသိပညာပေးလက်ကမ်းစာစောင်များကို ဆက်လက်၍ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)

**တာလင်းမောင် (ပြန်/ဆက်)**

# ICJ ၏ ကြားဖြတ်စီမံဆောင်ရွက်ချက် ချမှတ်ခြင်းဆိုင်ရာ အတွေ့အကြုံများ စကားဝိုင်းကျင်းပ

သတင်းအဖွဲ့

ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice – ICJ) ၌ တရားစွဲဆိုလျှောက်ထားမှုကို ဇန်နဝါရီ ၂၃ ရက်တွင် ကြားဖြတ်စီမံဆောင်ရွက်ချက် (Provisional Measures) အဖြစ် အချက် (၄) ချက် ချမှတ်ခဲ့သည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ဇန်နဝါရီ ၂၈ ရက် ညပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ICJ ၏ ကြားဖြတ်စီမံဆောင်ရွက်ချက် ချမှတ်ခြင်းဆိုင်ရာ အတွေ့အကြုံများ စကားဝိုင်းကို ထုတ်လွှင့်ခဲ့သည်။

ယင်းစကားဝိုင်းတွင် ဦးဆောင်ဆွေးနွေးသူအဖြစ် ဦးကိုကို(စက်မှုတက္ကသိုလ်)က ဆောင်ရွက်ပြီး ICJ တွင် ကြားဖြတ်စီမံဆောင်ရွက်ချက်ချမှတ်ခြင်းနှင့် စပ်လျဉ်း၍ တက်ရောက်ခဲ့ကြသည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ (ပူးတွဲကိုယ်စားလှယ်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါက်တာသီတာဦး (အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)၊ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချမ်းအေး (အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)၊ ဝါရှင်တန်ဒီစီအခြေစိုက် Law Firm တွင် ရှေ့နေအဖြစ် လုပ်ကိုင်ခဲ့ဖူးသူ၊ ဥပဒေရေးရာအကြံပေးအဖွဲ့ဝင် ဦးကျော်တင် (အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့) တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

ICJ ၏ ကြားဖြတ်စီမံဆောင်ရွက်ချက်ချမှတ်ခြင်းဆိုင်ရာ အတွေ့အကြုံများစကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသူများ၏ ဆွေးနွေးချက်များကို ဖော်ပြလိုက်ပါသည် –



ပြည်ထောင်စုဝန်ကြီး
ဦးကျော်တင့်ဆွေ



ဒေါက်တာသီတာဦး၊ အမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုရှေ့နေချုပ်ရုံး



ဦးချမ်းအေး၊ ညွှန်ကြားရေးမှူးချုပ်
နိုင်ငံခြားရေးဝန်ကြီးဌာန



ဦးကျော်တင်
ဥပဒေရေးရာအကြံပေးအဖွဲ့ဝင်



ဦးကိုကို
(စက်မှုတက္ကသိုလ်)

(ယမန်နေ့မှ အဆက်)

**ဦးကိုကို ။** ။ ဒီချမှတ်ခဲ့တဲ့ Provisional Measures အနေနဲ့ ဆက်စပ်ပြီး ပြောဆိုနေတာတွေကို ကျွန်တော်ကြားပါတယ်။ ဘာပြောသလဲဆိုတော့ အဲဒီလိုမျိုးလုပ်လိုက်တဲ့အတွက်ကြောင့် ဥပမာ ကျွန်တော်တို့က လိုအပ်လာလို့ တရားဥပဒေစိုးမိုးရေးကိစ္စတွေ ဆောင်ရွက်ရမယ့် ကိစ္စတွေရှိလာမယ်။ နောက်ပြီး ARSA ကဲ့သို့သော အကြမ်းဖက်ကိစ္စတွေကို တုံ့ပြန်ရမယ့် ကိစ္စတွေရှိလာရင် Provisional Measures တွေ လိုက်နာရတဲ့အတွက်ကြောင့် ဘာမှလုပ်လို့ မရတော့ဘူး၊ ဒို့ခြေထောက်တွေကို ဒို့ချုပ်လိုက်သလိုဖြစ်တယ်ဆိုပြီး ပြောဆိုသုံးသပ်နေတာလည်း ရှိပါတယ်။ ဘာမှလုပ်လို့ မရဘူး၊ သူတို့လုပ်သမျှ ဒို့ကခံလိုက်ဆိုပြီး ပြောတာတွေရှိပါတယ်။ အဲဒါတွေနဲ့ ဆက်စပ်ပြီး ဆရာဦးချမ်းအေးက အဖွဲ့ဝင်တစ်ယောက်အနေနဲ့ ဆရာရဲ့ ယူဆချက်လေးနဲ့ ဆွေးနွေး သုံးသပ်ပေးပါဦးခင်ဗျာ။

**ဦးချမ်းအေး ။** ။ ဟုတ်ကဲ့၊ အဲဒါတွေက မမှန်ပါဘူး။ ဒီဟာတွေက သတင်းမှားပေးသလို ဖြစ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုရင် Genocide Convention အပါအဝင် နိုင်ငံတကာစာချုပ် တော်တော်များများရဲ့ အကျုံးဝင်မှုက သက်ဆိုင်ရာနိုင်ငံမှာရှိတဲ့ နိုင်ငံသားတွေတင် မကဘူး။ အဲဒီမှာရှိတဲ့ နေထိုင်တဲ့ လူတွေအားလုံးအပေါ်မှာ အကျုံးဝင်ပါတယ်။ နောက်ပြီး သက်ဆိုင်ရာနိုင်ငံက အစိုးရကလည်း သူတို့အပေါ်မှာ အကာအကွယ်ပေးဖို့၊ နိုင်ငံသားတင်မကဘူး၊ နေထိုင်တဲ့သူတွေအားလုံးကို အကာအကွယ်ပေးဖို့ တာဝန်ရှိပါတယ်။

တစ်ဖက်မှာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုအနေနဲ့ မိမိအချုပ်အခြာအာဏာကို ကာကွယ်တာအပါအဝင် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးကိစ္စတွေကို ဆောင်ရွက်ခွင့်ရှိပါတယ်။ သက်ဆိုင်ရာနိုင်ငံရဲ့ ဥပဒေနဲ့အညီ ဆောင်ရွက်ခွင့်ရှိပါတယ်။ ခုနကတုန်းက မိမိကိုယ်တိုင် လိုလိုလားလားနဲ့ ပါဝင်ထားတဲ့ စာချုပ်၊ နိုင်ငံတကာစာချုပ်တွေမှာလည်း လိုက်နာရမယ့် တာဝန်တွေရှိတယ်ဆိုတော့ ဒီဟာနှစ်ခုက မျှမျှတတသွားနေတာပါ။ ဒီနေရာမှာ Provisional Measures ကို ခုနတုန်းကပြောတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ ကိုယ့်ရဲ့နိုင်ငံကို ကာကွယ်ဖို့အတွက်၊ ပြည်သူတွေကို ကာကွယ်ဖို့အတွက် မလုပ်ရဘူးဆိုတာ တစ်ချက်မှ မပါပါဘူး။ ဒါကြောင့် ARSA အပါအဝင် အကြမ်းဖက်တိုက်ခိုက်မှုတွေကို တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ပိုင်ခွင့်တွေ ရှိပါတယ်။ ဒါကြောင့် ခုနကတုန်းက သတင်းမှားပေးတဲ့ပုံစံတွေကို တွေ့ရပါတယ်။

**ဦးကျော်တင့်ဆွေ ။** ။ အဲဒါနဲ့ ပတ်သက်လို့ သတင်းမှားပေးတာ၊ ရည်ရွယ်ချက်မရှိဘဲနဲ့ သတင်းမှားကို ပြောမိတယ်ဆိုရင် ပြန်လေ့လာပြီး ဒါမျိုးကိုမပြောကြဖို့ မေတ္တာရပ်ခံချင်ပါတယ်။ ရည်ရွယ်ချက်နဲ့ ပြောတယ်ဆိုရင်လည်း ဒါလုံးဝပြောသင့်တဲ့ကိစ္စ မဟုတ်ဘူးဆိုတာကို ကျွန်တော့်အနေနဲ့ သုံးသပ်တင်ပြချင်ပါတယ်။ ဘယ်နိုင်ငံကမှ ကိုယ့်ရဲ့အချုပ်အခြာအာဏာအရ ကိုယ့်ပြည်သူကို ကာကွယ်ရမယ့်အချက်တွေကို မလုပ်ရဘူးလို့ ဘယ်နိုင်ငံကို ပြောလို့ရမလဲ၊ အဲဒီအချက်တွေပါတဲ့ စာချုပ်မျိုးဆိုရင် နိုင်ငံတကာက ဘယ်နိုင်ငံကမှ ဝင်မှာမဟုတ်ပါဘူး။

အထူးသဖြင့် ပြည်သူတွေကို မမှန်ကန်တဲ့အချက်တွေနဲ့ ကြောက်လန့်အောင်လုပ်မယ်ဆိုရင် အစိုးရကိုထိခိုက်မှာ မဟုတ်ပါဘူး။ တပ်မတော်ကို ထိခိုက်မှာ မဟုတ်ဘူး။ တကယ်ထိခိုက်မယ့်ကိစ္စက နိုင်ငံကို ထိခိုက်မှာပါ။ ဘယ်သူ့ကို ရည်ရွယ်ပြီး ပြောသည်ဖြစ်စေ၊ ဒီကိစ္စဟာ သစ္စာရှိတဲ့ ပြည်သူပြည်သား တစ်ယောက်အနေနဲ့ မလုပ်ဆောင်ရမယ့်ကိစ္စ ဖြစ်ပါတယ်။ စေတနာမှန်မှန်နဲ့ မှားတယ်ဆိုရင်လည်း မမှားအောင်ပြန်ပြီးလေ့လာကြပါလို့ တိုက်တွန်းချင်ပါတယ်။ ရည်ရွယ်ချက်နဲ့ ပြောတာမျိုးဆိုရင် မပြောသင့်ပါဘူးဆိုတာကို ကျွန်တော့်အနေနဲ့ အလေးအနက်ထားပြီး တိုက်တွန်းပါတယ်။

**ဦးကိုကို ။** ။ ကျွန်တော်တို့ဆွေးနွေးပွဲက တော်တော်ပြည့်ပြည့်စုံစုံလေး ဖြစ်သွားတော့ နောက်ဆုံးအနေနဲ့ ဆရာမဒေါက်တာဒေါ်သီတာဦးက အခုဆွေးနွေးတာတွေအပြင် ဆရာမအနေနဲ့ သီးခြားပြောစရာရှိရင်လည်း ပြောပေးပါ၊ သတင်းအချက်အလက် ပေးစရာရှိတာလည်းပေးပါ။

**ဒေါက်တာသီတာဦး ။** ။ ကျွန်မတို့ကို ကြားဖြတ်စီမံဆောင်ရွက်ချက် ချမှတ်ခဲ့တဲ့ ICJ ရဲ့ဆုံးဖြတ်ချက် တစ်ပိုဒ်ထဲတင်မကပါဘူး။ တစ်ပိုဒ်ထက်ပိုပြီး အဓိကဖော်ပြထားတာက Provisional Measures ချမှတ်ခြင်းဟာ နောင်တကယ်ရင်ဆိုင်မယ့် အမှုရဲ့စီရင်ပိုင်ခွင့် ရှိခြင်း/ မရှိခြင်း၊ Genocide ကျူးလွန်မှု ရှိခြင်း/မရှိခြင်း၊ နောက်ပြီး တရားရုံးက လက်ခံဆောင်ရွက်ပိုင်ခွင့် ရှိခြင်း/မရှိခြင်း၊ ကျိုးကြောင်းဆီလျော်တဲ့ ဆင်ခြင်သုံးသပ်ချက်တွေနဲ့ မဆိုင်ဘူး။ ဒါတွေကို PreJudge လုပ်တာ မဟုတ်ဘူး။ Provisional Measures ချတာက အထူးသဖြင့် အပိုဒ် ၈၅ မှာ ဖော်ပြထားပါတယ်။ ဒါလေးကို အားလုံးကသိထားပြီး ခုနက ပြည်ထောင်စုဝန်ကြီး အမိန့်ရှိသလို နိုင်ငံနဲ့ Genocide ဆိုတဲ့ နာမည်ကြီးတွဲပြီး သမိုင်းမှာ တင်ကျန်မရစ်ခဲ့ဖို့က ကျွန်မတို့အားလုံးရဲ့ အဓိကအရေးကြီးတဲ့ အချက်ပါ။

ဒါကို ကျွန်မတို့က တူညီတဲ့ရည်ရွယ်ချက်နဲ့ တစ်ယောက်နဲ့ တစ်ယောက်လည်း ဝိဝါဒမကွဲပြားဘဲနဲ့ ပူးပေါင်းပြီး ဒီအချက်ကို သမိုင်းမှာ တွင်မကျန်ရစ်ခဲ့ရအောင်ကြိုးစားဖို့ အဓိကတာဝန်ရှိတယ်လို့ ပြောချင်ပါတယ်။ ကျွန်မတို့ ဥပဒေသမားတွေက စာဖတ်ရင် စာတစ်လုံးချင်း၊ တစ်ကြောင်းချင်းရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ရဲ့ အတိမ်အနက်ကို ဖတ်တတ်ပါတယ်။ Provisional Measures ချတဲ့ ၄ ချက်ရဲ့ တစ်လုံးချင်း၊ တစ်ကြောင်းချင်းကို ဖတ်ကြည့်ပါလို့ ကျွန်မက တိုက်တွန်းချင်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ အဲဒီတစ်ကြောင်းချင်း၊ တစ်လုံးချင်းဟာ နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးထားခြင်း မရှိပါဘူး။ လိုက်နာဆောင်ရွက်ရမယ့် ကိစ္စတွေကို Convention ပါ တာဝန်ရှိမှုတွေကို လိုက်နာဆောင်ရွက်ပါလို့ တိုက်တွန်းထားတာကို ကျွန်မတို့က လိုက်နာဆောင်ရွက်မှုတွေ၊ လိုက်နာဆောင်ရွက်ဖို့ လိုတာတွေကို ပေထက်အက္ခရာတင်ပြီး တရားဝင်တင်ပြဖို့ဆိုတဲ့ အဓိပ္ပာယ်ပဲ တွေ့ရပါတယ်။ အဲဒါကို ပြည်သူတွေကိုရော အားလုံးကို ကျွန်မက လေးလေးနက်နက် တိုက်တွန်းချင်တာရှိပါတယ်။ ကျွန်မတို့အနေနဲ့ ပြည်သူက ပူးပေါင်းပါဝင်ရမယ်ဆိုတဲ့ ကိစ္စတွေက တစ်ယောက်နဲ့ တစ်ယောက် မလိုမုန်းထားတာတွေ၊ တစ်ယောက်နဲ့ တစ်ယောက် ရန်ငြိုးပွားစေမယ့် အတိုက်အခံစကားလုံးတွေ၊ လူမှုကွန်ရက်တွေမှာ ပြောဆိုခြင်းမရှိဘဲနဲ့ အားလုံးက ပူးပေါင်းပြီး ကျွန်မတို့ရဲ့ တူညီတဲ့ရည်ရွယ်ချက်ကို သွားကြရအောင်လို့ ကျွန်မအနေနဲ့ ပြည်သူကို တိုက်တွန်းချင်ပါတယ်။

**ဦးကိုကို ။** ။ ဆရာမပြောတာ Provisional Measures ချမှတ်လိုက်ခြင်းကိစ္စက Main Case နဲ့ ဘာမှမဆိုင်ဘူး။ အကျိုးသက်ရောက်မှုမရှိဘူးဆိုတာ စကားလုံးအရ မတူဘူး။ ကျွန်တော် အဲဒီနေ့က Live ကို နားထောင်တော့ ဒီဟာကိုဖတ်ပြတဲ့ ဥက္ကဋ္ဌက နှစ်နေရာ၊ သုံးနေရာလောက်ကို ထပ်ခါတလဲလဲ ပြန်ပြောသွားတာကို ကြားလိုက်ပါတယ်။

**ဒေါက်တာသီတာဦး ။** ။ ဟုတ်ပါတယ်ရှင့်။ တစ်ပိုဒ်ထက်ပိုပြီး ပြောသွားပါတယ်။

**ဦးကိုကို ။** ။ ဆရာဦးကျော်တင်အနေနဲ့ ဘာများထပ်ပြီး ဆွေးနွေးချင်ပါသလဲ။

**ဦးကျော်တင် ။** ။ ကျွန်တော် နောက်ဆုံးအနေနဲ့ပြောချင်တာက အခုတလော Online မှာ တွေ့မိပါတယ်။ သတင်းအချက်အလက်တွေကို မှားပြောတာတို့၊ အလွဲသုံးလိုက်တာတို့၊ ဘာတို့ ကျွန်တော်တွေ့မိပါတယ်။ အခုပြောနေတဲ့ကိစ္စတွေက ဥပဒေပညာရှင်တွေပြောတာကို ကျွန်တော်တို့ မှီခိုပြီး ပြောတာပါ။ ကျွန်တော်တို့ရဲ့ အယူအဆကို ပြောတာမဟုတ်ပါဘူး။ သူတို့က တကယ့်ပညာရှင်တွေပါ။ ကျွန်တော် ပြောသလိုပဲ နှစ်(၇၀)ကျော် ICJ က ထူထောင်ထားတယ်။ ဒီကိစ္စဖြစ်မှ စပြီးဖတ်တဲ့သူအနေနဲ့ မသိနိုင်ပါဘူး။ ပညာရှင်တွေက နှစ်(၂၀)၊ နှစ်(၃၀) နေ့နေ့၊ ညည လေ့လာပြီး သုံးသပ်ထားတာကို မှီခိုပြီး Talk Show တွေမှာ ကျွန်တော်တို့က အဲဒီ Information အရ ပြောကြပါတယ်။ ဒါကြောင့် ပြည်သူလူထုကို မေတ္တာရပ်ခံချင်တာက Online မှာတွေ့တာတွေကိုလည်း သေသေချာချာသုံးသပ်ပြီးမှ ဒါကို ယုံကြည်စိတ်ချစွာ Trust လုပ်ပါဆိုပြီး မေတ္တာရပ်ခံချင်ပါတယ်။

**ဦးကိုကို ။** ။ ဆရာဦးချမ်းအေးရော ထပ်ပြီးဆွေးနွေးစရာ ရှိပါသလားခင်ဗျာ။

**ဦးချမ်းအေး ။** ။ ဒီကိစ္စက နိုင်ငံကိုဦးတည်ပြီးစွဲတဲ့ ကိစ္စပါ။ အဲဒါကြောင့် နိုင်ငံကိုယ်စား အစိုးရကလည်း Genocide မရှိခဲ့ပါဘူး။ မဖြစ်ခဲ့ပါဘူးဆိုတာကို ခုခံချေပပြီး၊ ရင်ဆိုင်ပြီး ဖြေရှင်းနေတာပါ။ ဖြေရှင်းတဲ့အခါမှာ ပြည်သူကလည်း ထောက်ခံဖို့ဆိုပြီးပြောတဲ့အပေါ်မှာ တချို့က ဝေဖန်တာတွေ တွေ့ရပါတယ်။

*စာမျက်နှာ ၁၁ သို့*

**“အထူးသဖြင့် ပြည်သူတွေကို မမှန်ကန်တဲ့အချက်တွေနဲ့ ကြောက်လန့်အောင်လုပ်မယ်ဆိုရင် အစိုးရကိုထိခိုက်မှာ မဟုတ်ပါဘူး။ တပ်မတော်ကိုထိခိုက်မှာ မဟုတ်ဘူး။ တကယ်ထိခိုက်မယ့်ကိစ္စက နိုင်ငံကိုထိခိုက်မှာပါ။ ဘယ်သူ့ကို ရည်ရွယ်ပြီး ပြောသည်ဖြစ်စေ၊ ဒီကိစ္စဟာ သစ္စာရှိတဲ့ ပြည်သူပြည်သားတစ်ယောက်အနေနဲ့ မလုပ်ဆောင်ရမယ့်ကိစ္စ ဖြစ်ပါတယ်။ စေတနာမှန်မှန်နဲ့ မှားတယ်ဆိုရင်လည်း မမှားအောင် ပြန်ပြီးလေ့လာကြပါလို့ တိုက်တွန်းချင်ပါတယ်။ ရည်ရွယ်ချက်နဲ့ ပြောတာမျိုးဆိုရင် မပြောသင့်ပါဘူးဆိုတာကို ကျွန်တော့်အနေနဲ့ အလေးအနက်ထားပြီး တိုက်တွန်းပါတယ်”**

# ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို အမျိုးသားလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ရက်**
**(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေနိဒါန်းပိုဒ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

“နိုင်ငံတော်သည် အလုပ်သမားများ၏ အခြေခံလိုအပ်ချက်များကို ပြည့်မီစေရေးအတွက် လည်းကောင်း၊ အလုပ်သမားများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်ရေးတို့အတွက် လည်းကောင်း၊ အလုပ်သမားဈေးကွက်တွင် မျှတစွာ ဖွံ့ဖြိုးစေရေးတို့အတွက် လည်းကောင်း ရည်ရွယ်၍ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။”

၂။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေအခန်း(၁) ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

**“အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်”**

၃။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“ဤဥပဒေကို ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။”

၄။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ(က)၏ ခြေဆင်းစကားရပ်နှင့် ပုဒ်မခွဲငယ်(၁)၊( ၃)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(က) **အလုပ်သမား** ဆိုသည်မှာ လုပ်ငန်းတစ်ခုခုတွင် လုပ်ကိုင်ရန် အလုပ်ရှင်နှင့် သဘောတူညီသည့်အလျောက် မိမိ၏ ကာယအား၊ ဉာဏအားကိုအသုံးပြုပြီး အချိန်ပိုင်းအလုပ်၊ ယာယီအလုပ်၊ အမြဲတမ်းအလုပ်ကိုအခကြေးငွေဖြင့် လုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုသူကို ဆိုသည်။ သို့ရာတွင် ဤဥပဒေသည် အောက်ပါပုဂ္ဂိုလ်များနှင့် သက်ဆိုင်ခြင်း မရှိစေရ-

(၁) အလုပ်ရှင်နှင့်အတူနေပြီး အလုပ်ရှင်၏ အလုပ်ကို လုပ်ကိုင်နေသည့် အလုပ်ရှင်၏ မိသားစုဝင်ဖြစ်သော ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘနှင့် ညီအစ်ကိုမောင်နှမ အရင်းများ၊

(၃) ဝန်ကြီးဌာနက အမိန့်ထုတ်ပြန်၍ သတ်မှတ်ထားသူများ၊”

(ခ) ပုဒ်မခွဲ(ခ)၏ ခြေဆင်းစကားရပ်နှင့် ပုဒ်မခွဲငယ်(၃)နှင့် (၅)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(ခ) **အလုပ်ရှင်** ဆိုသည်မှာ လုပ်ငန်းတစ်ခုခုအတွက် လိုအပ်သော လုပ်အားကို ရရှိစေရန် အလုပ်သမားအား နှစ်ဖက်သဘောတူညီချက်ဖြင့် အလုပ်လုပ်ခိုင်းပြီး အခကြေးငွေပေးရန် တာဝန်ရှိသူကိုဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါပုဂ္ဂိုလ်များလည်း ပါဝင်သည်-

(၃) အလုပ်ရှင်သေဆုံးသည့်အခါ လုပ်ငန်းကို တရားဝင်ဆက်ခံသူ သို့မဟုတ် ယင်း၏တရားဝင်ကိုယ်စားလှယ်၊

(၅) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရဖွဲ့စည်းတည်ထောင်သောကုမ္ပဏီများ၊ မှတ်ပုံတင်ထားသောကုမ္ပဏီများနှင့် ယင်းလုပ်ငန်းကို ကြီးကြပ်အုပ်ချုပ်သည့် ဒါရိုက်တာအဖွဲ့ဝင်များနှင့် အရာရှိများ၊

*(ဆက်လက်ဖော်ပြပါမည်)*

---

*စာမျက်နှာ ၁၀ မှ*

ဘယ်လိုဝေဖန်သလဲဆိုတော့ ပြည်သူက အစိုးရကို မျက်စိမှိတ်ပြီး ထောက်ခံရမလား။ ပြည်သူက အမှန်တရားဘက်ကပဲ ရပ်တည်သင့်တာပေါ့ဆိုပြီး ဝေဖန်တာတွေ ကြားရပါတယ်။

အစိုးရကလည်း မှန်မှန်ကန်ကန်ဖြစ်ဖို့၊ တရားမျှတမှုရှိဖို့ဆိုပြီး အကြီးအကဲတွေက ပြောဆိုနေတာတွေ ရှိပါတယ်။ ပြီးတော့ လုပ်ရပ်တွေကို ကြည့်မယ်ဆိုရင်တွေ့မယ်။ ဥပမာ လွတ်လပ်တဲ့စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့ခဲ့တာကို ကြည့်ရင်တွေ့မယ်။ ရည်ရွယ်ချက်ကို ကြည့်ရင်တွေ့မယ်။ စုံစမ်းစစ်ဆေးရေးကော်မရှင်က ထွက်ရှိလာတဲ့ အစီရင်ခံစာအပေါ်မှာ အစိုးရရဲ့ ရပ်တည်ချက်သဘောထားတွေ ကြည့်ရင်လည်း တွေ့မယ်။ အစိုးရက ပြည်တွင်းအစီအစဉ်နဲ့ ဆောင်ရွက်နေတဲ့အပေါ်မှာ မယုံကြည်မှုတွေ၊ လက်မခံတာတွေလည်း ရှိပါတယ်။ နိုင်ငံတကာရဲ့ဖိအားနဲ့ စွက်ဖက်ပြီး ဆောင်ရွက်ဖို့ ပြောဆိုနေတာတွေလည်း ရှိပါတယ်။ ကျွန်တော်ပြောချင်တဲ့သဘောက ပြည်သူတွေလိုမျိုး အစိုးရကလည်း တရားမျှတမှုနဲ့ မှန်ကန်မှုကို ကြိုးစားဆောင်ရွက်နေတယ်ဆိုတာကို ပြည်သူတွေ သဘောပေါက်ဖို့လိုပါတယ်။

နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှာ ထုတ်ပြန်ထားတာရှိပါတယ်။ ဒီကိစ္စကို ဆောင်ရွက်တဲ့အခါမှာ မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုး၊ မည်သည့်ဘာသာ၊ မည်သည့်လူမှုအဖွဲ့အစည်းကို ဦးတည်ပြီး ထိခိုက်စေ

> **“နံပါတ်တစ်က ကျွန်တော်တို့ကိုချမှတ်ခဲ့တဲ့ Provisional Measures တွေက အသစ်တွေမဟုတ်ပါဘူး။ ကျွန်တော်တို့က Genocide Convention ကို ဝင်တဲ့အချိန်ကတည်းက ဒါတွေ၊ ဒါတွေ ဆောင်ရွက်ပါ့မယ်လို့ သဘောတူထားတဲ့ အချက်အလက်တွေကို ထပ်မံပြီးပါဝင်ခြင်းသာ ဖြစ်ပါတယ်ဆိုတဲ့ အချက်တစ်ချက်ကို ရရှိလိုက်ပါတယ်။**
>
> **နံပါတ်နှစ်က တချို့လူတွေ စိတ်ပူနေတာတွေနဲ့ ပတ်သက်ပြီး ဒို့တစ်တွေရဲ့ အချုပ်အခြာအာဏာ ထိပါးတယ်။ ဒါသည် ဒုက္ခရောက်နိုင်တယ်ဆိုတဲ့ အချက် Provisional Measures မှာ အချုပ်အခြာအာဏာ ထိပါးစေတဲ့ကိစ္စတွေ လုံးဝမပါပါဘူးဆိုတဲ့ အချက်တွေရရှိပါတယ်။**
>
> **နံပါတ်သုံးက ကိုယ့်နိုင်ငံကို ကိုယ်ကာကွယ်ဖို့၊ ကိုယ့်နိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ဖို့ကိစ္စတွေမှာ အဟန့်အတား အနှောင့်အယှက် အတားအဆီးတွေမှန်သမျှ ဖြစ်လာနိုင်သလားဆိုတာကို မဟုတ်ဘူးလို့ ကျွန်တော်တို့ ထပ်ပြီးသေသေချာချာ ဒီစကားဝိုင်းမှာ ပြောလိုက်ပါတယ်”**

> **“အခုတလော Online မှာ တွေ့မိပါတယ်။ သတင်းအချက်အလက်တွေကို မှားပြောတာတို့၊ အလွဲသုံးလိုက်တာတို့၊ ဘာတို့ ကျွန်တော်တွေ့မိပါတယ်။ အခုပြောနေတဲ့ကိစ္စတွေက ဥပဒေပညာရှင်တွေပြောတာကို ကျွန်တော်တို့ မှီခိုပြီးပြောတာပါ။ ကျွန်တော်တို့ရဲ့အယူအဆကို ပြောတာမဟုတ်ပါဘူး။ သူတို့က တကယ့်ပညာရှင်တွေပါ။ ကျွန်တော် ပြောသလိုပဲ နှစ်(၇၀) ကျော် ICJ က ထူထောင်ထားတယ်။ ဒီကိစ္စဖြစ်မှ စပြီးဖတ်တဲ့သူအနေနဲ့ မသိနိုင်ပါဘူး။ ပညာရှင်တွေက နှစ်(၂၀)၊ နှစ်(၃၀) နေ့နေ့၊ ညညလေ့လာပြီး သုံးသပ်ထားတာကို မှီခိုပြီး Talk Show တွေမှာ ကျွန်တော်တို့က အဲဒီ Information အရ ပြောကြပါတယ်။ ဒါကြောင့် ပြည်သူလူထုကို မေတ္တာရပ်ခံချင်တာက Online မှာ တွေ့တာတွေကိုလည်း သေသေချာချာသုံးသပ်ပြီးမှ ဒါကို ယုံကြည်စိတ်ချစွာ Trust လုပ်ပါဆိုပြီး မေတ္တာရပ်ခံချင်ပါတယ်”**

တဲ့ပုံစံမျိုးနဲ့ မဆောင်ရွက်ဘူး။ ပြည်သူတွေကိုလည်း အဲဒီလိုမျိုး ပူးပေါင်းဆောင်ရွက်ဖို့ ပြောထားတာတွေ ရှိပါတယ်။ ဒါတွေကို ပြည်သူတွေ သဘောပေါက်ဖို့ ဒီမှာထပ်လောင်းပြီး ကျွန်တော်ပြောကြားလိုပါတယ်။

**ဦးကိုကို** ။ ။ ပြည်ထောင်စုဝန်ကြီးကလည်း ပြည်သူတွေကို ကျွန်တော်တို့စကားဝိုင်းရဲ့ အနှစ်ချုပ်အနေနဲ့ ဘယ်လိုသတင်းအချက်အလက်များ ပေးချင်ပါသလဲ။ ပြည်သူတွေက သိချင်နေပါတယ်။ ဒါကိုသိပြီး ဘာတွေဆက်လုပ်ရမလဲဆိုတာကို ဆက်စပ်ပြီး အဆုံးသတ်ပေးပါခင်ဗျာ။

**ဦးကျော်တင့်ဆွေ** ။ ။ ပြည်သူတွေကို တင်ပြချင်တာက ကျွန်တော်တို့အနေနဲ့ ဒီအမှုမှာ Genocide လုံးဝ ဖြစ်ပေါ်ခဲ့ခြင်း မရှိဘူး။ မရှိတဲ့ကိစ္စကို သက်သေအထောက်အထားနဲ့အတူ ကျွန်တော်တို့အနေနဲ့ တင်ပြဖို့လိုပါတယ်။ တင်ပြဖို့လိုတဲ့အခါမှာ ကမ္ဘာက ဒီကိစ္စနဲ့ပတ်သက်လို့ အတော်ဆုံးဆိုတဲ့ ဥပဒေပညာရှင်တွေကို ကျွန်တော်တို့ ငှားထားပါတယ်။ သူတို့က ဘာကြောင့် ဒီကိစ္စကိုလက်ခံသလဲဆိုတဲ့အခါ သူတို့ကိုယ်တိုင်ကလည်း ကျွန်တော်တို့အနေနဲ့ Genocide ကျူးလွန်ခဲ့ခြင်း မရှိဘူးလို့ ခံယူတဲ့အတွက် ဒီအမှုကို လက်ခံခဲ့ခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ရှေ့နေတွေကို ကြည့်မယ်ဆိုရင် တကယ့်ကမ္ဘာမှာ အတော်ဆုံးရှေ့နေတွေ ဖြစ်ပါတယ်။ အားလုံးက တော်ပါတယ်။ သို့သော် နှစ်ယောက်လောက်ကို မီးမောင်းထိုးပြီး ပြောချင်ပါတယ်။ တစ်ယောက်က Professor Schabas ပါ။ Genocide နဲ့ပတ်သက်ပြီး အတတ်ဆုံး၊ အတော်ဆုံးပုဂ္ဂိုလ်လို့ ကမ္ဘာက အသိအမှတ်ပြုထားခြင်း ခံရပါတယ်။ နောက်တစ်ယောက်က Professor Zimmermann ဖြစ်ပါတယ်။ Professor Zimmermann က ICJ နဲ့ပတ်သက်ပြီး လူတိုင်းကိုးကားနေရတဲ့ ဥပဒေစာအုပ်ကို ရေးသားထားတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်။

တစ်ဖက်က ရှေ့နေတော်ရုံနဲ့ လုံလောက်ပြီလား မလုံလောက်ပါဘူး။ ပြည်တွင်းမှာ တကယ့်ကို Genocide မရှိဘူးဆိုတဲ့ အထောက်အထားတွေကို ကျွန်တော်တို့ရဲ့ရှေ့နေတွေကို ပံ့ပိုးပေးဖို့ လိုပါတယ်။ ပြည်တွင်းက အဲဒီလိုပံ့ပိုးပေးတဲ့နေရာမှာ ကျွန်တော်တို့အားလုံးက ညီညီညွတ်ညွတ်နဲ့ မည်သည့်အဖွဲ့အစည်း၊ မည်သည့် နိုင်ငံရေးပါတီ၊ မည်သည့်ပုဂ္ဂိုလ်ကိုမှ ထိခိုက်အောင် မပြုလုပ်ဘဲ ဝိုင်းဝန်းဆောင်ရွက်ကြဖို့ လိုပါတယ်။

ပြည်သူကို တင်ပြချင်တာကလည်း ဆရာဦးကိုကိုနဲ့ စကားဝိုင်း မတိုင်ခင် ဆွေးနွေးတဲ့အခါမှာ ဆရာဦးကိုကိုက ပြောပါတယ်။ ပြည်သူတွေက မေးပါတယ်။ ပြည်သူက ပူးပေါင်းပါဆိုတော့ ပူးပေါင်းချင်ပါတယ်။ ဘယ်လို ပူးပေါင်းပေးရမလဲ။ (၁) ကျွန်တော်တို့အနေနဲ့ ဦးကျော်တင် ပြောထားသလို ဆိုရှယ်မီဒီယာမှာ ပါတဲ့အချက်တွေ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဆွေးနွေးတဲ့ အချက်တွေကို ချင့်ချိန်ပြီး ယုံကြပါ။ ကျွန်တော်တို့က အမှန်အတိုင်း ပြည်သူကို တင်ပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တင်ပြချက်တွေက ဥပဒေကြောင်းအရ စိတ်ကူးထဲမှာရှိတာတွေကို တင်ပြခြင်းမဟုတ်ပါဘူး။ ကမ္ဘာမှာ အတော်ဆုံးဆိုတဲ့ ဥပဒေပညာရှင်တွေရဲ့ သုံးသပ်ချက်ကို မှီငြမ်းပြီးတင်ပြခြင်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံ့အရေးကိစ္စတွေကို ဆောင်ရွက်တဲ့နေရာမှာ မေတ္တာနဲ့သစ္စာနဲ့ ဆောင်ရွက်ပါတယ်လို့ ပြောလေ့ရှိပါတယ်။ အခုဒီကိစ္စမှာ ပြည်သူပြည်သားတွေအားလုံးအပေါ်မှာ မေတ္တာထားပြီး သစ္စာနဲ့ အမှန်ကို အမှန်အတိုင်း ပြောပါမယ်ဆိုတာကို ကတိကဝတ်ပြုခြင်းနဲ့ ကျွန်တော်ပြောချင်တာလေးကို ဒီမှာနိဂုံးချုပ်ပါတယ်။

**ဦးကိုကို** ။ ။ အားလုံးကို ကျေးဇူးတင်ပါတယ်။ စကားဝိုင်းက အဆုံးသတ်ဖို့ အချိန်ရောက်ပါပြီ။ ပြောဆိုဆွေးနွေးခဲ့တာတွေအားလုံး ပြည်ထောင်စုဝန်ကြီး အပါအဝင် ဆရာ ဆရာမတို့ပြောဆိုဆွေးနွေးခဲ့ကြတာတွေနဲ့ပတ်သက်ပြီး ကျွန်တော် Conclusion ပြောချင်ပါတယ်။

နံပါတ်တစ်က ကျွန်တော်တို့ကိုချမှတ်ခဲ့တဲ့ Provisional Measures တွေက အသစ်တွေမဟုတ်ပါဘူး။ ကျွန်တော်တို့က Genocide Convention ကို ဝင်တဲ့အချိန်ကတည်းက ဒါတွေ၊ ဒါတွေ ဆောင်ရွက်ပါ့မယ်လို့ သဘောတူထားတဲ့ အချက်အလက်တွေကို ထပ်မံပြီးပါဝင်ခြင်းသာ ဖြစ်ပါတယ်ဆိုတဲ့ အချက်တစ်ချက်ကို ရရှိလိုက်ပါတယ်။

နံပါတ်နှစ်က တချို့လူတွေ စိတ်ပူနေတာတွေနဲ့ပတ်သက်ပြီး ဒို့တစ်တွေရဲ့ အချုပ်အခြာအာဏာ ထိပါးတယ်။ ဒါသည် ဒုက္ခရောက်နိုင်တယ်ဆိုတဲ့အချက် Provisional Measures မှာ အချုပ်အခြာအာဏာ ထိပါးစေတဲ့ကိစ္စတွေ လုံးဝမပါပါဘူးဆိုတဲ့ အချက်တွေရရှိပါတယ်။

နံပါတ်သုံးက ကိုယ့်နိုင်ငံကို ကိုယ်ကာကွယ်ဖို့၊ ကိုယ့်နိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ဖို့ကိစ္စတွေမှာ အဟန့် အတား အနှောင့်အယှက် အတားအဆီးတွေမှန်သမျှ ဖြစ်လာနိုင်သလား ဆိုတာကို မဟုတ်ဘူးလို့ ကျွန်တော်တို့ထပ်ပြီး သေသေချာချာ ဒီစကားဝိုင်းမှာ ပြောလိုက်ပါတယ်။

နောက်ဆုံးအချက်က ပြည်ထောင်စုဝန်ကြီး ပြောတဲ့အချက်ပါ။ ပြည်သူတွေ ဘယ်လိုပါဝင်ရမလဲ။ ဘယ်လိုပုံစံနဲ့ ပါရမယ်ဆိုတာကို ပြည်ထောင်စုဝန်ကြီးက ပြောသွားပါတယ်။ ပြည်ထောင်စုဝန်ကြီး ပြောသွားတာကို ကျွန်တော်နားလည်သလို ပြောရမယ်ဆိုရင် အမှန်တရားတစ်ခုကို ကျွန်တော်တို့ပြသဖို့ ဖြစ်ပါတယ်။ အမှန်တရားတစ်ခုကိုဖော်ထုတ်ဖို့ ဖြစ်ပါတယ်။ အဲဒီတော့ ပြည်သူတွေ ပူးပေါင်းဖို့က အမှန်တရားနဲ့အတူ ရပ်တည်ပေးဖို့ ဖြစ်ပါတယ်လို့ ပြောရင်းနဲ့ ကျွန်တော်တို့ရဲ့ဆွေးနွေးခန်းကို အဆုံးသတ်ချင်ပါတယ်။ ပြည်ထောင်စုဝန်ကြီးအပါအဝင် ဆရာ ဆရာမတို့အားလုံးကို အထူးကျေးဇူးတင်ပါတယ်ခင်ဗျာ။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine SchranerBurgener နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည် နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်း ရေးဆိုင်ရာ မဟာဗျူဟာ အတည်ပြုပြဋ္ဌာန်းခဲ့ပြီးနောက် အဆိုပါ မဟာဗျူဟာပါ အချက်အလက်များအား သက်ဆိုင်ရာ ပြည်နယ်အစိုးရ၊ ကိုယ်စားလှယ်များနှင့် လူမှုအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများသို့ မျှဝေခဲ့မှု၊ မဟာဗျူဟာ အကောင်အထည်ဖော်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ ပြန်လည် နေရာချထားရေးလုပ်ငန်းစဉ်အတွက် အရေးပါသည့် မိုင်းအန္တရာယ်ကင်းစင်ရေး ဆောင်ရွက်နေမှု၊ မဟာဗျူဟာပါ လမ်းညွှန်ချက်များနှင့်အညီ ကချင်ပြည်နယ်ရှိ ဒေသအချို့ နှင့် ရခိုင်ပြည်နယ်ရှိဒေသအချို့တွင် ယာယီခိုလှုံရာစခန်းများ စတင်ပိတ်သိမ်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်နေမှု၊ အမျိုးသမီး များ၏အခွင့်အရေး၊ ကလေးသူငယ်များ၏ အခွင့်အရေးများ ဖော်ဆောင်၍ တိုးမြှင့်ဆောင်ရွက်ပေးရေးအတွက် ဥပဒေ၊ နည်းဥပဒေနှင့် မူဝါဒများ ချမှတ်ဆောင်ရွက်ပေးနေမှုများ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လက်ရှိဆောင်ရွက်နေမှုနှင့် အာဆီယံနိုင်ငံများမှ လည်း ဆက်လက်ကူညီဆောင်ရွက်ပေးမှု၊ တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေသည့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံ ရေးလုပ်ငန်းစဉ် စတင်နိုင်ရေးအတွက် နှစ်နိုင်ငံညှိနှိုင်း ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်တွင်း နေရပ်စွန့်ခွာသူများအတွက် လူသားချင်းစာနာ ထောက်ထားမှု အကူအညီများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံအစိုးရက ဖွဲ့စည်း ခဲ့သည့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာ ပေါ်ထွက်လာပြီးနောက် ဆက်လက်ဆောင်ရွက် သွားမည့် အခြေအနေများနှင့် မြန်မာနိုင်ငံ၏ ဆောင်ရွက် မှုများကို နိုင်ငံတကာအသိုက်အဝန်းမှ သိရှိနားလည်နိုင်ရေး နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူး ကိုယ်စားလှယ် Ms. Christine SchranerBurgener နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine SchranerBurgener နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃၀**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူး ကိုယ်စားလှယ် Ms. Christine SchranerBurgener နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စု ရှေ့နေ ချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းထားသည့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင် (Independent Commission of Enquiry – ICOE) ၏ အစီရင်ခံစာပါ အကြံပြုချက်များအား အကောင် အထည်ဖော် ဆောင်ရွက်ရေးနှင့်စပ်လျဉ်းသည့် ကိစ္စ၊ ကမ္ဘာ့ နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန် သုံးသပ်သည့် လုပ်ငန်းစဉ် (UPR) နှင့် စပ်လျဉ်း၍ တတိယ အကြိမ် အစီရင်ခံစာ တင်သွင်းရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖြစ်ပေါ်တိုးတက်မှု၊ အမျိုးသမီး များအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေ ကြမ်းကို လွှတ်တော်သို့ တင်ပြထားရှိမှု အခြေအနေနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပြဋ္ဌာန်း ပြီးနောက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက် မှုများကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် ဦးဇော်ဇော် ထပ်မံရွေးချယ်ခံရ

**ရန်ကုန် ဇန်နဝါရီ ၃၀**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ကွန်ဂရက်နှင့် ၂၀၂၀-၂၀၂၄ သက်တမ်း အတွက် ရွေးကောက်ပွဲကို ယနေ့ နံနက် ၉ နာရီမှစ၍ ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် အာဆီယံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ Major General Khiev Sameth က နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကားပြောကြား သည်။ ဆက်လက်၍ ကွန်ဂရက် တရားဝင်မှတ်တမ်းများကို စစ်ဆေး မည့် အဖွဲ့ဝင်သုံးဦး၊ ဆန္ဒမဲပေးခြင်းနှင့် မဲရေတွက်ခြင်းကြီးကြပ်ရန် အဖွဲ့ဝင် ငါးဦးတို့ ခန့်အပ်ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေ အတွင်း ရေးမှူး ဦးကိုကိုသိန်းက မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ ၂၀၁၈ ခုနှစ် ရ/သုံး ငွေစာရင်းရှင်းတမ်းတင်ပြကာ ၂၀၂၀ ဘဏ္ဍာရေးနှစ် ရ/သုံးမှန်းခြေ ငွေစာရင်းနှင့် ဘတ်ဂျက်တို့ကို အတည်ပြုသည်။ ယင်းနောက် မြို့နယ်ဘောလုံးအဖွဲ့ချုပ်မှ ကိုယ်စား လှယ်များ၊ မြန်မာနေရှင်နယ်လိဂ်နှင့် မြန်မာနေရှင်နယ်လိဂ် -၂ ကလပ် အသင်းများမှ တာဝန်ရှိသူများ အပါ အဝင် မဲဆန္ဒရှင် ၂၂၃ ဦးတို့က ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ်အထိ သက်တမ်း လေးနှစ်တာကာလအတွက် ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများနှင့် အမှုဆောင်များ ရွေးချယ်ခဲ့သည်။

**ရွေးချယ်ခံရ**

ဖူဆယ်နှင့် သဲသောင်ပြင် ကိုယ်စားလှယ်အဖြစ် ဒေါက်တာ ရဲမွန်ထွဋ်၊ နည်းပြဆရာ ကိုယ်စားလှယ် အဖြစ် ဦးတင်မြင့်အောင်၊ အထက် မြန်မာပြည် ကိုယ်စားလှယ် နှစ်ဦး အဖြစ် ဒေါ်မေမြတ်နွယ်နှင့် ဦးခင်မောင်လေး၊ အောက်မြန်မာပြည် ကိုယ်စားလှယ် နှစ်ဦးအဖြစ် ဦးဖွဲလှိုင်မိုး နှင့် ဦးမင်းလှိုင်တို့ ရွေးချယ်ခံခဲ့ရ သည်။

**ရှင်းလင်းပြောကြား**

အလုပ်အမှုဆောင်အသစ်များ ရွေးချယ်အပြီးတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်က ကျေးဇူးတင်စကားနှင့် ရှေ့လုပ်ငန်းစဉ် များကို ရှင်းလင်းပြောကြားသည်။

၂၀၂၀-၂၀၂၄ သက်တမ်းအတွက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် ဦးဇော်ဇော်၊ ဒုဥက္ကဋ္ဌ များအဖြစ် ဒေါက်တာစိုင်းဆမ်ထွန်းနှင့် ဦးပြည့်ဖြိုးတေဇ၊ အမှုဆောင်များ အဖြစ် ဦးခွန်နောင်မြင့်ဝေ၊ ဦးလှဌေး၊ ဦးဇော်မင်းသိန်း (MNL ကိုယ်စား လှယ်)၊ ဦးထောင်ထာထန်း (MNL-2 ကိုယ်စားလှယ်)၊ ဦးခင်မောင်လေး၊ ဒေါ်မေမြတ်နွယ် (အထက်မြန်မာပြည် ကိုယ်စားလှယ်)၊ ဦးဖွဲလှိုင်မိုး၊ ဦးမင်းလှိုင် (အောက်မြန်မာပြည် ကိုယ်စားလှယ်)၊ ဦးတင်မြင့်အောင် (နည်းပြ ကိုယ်စားလှယ်)၊ ဦးသန်းတိုး အောင် (လက်ရွေးစင် ကစားသမား ကိုယ်စားလှယ်)၊ ဦးထွန်းလှအောင် (ဒိုင်လူကြီး ကိုယ်စားလှယ်)၊ ဒေါ်မြတ်မြတ်ဦး (အမျိုးသမီး ဘောလုံးကိုယ်စားလှယ်)၊ ဒေါက်တာ ရဲမွန်ထွဋ် (ဖူဆယ်နှင့် သဲသောင်ပြင် ကိုယ်စားလှယ်)၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များအဖြစ် ဦးကျော် ဆန်း (အားကစား)၊ ဦးကိုကိုဌေး (ပညာရေး)နှင့် ဒေါက်တာသန်းနိုင်စိုး (ကျန်းမာရေး) တို့က တာဝန်ယူ ဆောင်ရွက်မည်ဖြစ်သည်။

ဦးဇော်ဇော်သည် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ၂၀၀၅ ခုနှစ်တွင် စတင်တာဝန်ယူခဲ့ပြီး ရွေးကောက်ပွဲ စတင်ကျင်းပသည့် ၂၀၁၅ခုနှစ်တွင်လည်း ဥက္ကဋ္ဌအဖြစ် ထပ်မံဆောင်ရွက်ခွင့်ရခဲ့သည်။ မြန်မာ နိုင်ငံ ဘောလုံးအဖွဲ့ချုပ် သမိုင်းတွင် ဒုတိယအကြိမ် ရွေးကောက်ပွဲ ကျင်းပခြင်းဖြစ်ပြီး ဥက္ကဋ္ဌနေရာတွင် ယှဉ်ပြိုင်မည့်သူ မရှိသောကြောင့် ဦးဇော်ဇော်က နှစ်ကြိမ်စလုံး ဝင်ရောက်ရွေးချယ်ခံကာ ဆောင်ရွက် ခဲ့ခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**




၂၀၂၀-၂၀၂၄ သက်တမ်းအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များအား တွေ့ရစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၄) ယနေ့ စတင်မည်

**ရန်ကုန် ဇန်နဝါရီ ၃၀**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၄) ကို ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အသင်းကြီး နှစ်သင်းဖြစ်သည့် ရှောဝတီနှင့် လက်ရှိ ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေသလို ထိပ်ဆုံးမှ ဟံသာဝတီအသင်းမှာလည်း အိမ်ကွင်း ကစားရမည်ဖြစ်သည်။

ပွဲစဉ် (၄) အဖြစ် ဇန်နဝါရီ ၃၁ ရက် **(ယနေ့)** တွင် သုဝဏ္ဏကွင်း၌ ဇွဲကပင် အသင်းနှင့် မကွေးအသင်း၊ ဖေဖော်ဝါရီ ၁ ရက်တွင် မန္တလာသီရိကွင်း၌ အား/ကာ သိပ္ပံအသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ ပုသိမ်ကွင်း၌ ရှောဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ဖေဖော်ဝါရီ ၂ ရက်တွင် YUSC ကွင်း၌ ရန်ကုန်အသင်း နှင့် စစ်ကိုင်းအသင်း၊ ပဲခူး Grand Royal ကွင်း၌ ဟံသာဝတီအသင်းနှင့် Southern အသင်း၊ ဝေသာလီကွင်း၌ ရခိုင်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**ညီမြတ်သော်တာ**

# ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့ မောင်တောဒေသ၌ မြေပြင်ကွင်းဆင်းသတင်းရယူ

**မောင်တော ဇန်နဝါရီ ၃၀**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ရောက်ရှိနေသည့် ပြည်တွင်း၊ ပြည်ပသတင်းဌာနများမှ သတင်းမီဒီယာအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်ရှိ ဒေသခံတိုင်းရင်းသားများ နေထိုင်သည့် ရွာမ ကျေးရွာနှင့် မြို့မစေတီတောင်ကျေးရွာများသို့ သွားရောက်ကာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူများအား တွေ့ဆုံကာ သိရှိလိုသည်များအား မေးမြန်းသတင်းရယူကြသည်။

ထို့နောက် သစ်ရင်းကျေးရွာနှင့် တပ်ရာကျေးရွာများသို့ သွားရောက်ကာ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာနေသူများနှင့် တွေ့ဆုံကာ သိရှိလိုသည်များအား မေးမြန်းသတင်းရယူခြင်း၊ ကျေးရွာအတွင်း လှည့်လည်သတင်းရယူခြင်းဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် မောင်တောမြို့နယ် ကညင်ချောင်းစီးပွားရေးဇုန်သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ မောင်တောမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် စီးပွားရေးဇုန်တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက်အလက်များအား ရှင်းလင်းပြောကြားကြပြီး သတင်းမီဒီယာအဖွဲ့၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် သတင်းမီဒီယာအဖွဲ့သည် ကညင်ချောင်းစီးပွားရေးဇုန်အတွင်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများအား လှည့်လည်ကြည့်ရှုသတင်းရယူကြသည်။

ညနေပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် အိန္ဒိယနိုင်ငံမှ ဆောက်လုပ်လှူဒါန်းထားသည့် မောင်တောမြို့နယ် အောင်ဗလကျေးရွာသစ်သို့ ရောက်ရှိကာ ကျေးရွာအတွင်း နေထိုင်ကြသူများအား တွေ့ဆုံမေးမြန်း သတင်းရယူကြသည်။

သတင်းမီဒီယာအဖွဲ့တွင် Frontier Myanmar၊ Black Night Media၊ Al Jazeera English၊ BBC၊ RFA၊ MRTV နှင့် MITV သတင်းဌာနတို့မှ သတင်းသမားများပါရှိပြီး သတင်းမီဒီယာအဖွဲ့များ မောင်တောဒေသသို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ သွားရောက်သတင်းရယူမှုအနေဖြင့် ၃၅ ကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။

**ဟန်လင်းနိုင်(သတင်းစဉ်)**



ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့ မောင်တောမြို့နယ် အောင်ဗလကျေးရွာသစ်တွင် သတင်းရယူကြစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၃၁-၁-၂၀၂၀ (သောကြာနေ့)

**နံနက်ပိုင်း**

- ၆:၀၀ – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ – Breakfast News
- ၇:၃၅ – MRTV Travelogue
- ၉:၁၀ – “လူမှုဘဝနှင့် မျက်မှောက်ရေးရာ”
- ၉:၂၅ – Soccer View
- ၁၁:၃၅ – အလုပ်သမားရေးရာ အစီအစဉ်
- ၁၂:၃၀ – “ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်နှင့် တွေ့ဆုံမေးမြန်းခြင်း”
- ၁၂:၄၅ – နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်စစ်ဆိုသည်မှာ” (အပိုင်း -၃၂)(ဇာတ်သိမ်း)

**ညပိုင်း**

- ၁၆:၃၅ – Weekly MNL Review
- ၁၇:၀၅ – “2019Novel Coronavirus (2019-nCoV)အဆုတ်ရောင်ရောဂါအကြောင်းသိကောင်းစရာ”
- ၁၇:၃၅ – Weekly Sport Info
- ၁၈:၂၅ – BBC Click
- ၁၈:၃၅ – သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် “သောင်းတိုက်ကကြားစေသား + မြန်မာပေါကားတွေရုပ်”
- ၁၉:၂၀ – နိုင်ငံခြားဇာတ်လမ်းတွဲ “နှလုံးသားခေါ်ဆောင်ရာ” (အပိုင်း -၁)
- ၂၀:၀၀ – ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၅ – ပြည်သူ့အကျိုးပြုမှတ်တိုင်များ “တိုးတက်အောင်မြင် မန္တလေးမြို့တော်တစ်ခွင်”(၄) (ပန်းဥယျာဉ်ကစားကွင်းများ ဖော်ဆောင်ပေးခြင်းနှင့် စိမ်းလန်းစိုပြည်ရေး)
- – မြန်မာ့ရုပ်ရှင်ရာပြည့်ဂုဏ်ပြုအစီအစဉ်များ “စည်သူ ဗိုလ်ကလေးတင့်အောင်နှင့်သူ၏အနုပညာ”(အပိုင်း-၂)
- – မြန်မာ့ရုပ်ရှင်ရာပြည့်ဂုဏ်ပြုအစီအစဉ် “လိပ်ပြာကူး ထူးခြားသူများ” (အကယ်ဒမီခင်သီတာထွန်း)
- – “သူငယ်ချင်းသုံးယောက်ရှိလေသည်”

# လှိုင်သာယာမြို့နယ်အတွင်း ခိုးမှုကျူးလွန်သူတစ်ဦး ဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်အရ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၈ ရက်က ထန်းတပင်မြို့နယ်အတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက် သတင်းများ စုံစမ်းဆောင်ရွက်နေစဉ် ခိုးမှုများ ကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ ကျော်စွာ(ခ) ကျော်ဆင့်ကို အတွင်းသဲဖြူကျေးရွာ လမ်းပေါ်၌ တွေ့ရှိသဖြင့် ၎င်းလက်အတွင်း ကိုင်ဆောင်ထားသော OPPO အမျိုးအစား ဖုန်းတစ်လုံးနှင့် ပတ်သက်၍ စစ်မေးရာ ပိုင်ဆိုင်ကြောင်း အထောက်အထား မပြနိုင်သဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

ဖမ်းဆီးရမိသူ ကျော်စွာ(ခ)ကျော်ဆင့် ကို အခြားခိုးမှုများ ကျူးလွန်ခဲ့ခြင်း ရှိ/ မရှိ စစ်ဆေးခဲ့ရာ ၎င်းသည် ၂၀၁၉ ခုနှစ် မေလမှ စက်တင်ဘာလများအတွင်း လှိုင်သာယာမြို့နယ် (၈) ရပ်ကွက် ပဒေသာ(၂)လမ်းဘေးတွင် ရပ်ထားသော ဆိုင်ကယ်တစ်စီး၊ ဦးပုညလမ်းပေါ်ရှိ ဆိုင်ခန်းတစ်ခန်းရှေ့ရပ်ထားသော ဆိုင်ကယ်တစ်စီးနှင့် လမ်းဘေးရပ်ထားသော ဆိုင်ကယ်တစ်စီး၊ (၇)ရပ်ကွက် ဘေးဥယျာဉ်လမ်းဘေးရပ်ထားသော ဆိုင်ကယ်တစ်စီး၊ မြို့မငြိမ်းလမ်းပေါ် ရပ်ထားသော ဆိုင်ကယ်နှစ်စီး၊ စိန်ပန်းမြိုင်လမ်းရှိ နေအိမ်တစ်အိမ်ရှေ့ရပ်ထားသော ဆိုင်ကယ်တစ်စီး၊ ဗညားဒလလမ်းဘေး၌ ရပ်ထားသော ဆိုင်ကယ်တစ်စီးနှင့် စိုးရာဇာလမ်းဘေး ရပ်ထားသော ဆိုင်ကယ်တစ်စီး၊ အောင်မင်းခေါင် လမ်းမပေါ်တွင် ရပ်ထားသော ဆိုင်ကယ်တစ်စီး၊ (၅) ရပ်ကွက် ပီမိုးနင်းလမ်းဘေး ရပ်ထားသော ဆိုင်ကယ်နှစ်စီး၊ မြရိပ်ညို (၅)လမ်းရှိ အဆောင်တစ်ခုအတွင်း ရပ်ထားသော ဆိုင်ကယ်တစ်စီး၊ တပင်ရွှေထီးလမ်းဘေး ရပ်ထားသော ဆိုင်ကယ်တစ်စီး၊ (၆)ရပ်ကွက် အောင်သိဒ္ဓိလမ်းဘေး ရပ်ထားသော ဆိုင်ကယ်တစ်စီး၊ ကျန်စစ်သားလမ်းပေါ် ရပ်ထားသော ဆိုင်ကယ်တစ်စီးနှင့် ချမ်းမြေ့လမ်းဘေး၌ ရပ်ထားသော ဆိုင်ကယ်တစ်စီး၊ (၁၄) ရပ်ကွက် မန္တလေးလမ်းပေါ် ရပ်ထားသော ဆိုင်ကယ်တစ်စီး၊ (၁)ရပ်ကွက် ရွှေဥဒေါင်းလမ်းဘေး ရပ်ထားသော ဆိုင်ကယ်တစ်စီး၊ (၁၆)ရပ်ကွက် ဖေယျာသီရိလမ်းပေါ် ရပ်ထားသော ဆိုင်ကယ်တစ်စီး စုစုပေါင်း ဆိုင်ကယ်အစီး၂၀ ခိုးယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ခိုးမှုကျူးလွန်သူ ကျော်စွာ(ခ)ကျော်ဆင့်ကို ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# ခင်ဦးတွင် ခရီးသည်တင်ယာဉ်နှင့် နွားလှည်းတိုက်မိရာ လူနှစ်ဦးနှင့် နွားတစ်ကောင်သေဆုံး

**ခင်ဦး ဇန်နဝါရီ ၃၀**

ခင်ဦးမြို့နယ် ရွှေဘို-မြစ်ကြီးနား ကားလမ်းပေါ်တွင် ခရီးသည်တင်ကားနှင့် နွားလှည်း တိုက်မိရာမှ အမျိုးသမီးနှစ်ဦးနှင့် နွားတစ်ကောင် သေဆုံးသွားကြောင်း ကုန်းကြီးရဲကင်းစခန်းမှူး ဒုရဲအုပ်ထွန်းလင်းထံမှ သိရသည်။

ခင်ဦးမြို့နယ် အလယ်ရှိကျေးရွာ ရွှေဘို-မြစ်ကြီးနား ကားလမ်း မိုင်တိုင်အမှတ်(၂၀/၄)အနီးတွင် ယနေ့ နံနက် ၆ နာရီခန့်က ပြည်ကြီးတံခွန်မြို့နယ်နေသူ ယာဉ်မောင်း မင်းမင်းစိုး(၃၃ နှစ်) မောင်းနှင်လာသော MDY 9I/---- ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ နွားလှည်းအား ဝင်တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် နွားလှည်းပေါ်တွင် လိုက်ပါလာသော ခင်ဦးမြို့နယ် အလယ်ရှိကျေးရွာနေသူများဖြစ်သည့် ကိုမိုးဒီ(၂၃ နှစ်)နှင့် မလဲ့(၃၀ နှစ်)တို့မှာ ဒဏ်ရာများရရှိ၍ ခင်ဦးပြည်သူ့ဆေးရုံသို့ အတွင်းလူနာအဖြစ် ပို့ဆောင်ထားပြီး ဒေါ်ငွေတိုး(၄၂ နှစ်)၊ မလှိုင်ဇာအောင်(ခ) မဇာ(၂၆ နှစ်)တို့ နှစ်ဦးနှင့် နွားထီးတစ်ကောင်မှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ မင်းမင်းစိုး(၃၃ နှစ်)အား ခင်ဦးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ချစ်စံ(ခင်ဦး)**

## သက်ငယ်မုဒိမ်းမှုကျူးလွန်သည့်တရားခံအား ထောင်ဒဏ် နှစ် ၃၀ အမိန့်ချမှတ်

**ပြင်ဦးလွင် ဇန်နဝါရီ ၃၀**

မန္တလေးမြို့နေ ဦးကျော်သူအောင်၏သား သီဟနိုင်(ခ)အသေးလေး အသက် (၂၉ နှစ်) သည် မန္တလေးမြို့ ပြည်ကြီးတံခွန်ရပ်နေ အသက် (၈ နှစ်) အရွယ် မိန်းကလေးတစ်ဦးအား ၁၄-၁၂-၂၀၁၈ ရက်နေ့ မွန်းလွဲပိုင်းက ခိုးယူသွားပြီး သားမယားအဖြစ် ပြုကျင့်ကာ ပြင်ဦးလွင်မြို့နယ် ပြင်စာကျေးရွာအနီးတွင် စွန့်ပစ်ခဲ့သဖြင့် ကလေးငယ်၏ ဖခင်ဖြစ်သူ ဦးသန့်ဇင်ဦးက တရားလိုပြုလုပ်၍ ပြင်စာနယ်မြေရဲစခန်း၌ ဥပဒေအရ အရေးယူပေးရန် တိုင်တန်းခဲ့ရာ ပြင်ဦးလွင်ခရိုင်တရားရုံးမှ ၂၂-၂-၂၀၁၉ ရက်နေ့တွင် ရာဇဝတ်ကြီးမှုအမှတ် ၄၄/၂၀၁၉ ၊ ရာဇသတ်ကြီးပုဒ်မ ၃၆၃၊ ၃၆၆၊ ၃၇၆၊ ၃၂၅ ဖြင့် အမှုအား လက်ခံစစ်ဆေးခဲ့သည်။

ယင်းပြင်ဦးလွင် ခရိုင်တရားရုံး ဒုတိယခရိုင် တရားသူကြီး(၁)မှ သီဟနိုင် (ခ) အသေးလေး အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၂၅ အရ အလုပ်နှင့် ထောင်ဒဏ် ငါးနှစ်၊ ပုဒ်မ ၃၆၃ အရ အလုပ်နှင့် ထောင်ဒဏ် ငါးနှစ်၊ ပုဒ်မ ၃၇၆ အရ အလုပ်နှင့် ထောင်ဒဏ်အနှစ် ၂၀ ပြစ်ဒဏ်များကို သီးခြားစီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**အောင်စံမောင်**

# လားရှိုးမြို့နယ်၌ ငွေကျပ် ၁၉၉၈ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၃၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၉ ရက်မွန်းလွဲပိုင်းတွင် လားရှိုးမြို့နယ် ပုန်းထွန်ကျေးရွာအနီး လားရှိုး-မန္တလေး ကားလမ်းတွင် AD VAN အမျိုးအစား ခရီးသည်တင်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ခရီးသည် မဥမ္မာထံမှ ငွေကျပ် ၁၉၉၈ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀၊ ဘိန်းဖြူ ၀ ဒသမ ၆၆ ကီလို၊ ငွေကျပ် ၉၀၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေပိုင်းတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် မိုင်တိုင်အမှတ်(၈၀/၄)အနီးတွင် ထွန်းမြင့် မောင်းနှင်ပြီး ထွန်းထွန်းဦး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ၊ ငွေကျပ် ၁၀၀၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# တာချီလိတ်မြို့နယ်တွင် မီးလောင်မှုကြောင့် နေအိမ်နှစ်လုံး ဆုံးရှုံးကာ တစ်ဦးသေဆုံး

**တာချီလိတ် ဇန်နဝါရီ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မိုင်းကိုးကျေးရွာအုပ်စု ပါမ်အန်ကျေးရွာတွင် ဇန်နဝါရီ ၂၉ ရက် ည ၆ နာရီခန့်က မီးဖိုမီးမှတစ်ဆင့် မီးလောင်မှုဖြစ်၍ နေအိမ်နှစ်လုံးဆုံးရှုံးသွားပြီး နေအိမ်ပိုင်ရှင် အမျိုးသမီးသေဆုံးကာ အမျိုးသားမှာ မီးလောင်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ပါမ်အန်ကျေးရွာတွင် အသက်(၆၀)အရွယ်များဖြစ်သည့် ဦးယာကော့နှင့် ဒေါ်မိကော့တို့သည် နေအိမ်မီးဖိုခန်းအတွင်း ထင်းမီးဖြင့် ရေနွေးအိုးတည်ထားခဲ့ပြီး အိမ်နီးချင်းထံ သွားရောက်နေစဉ် မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မီးလောင်သည့် နေအိမ်အတွင်းမှ ပစ္စည်းများကို ထုတ်ယူရန် ကြိုးစားစဉ် ဒေါ်မိကော့မှာ မီးလောင်သေဆုံးသွားခဲ့ကာ ခင်ပွန်းဖြစ်သူ ဦးယာကော့မှာ ဒဏ်ရာများရခဲ့ပြီး တာချီလိတ်နာရေးကူညီမှုအသင်းက ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးထားကြောင်း သိရသည်။

မီးလောင်ရာသို့ တာချီလိတ်မီးသတ်စခန်း၊ တာလေမီးသတ်စခန်းတို့မှ မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ငြိမ်းသတ်ခဲ့ပြီး မီးလောင်မှုကြောင့် နေအိမ်နှစ်လုံးနှင့် သုံးဘီးဆိုင်ကယ်တစ်စီး မီးလောင်ဆုံးရှုံးသွားသဖြင့် တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ယာဆေး(ပြန်/ဆက်)**



လှိုင်သာယာမြို့နယ် အမှတ်(၅)ရပ်ကွက် တပင်ရွှေထီးလမ်း အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းရှိ ပညာ့ဗိမာန်ခန်းမ၌ ဇန်နဝါရီ ၂၈ ရက်က လှိုင်သာယာမြို့မရဲစခန်းမှူး ဒုရဲမှူးစန်းယုက ကျောင်းသား ကျောင်းသူ ၂၈၀ တို့အား သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ကျောင်းနေအရွယ်ကလေးများ သိသင့်သော မှုခင်းအသိပညာများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောစဉ်။ ရဲပြန်ကြား

# ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ကမ္ဘာ့အရေးပေါ်အခြေအနေအဖြစ် ကြေညာရန် သင့် မသင့် အစည်းအဝေးကျင်းပ

**ဂျီနီဗာ ဇန်နဝါရီ ၃၀**

တရုတ်နိုင်ငံတစ်ဝန်း ဝူဟန်ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၁၇၀ အထိ ရောက်ရှိလာပြီး နောက်ထပ် ၁၇၀၀ ထပ်မံကူးစက်ခံနေရသည်ဟု အတည်ပြုပြောကြားခဲ့သည့် သတင်းတစ်ရပ်ကို နိုင်ငံတကာသတင်းမီဒီယာ တစ်ခုက ဇန်နဝါရီ ၃၀ ရက်တွင် ဖော်ပြလိုက်သည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ယနေ့ သေဆုံးသူ ၃၈ ဦး ရှိသည့်အနက် ၃၇ ဦးမှာ ဗိုင်းရပ်စ်ဖြစ်ပွားရာ ဟူဘေးပြည်နယ်မှဖြစ်ကြောင်း သိရပြီး ကျန်တစ်ဦးမှာ စီချွမ်ပြည်နယ် အနောက်တောင်ပိုင်းမှဖြစ်ကြောင်း အမျိုးသားကျန်းမာရေးကော်မရှင်က အတည်ပြုပြောကြားလိုက်သည်။

တိဘက်တွင်လည်း ကိုရိုနာဗိုင်းရပ်စ် ပထမဆုံး ကူးစက်ခံနေရသူရှိပြီဖြစ်ကြောင်း အမျိုးသားကျန်းမာရေးကော်မရှင်က ဆက်လက်ပြောကြားသည်။

ဗိုင်းရပ်စ်ကာကွယ်မှုများ လုပ်ဆောင်နေသည့်တိုင် ထပ်မံသေဆုံးသူ ၃၈ ဦး ရှိလာပြီး တစ်နေ့တည်းတွင် ပမာဏအများအပြားသေဆုံးမှု မြင့်တက်လာခြင်းဖြစ်သည်။ ထို့အပြင် ဟူဘေးပြည်နယ်တွင် ရောဂါထပ်မံကူးစက်ခံနေရသူပေါင်း ၁၀၃၂ ဦးအထိရှိလာကြောင်း နောက်ဆုံးသတင်းဖော်ပြချက်အများစုအရ သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)က ဇန်နဝါရီ ၂၉ ရက်တွင် အားလုံးသောအစိုးရများကို ဆားစ်သဏ္ဌာန်တူ ကိုရိုနာဗိုင်းရပ်စ်ကို အရေးတယူဆောင်ရွက်မှုများ ပြုလုပ်ရန် သတိပေးလိုက်သည်။

ဝူဟန်မြို့တွင် ဇန်နဝါရီ ၂၉ ရက်က ပိတ်မိနေသော နိုင်ငံခြားသားရာပေါင်းများစွာကို လေယာဉ်ဖြင့် ရွှေ့ပြောင်းမှုများ ပြုလုပ်ခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်သည် နိုင်ငံပေါင်း ၁၂ နိုင်ငံထက်မနည်း ပျံ့နှံ့လျက်ရှိပြီး နောက်ဆုံးပျံ့နှံ့ခဲ့သည့်နိုင်ငံများမှာ ဖင်လန်နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကို ကမ္ဘာ့အရေးပေါ် အခြေအနေအဖြစ် ကြေညာရန် သင့် မသင့်ကို ဇန်နဝါရီ ၃၀ ရက်တွင် အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့သည်။

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံတကာလေကြောင်းလိုင်းများလည်း တရုတ်နိုင်ငံအတွင်းသို့ ပျံသန်းခြင်းများ မပြုလုပ်ဘဲ ဆိုင်းငံ့ထားကြောင်း သိရသည်။



ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တက်ဒရော့စ်ဂီဘရီယက်ဆု ဦးဆောင်သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကို ကမ္ဘာ့အရေးပေါ်အခြေအနေအဖြစ် ကြေညာရန် သင့် မသင့် အစည်းအဝေးတစ်ရပ် ကျင်းပနေစဉ်။

လူ့အမှားကြောင့်ဖြစ်ပေါ်လာသည့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် များစွာစိတ်မကောင်းဖြစ်ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တက်ဒရော့စ်ဂီဘရီ ယက်ဆုက လွန်ခဲ့သည့်ရက်သတ္တပတ်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အစီရင်ခံစာတွင် မှတ်ချက်ပြုပြောကြားခဲ့သည်။

အေအက်ဖ်ပီ

# ခရီးဝေးမောင်းနှင်နိုင်သည့် ဘက်စုံသုံး မောင်းသူမဲ့ ဒရုန်းယာဉ်ကို အစ္စရေးထုတ်ဖော်ပြသ

**ဂျေရုဆလင် ဇန်နဝါရီ ၃၀**

ခရီးဝေးမောင်းနှင်နိုင်သည့် ဘက်စုံသုံး မောင်းသူမဲ့ ဒရုန်းယာဉ်သစ်ကို အစ္စရေးနိုင်ငံက တီထွင်ထုတ်လုပ်လိုက်ကြောင်း အစ္စရေးနိုင်ငံပိုင် အာကာသနည်းပညာစက်မှု လုပ်ငန်းက ယမန်နေ့က ပြောကြားခဲ့သည်။

Heron MK II အမည်ရှိ မောင်းသူမဲ့ ဒရုန်းယာဉ်သည် Heron UAV ၏ နောက်ဆုံးပေါ်အမျိုးအစားသစ် တစ်ခုဖြစ်ပြီး အဆိုပါ ဒရုန်းယာဉ်အမျိုးအစားကို အစ္စရေးလေတပ်ဖွဲ့နှင့် ကမ္ဘာတစ်ဝန်းရှိ အဖွဲ့အစည်း ၂၀ ကျော်တို့က အသုံးပြုလျက်ရှိကြောင်း သိရသည်။

ခေတ်မီ နည်းပညာများကို အသုံးပြုထားပြီး လေကြောင်းဆိုင်ရာ သယ်ယူ ပို့ဆောင်ရေးအတွက် လွယ်ကူလျင်မြန်စေအောင် ဖန်တီး ထုတ်လုပ်ထားခြင်း ဖြစ်သည်ဟု ဆိုသည်။



Heron MK II ဒရုန်းယာဉ်ကို တွေ့ရစဉ်။

Heron MK II ၏အားသာချက်များမှာ အမြင့်ပေ ၃၅၀၀၀ အထိ ပျံသန်းနိုင်စွမ်းရှိခြင်း၊ တစ်နာရီလျှင် ၂၅၉ ကီလိုမီတာအထိ ရောက်အောင် မောင်းနှင်နိုင်ခြင်း၊ လေပေါ်တွင် ၄၅ နာရီကြာအောင် တစ်ဆက်တည်း ပျံသန်းနိုင်ခြင်းတို့ဖြစ်ကြောင်း သိရသည်။ နည်းပညာပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ထားမှုကြောင့် ဒရုန်းယာဉ်၏ ကိုယ်ထည်မှာ ပိုမိုကျယ်ပြန့်ခိုင်မာပြီး ထုတ်လုပ်ရာတွင် အလေးချိန်တိုးမြှင့်ထားခြင်းမရှိသည့်အတွက် လျင်မြန်မှုနှင့် ထိန်းသိမ်းကိုင်တွယ်မှု ပိုမိုလွယ်ကူစေကြောင်း သိရသည်။

ဒရုန်းယာဉ်၌ တပ်ဆင်ထားသည့် အာရုံခံစနစ်နှင့် ရေဒါစနစ်သည် နည်းပညာဆိုင်ရာ ပစ္စည်းကိရိယာများနှင့် အလွန်ဝေးကွာသည့် နေရာအထိ ထောက်လှမ်းနိုင်စွမ်းရှိပြီး နယ်စပ်ဖြတ်ကျော်ရန် မလိုအပ်ဘဲ မိုင်ပေါင်းများစွာ အကွာအဝေးအထိ ထောက်လှမ်းနိုင်ကြောင်း သိရသည်။

ဆင်ဟွာ

# ဗြိတိန်ဘရက်ဆစ် သဘောတူညီချက်ကို ဥရောပလွှတ်တော် အတည်ပြု

**ဘရပ်ဆဲလ် ဇန်နဝါရီ ၃၀**

ဗြိတိန်၏ဘရက်ဆစ်သဘောတူညီချက်ကို ဥရောပလွှတ်တော်က ဇန်နဝါရီ ၂၉ ရက်တွင် အတည်ပြုလိုက်ကြောင်း သိရသည်။

ထိုသို့ အတည်ပြုလိုက်သည့်အတွက် ဥရောပသမဂ္ဂအဖွဲ့ကြီးမှ ဗြိတိန်နုတ်ထွက်ရေးကို အပြီးသတ်ဆောင်ရွက်ရာတွင် ပိုမိုခရီးရောက်တော့မည်ဖြစ်သည်။

ဥရောပလွှတ်တော်၌ အဆိုပါနေ့က မဲခွဲဆုံးဖြတ်မှု ပြုလုပ်ခဲ့ရာတွင် ထောက်ခံမဲ ၆၂၁ မဲ၊ ကန့်ကွက်မဲ ၄၉မဲ နှင့် ကြားနေမဲ ၁၃ မဲ ရရှိခဲ့သည်။



ဘရပ်ဆဲလ်မြို့တွင် ဇန်နဝါရီ ၂၉ ရက်က ဘရက်ဆစ် သဘောတူညီချက်ကို မဲခွဲဆုံးဖြတ်ခဲ့စဉ်။

မဲခွဲဆုံးဖြတ်မှုမပြုမီ အကြိတ်အနယ် ဆွေးနွေးကြစဉ် အများစုက ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်မှုကို စိတ်မကောင်းဖြစ်မိကြောင်း ဖော်ပြခဲ့ကြသည်။

ဥရောပသမဂ္ဂ အဖွဲ့ကြီးမှ နုတ်ထွက်သွားမည်ဖြစ်သော်လည်း ဗြိတိန်သည် ဥရောပ၏ အစိတ်အပိုင်း တစ်ခုအဖြစ် ရှိနေဆဲဖြစ်ကြောင်း ဥရောပ လွှတ်တော်ဥက္ကဋ္ဌ ဒေးဗစ် ဆာဆိုလီက ပြောကြားခဲ့သည်။

ဗြိတိန်၏ သဘောတူညီချက်သည် လုပ်ထုံးလုပ်နည်း စည်းမျဉ်းအရ ဥရောပလွှတ်တော်၌ မဲခွဲဆုံးဖြတ်ပြီးနောက်တွင် ဥရောပကောင်စီက ထပ်မံမဲခွဲဆုံးဖြတ်ရန် လိုအပ်ကြောင်း သိရသည်။

ဘရက်ဆစ်သဘောတူညီချက်အရ ဗြိတိန်သည် ဇန်နဝါရီ ၃၁ ရက်တွင် ဥရောပသမဂ္ဂအဖွဲ့ကြီးမှ တရားဝင် နုတ်ထွက်တော့မည်ဖြစ်ပြီး အနာဂတ်ဆက်ဆံရေးနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ကိုရိုနာဗိုင်းရပ်စ်ကုသနိုင်မည့် ဆေးဝါးဖော်စပ်ရန် တရုတ်ဘီလျံနာ ဂျက်မား ယွမ်သန်း ၁၀၀ လှူဒါန်း

**ဟန်ကျို့ ဇန်နဝါရီ ၃၀**

ကိုရိုနာဗိုင်းရပ်စ် ကုသနိုင်မည့် ဆေးဝါးဖော်စပ်ရန် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၄ သန်းနှင့် ညီမျှသည့် တရုတ်ယွမ်ငွေသန်း ၁၀၀ လှူဒါန်းမည်ဖြစ်ကြောင်း ဂျက်မားဖောင်ဒေးရှင်းက ဇန်နဝါရီ ၃၀ ရက်တွင် ကြေညာလိုက်သည်။

သိပ္ပံပညာရှင်များသည်အချိန်ကို အန်တုပြီး ပြင်းပြသော လုံ့လဖြင့် ကြိုးစားဆောင်ရွက်နေသည်ကို မိမိတို့ သိရှိကြောင်း၊ ကာကွယ်ဆေးဖော်စပ်နိုင်ရေး သုတေသနပြုလုပ်ခြင်းမှ ပမာဏအများအပြား ဖြန့်ချိအသုံးပြုနိုင်ရေးအထိသည် လွယ်ကူသော ကိစ္စရပ်များမဟုတ်ကြောင်း အလီ ဘာဘာအုပ်စုနှင့် ဂျက်မားဖောင်ဒေးရှင်းတည်ထောင်သူ ဂျက်မားက ပြောကြားလိုက်သည်။

ဖောင်ဒေးရှင်းအနေဖြင့် ဗိုင်းရပ်စ်များကို တိုက်ဖျက်ရာတွင် ဆေးဘက်ဆိုင်ရာ သိပ္ပံပညာဖွံ့ဖြိုးတိုးတက်ရန်အတွက် ပိုမိုကူညီထောက်ပံ့မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဂျက်မားက ပြောကြားလိုက်သည်။

ပြည်သူ့သုတေသနအင်စတီကျု့များအနေဖြင့် နိုဗယ်ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးများ ဖော်စပ်ရာနှင့်အခြားကာကွယ်ဆေးဖော်စပ်ရာတွင် ဆင့်ကဲတိုးတက်မှုများအတွက်လိုအပ်သော အေအိုင်(ဉာဏ်ရည်တု) စွမ်းဆောင်ရည်များကို လွတ်လပ်စွာ အသုံးပြုနိုင်ရေးအတွက်လည်း ကူညီထောက်ပံ့မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အလီဘာဘာအုပ်စုက ပြောကြားလိုက်သည်။

နိုင်ငံတစ်ဝန်းပြန့်ပွားနေသော နိုဗယ် ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရာတွင် ရှေ့တန်းမှပါဝင်သော ဆေးဝန်ထမ်းများအတွက်လည်း ကျန်းမာရေးအာမခံ ယွမ်ငါးသိန်းကို ကူညီထောက်ပံ့မှုများ လုပ်ဆောင်သွားရန် စီစဉ်ထားရုံသာမက ဆေးဘက်ဆိုင်ရာကူညီထောက်ပံ့မှုများ ပြုလုပ်ရန် ယွမ်ငွေ တစ်ဘီလီယံကို အထူးရန်ပုံငွေအဖြစ် သတ်မှတ်ထားကြောင်း အလီဘာဘာ အုပ်စုက ဆက်လက်ပြောကြားသည်။

ဝူဟန်မြို့တွင် စတင်ဖြစ်ပွားသည့် ဗိုင်းရပ်စ်ဆိုးကို ကာကွယ်တိုက်ဖျက်ရန် တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၏ စုစုပေါင်းလှူဒါန်းမှုသည် ယွမ် ၄ ဒသမ ၅ ဘီလီယံနှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၆၄၉ သန်း ရှိနေပြီဖြစ်ကြောင်း တရုတ်စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များအသင်း မဂ္ဂဇင်းတွင် ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ၏အမျိုးသားကျန်းမာရေးကော်မရှင်မှပညာရှင် လိလန်ကျန်က ကိုရိုနာဗိုင်းရပ်စ်ကုသနိုင်မည့်ဆေးကို သုံးလအတွင်း ထုတ်လုပ်နိုင်ဖွယ်ရှိကြောင်း ပြောကြားသည့် သတင်းတစ်ခုကိုလည်း နိုင်ငံတကာသတင်းမီဒီယာအချို့တွင် ဖော်ပြထားသည်။

ဆင်ဟွာ



ဂျက်မားဖောင်ဒေးရှင်းနှင့် အလီဘာဘာအုပ်စုတည်ထောင်သူ ဂျက်မား။

# ထူးခြားဆန်းပြား ကမ္ဘာတစ်ခွင်မှ သတင်းများ

*ကလျာမိုးမြင့်*

သိပ္ပံနဲ့ နည်းပညာရပ်တွေ တစ်နေ့တခြားအဆင့်မြင့်လာတဲ့ ယနေ့ခေတ်မှာ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူတွေဟာ လူသားတွေကို အကျိုးပြုမယ့် အရာမျိုးစုံကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ တီထွင်ကြံဆနေကြပါတယ်။ ဒီတစ်ပတ်မှာတော့ သိပ္ပံပညာရှင်တွေရဲ့ ထူးခြားပြောင်မြောက်တဲ့ တီထွင်ဖန်တီးမှုအချို့နဲ့ ဆေးပညာဆိုင်ရာ သတင်းအချို့ကို စိတ်ဝင်စားဖွယ် လေ့လာမှတ်သားနိုင်ဖို့ ထုတ်နုတ်ဖော်ပြလိုက်ရပါတယ်။

### သက်ရှိဖားရဲ့ဆဲလ်ကို ပြုပြင်ဖွဲ့စည်းထားတဲ့ သက်ရှိစက်ရုပ်

သက်ရှိဖားတစ်ကောင်ရဲ့ဆဲလ်တွေကို ပြန်လည်ဖွဲ့စည်းပြီး နောက်ထပ်သက်ရှိ ပုံစံအသစ်တစ်မျိုးအဖြစ် သိပ္ပံပညာရှင်တွေက ပြန်လည်ပြုပြင်မှုတစ်ခု လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီသေးငယ်တဲ့ ဇီနိုဘော့ (xenobots) လို့ခေါ်တဲ့ သက်ရှိစက်ရုပ်ဟာ ဦးတည်ရာတစ်ခုဆီရောက်အောင် ရွေ့လျားနိုင်ပြီး ၎င်းတို့ရဲ့ အစိတ်အပိုင်းကို ဖြတ်တောက်ခံလိုက်ရရင် ပြန်ကောင်းသွားအောင် ကိုယ့်ကိုယ်ကိုယ် ကုသပေးတယ်လို့ သိရပါတယ်။ ထူးခြားလှတဲ့ ဒီသက်ရှိစက်ယန္တရားတွေဟာ သမားရိုးကျစက်ရုပ်တွေလိုမျိုး မဟုတ်သလို တိရစ္ဆာန်မျိုးစိတ်တစ်ခုလည်း မဟုတ်ပြန်ပါဘူး။ဒီအရာက လူတွေ ပြုပြင်ဖန်တီးလိုက်တဲ့ သက်ရှိအမျိုးအစားသစ်တစ်ခုလို့ ဆိုရမှာပါ။

သိပ္ပံပညာရှင်တစ်စုက ဖားရဲ့ သန္ဓေသားတွေဆီကနေရယူထားတဲ့ သက်ရှိဆဲလ်တွေကို ပြန်လည်ပြုပြင်လိုက်ပြီး သက်ရှိပုံစံတစ်မျိုးအသွင်အဖြစ် လုံးလုံးလျားလျား ပြောင်းလဲဖွဲ့စည်းပေးလိုက်ပါတယ်။မီလီမီတာလောက် သာပမာဏရှိတဲ့အဲဒီသက်ရှိ စက်ရုပ်ဟာ ပစ်မှတ်တစ်ခုဆီ ရွေ့လျားနိုင်ပြီး လူနာရဲ့ကိုယ်ထဲက သီးခြားနေရာတစ်ခုဆီ ရောက်ရှိဖို့လိုအပ်တဲ့ ဆေးကို သယ်ယူပို့ဆောင်ပေးနိုင်တယ်လို့ သိရပါတယ်။




အာဖရိကမှ ဖားမျိုးစိတ်တစ်ခုကို တွေ့ရစဉ်။

### ရှေးအကျဆုံး ကုန်းနေရေနေ ကင်းမြီးကောက်

လွန်ခဲ့တဲ့ ၃၅ နှစ်အကြာက တူးဖော်စုဆောင်းထားတဲ့ ရုပ်ကြွင်းတွေကို လေ့လာနေတဲ့ သုတေသနပညာရှင်တစ်စုက ၎င်းတို့စူးစမ်းနေတဲ့ ရုပ်ကြွင်းဟာ ရှေးအကျဆုံး ကင်းမြီးကောက်မျိုးစိတ်တွေဖြစ်နေတယ်ဆိုတာကို သိရှိခဲ့ရပါတယ်။ သမိုင်းမတင်မီခေတ်ဖြစ်တဲ့ လွန်ခဲ့သော နှစ်ပေါင်း ၄၃၇ နှစ်အကြာက ကင်းမြီးကောက်တွေဖြစ်ပြီး အဲဒီကင်းမြီးကောက်တွေဟာ ရှေးခေတ်က သမုဒ္ဒရာထဲမှာရော ကုန်းမြေပေါ်မှာပါ အသက်ရှုနိုင်စွမ်းရှိခဲ့တယ်ဆိုတာကို လေ့လာသူတွေက တွေ့ရှိခဲ့ပါတယ်။

အဲဒီလေ့လာတွေ့ရှိမှုက တိရစ္ဆာန်တွေဟာ ပင်လယ်သမုဒ္ဒရာတွေထဲမှာ ရှင်သန်နေထိုင်ရာကနေ ဘယ်လို ပြောင်းလဲပြီး ကုန်းမြေပေါ်မှာ အပြီးနေထိုင်သွားကြတယ်ဆိုတာနဲ့ပတ်သက်ပြီး သတင်းအချက်အလက်အသစ်တွေကို ပေးခဲ့ပါတယ်။ အဆိုပါ ကင်းမြီးကောက်တွေရဲ့ အသက်ရှူစနစ်နဲ့ သွေးလည်ပတ်မှုစနစ်တွေက ယနေ့ခေတ်မှာ ကုန်းပေါ်မှာသာ နေထိုင်ကြတဲ့ ကင်းမြီးကောက်တွေနဲ့ တစ်ထပ်တည်းနီးပါးတူညီနေပြီး ရေထဲမှာ အများဆုံး ရှင်သန်နေထိုင်တဲ့ မြင်းခွာပုံကဏန်းရဲ့ ရှင်သန်လှုပ်ရှားပုံနဲ့ ဆင်တူပြီး အချိန်တိုအတွင်းမှာ ကုန်းမြေပေါ် ရောက်အောင်သွားနိုင်ပါတယ်။ ၁၉၈၅



ရှေးအကျဆုံး ကင်းမြီးကောက်ရုပ်ကြွင်းကို တွေ့ရစဉ်။

ခုနှစ်က တူးဖော်တွေ့ရှိခဲ့တဲ့ ရှေးအကျဆုံးဖြစ်သော အဲဒီကင်းမြီးကောက်မျိုးစိတ်ကို သုတေသနပညာရှင်တွေက ကင်းမြီးကောက်မုဆိုးလို့ အမည်ပေးခဲ့ပါတယ်။

### သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ကို တိုက်ဖျက်ဖို့ ဗီဇပြုပြင်ထားတဲ့ခြင်

လူတွေမှာ ကူးစက်ခံစားရတဲ့ သွေးလွန်တုပ်ကွေးဗိုင်းရပ်စ် ကူးစက်မှုကို ရပ်တန့်စေဖို့အတွက် သိပ္ပံပညာရှင်တွေဟာ ခြင်တွေကို မျိုးရိုးဗီဇဆိုင်ရာ ပြုပြင်မွမ်းမံမှုတွေကို သဘာဝကျကျလုပ်ဆောင်ခဲ့ပါတယ်။ ဇီဝပညာရှင်တွေက သွေးလွန်တုပ်ကွေး ရောဂါကိုဖြန့်ဝေတဲ့ အေးဒိစ်အေဂျစ်ပတီ ခြင်တွေမှာ သွေးလွန်တုပ်ကွေးဖြစ်စေတဲ့ ဗိုင်းရပ်စ်ကို ဖိနှိပ်ဖို့ လူသားပဋိဇီဝပစ္စည်းကို ပြုပြင်စီမံလိုက်တာဖြစ်ပြီး အဲဒီပြုပြင်ဖန်တီးမှုဟာ လူသိများတဲ့ သွေးလွန်တုပ်ကွေး ဗိုင်းရပ်စ်အမျိုးအစားလေးခုကို အဓိကပစ်မှတ်ထား တိုက်ဖျက်သွားမယ့် ပထမဆုံးသော မျိုးရိုးဗီဇဆိုင်ရာ ပြုပြင်ဖန်တီးမှုတစ်ခုအဖြစ် ပြောစမှတ်တွင်ခဲ့ပါတယ်။

ကယ်လီဖိုးနီးယား ဆန်ဒီဂိုတက္ကသိုလ်က ဇီဝပညာရှင်တွေ ဦးဆောင်တဲ့ အဲဒီသုတေသနအဖွဲ့ဟာ အေးဒိစ်အေဂျစ်ပတီ ခြင်တွေကို မျိုးဗီဇဆိုင်ရာပြုပြင်ပြောင်းလဲနိုင်ခဲ့တဲ့ အောင်မြင်မှုအသေးစိတ်ကို ဖော်ပြခဲ့ပါတယ်။ ကာဂို(Cargo) လို့အမည်ပေးထားတဲ့ ပဋိဇီဝပစ္စည်းကို အေးဒိစ်ခြင်မဆီမှာ ထည့်သွင်းထားပါတယ်။ ခြင်မက သွေးကိုစုပ်ယူလိုက်တဲ့အခါ အဲဒီပဋိဇီဝပစ္စည်းက အသက်ဝင်လှုပ်ရှားလာပြီး ဒါကအန္တရာယ်ပဲဆိုတာကို ဖော်ပြမှာပါ။ ပဋိဇီဝပစ္စည်းဟာ ဗိုင်းရပ်စ်ပွားခြင်းကို နှောင့်နှေးအောင် လုပ်ဆောင်နိုင်ပြီး ခြင်တွေဆီ ဗိုင်းရပ်စ်မဖြန့်ဝေနိုင်အောင်ပြီးတော့ လူတွေဆီ မကူးစက်အောင် ကာကွယ်တားဆီးပေးမှာဖြစ်တဲ့အတွက် အစွမ်းထက်တဲ့ ဖြစ်စဉ်ဖြစ်တယ်လို့ သိရပါတယ်။



အေးဒိစ်အေဂျစ်ပတီခြင်ကို တွေ့ရစဉ်။

### လေထုညစ်ညမ်းမှုကြောင့် နှလုံးရပ်သွားနိုင်

PM 2.5 လို့ခေါ်တဲ့ လေထုညစ်ညမ်းမှုထဲမှာပါတဲ့ အမှုန်တွေနဲ့ ခဏတာပဲဖြစ်ဖြစ် ထိတွေ့ရှူရှိုက်မိရင်တောင် နှလုံးရပ်သွားနိုင်တဲ့ အန္တရာယ်ရှိကြောင်း နိုင်ငံတကာလေ့လာမှုတစ်ရပ်က တွေ့ရှိခဲ့ပါတယ်။ ကျောက်မီးသွေးလောင်ကျွမ်းခြင်း၊သတ္တုတူးဖော်ခြင်း၊ တောမီးလောင်ခြင်းနဲ့ မော်တော်ယာဉ်တွေဆီကနေထွက်ပေါ်လာတဲ့ အဆိုပါ ညစ်ညမ်းပစ္စည်းအမှုန်အမွှားတွေနဲ့ ထိတွေ့မှုများတဲ့ လူမှုအဖွဲ့အစည်းတွေကို ပညာရှင်တွေက သတိပေးထားပါတယ်။

ဂျပန်နိုင်ငံကနေရရှိတဲ့ တစ်နိုင်ငံလုံးအတိုင်းအတာ အားဖြင့် လေ့လာခဲ့တဲ့ အချက်အလက်မှာ PM 2.5 အမှုန်နဲ့ နှလုံးရပ်ခြင်းတို့အကြား ဆက်စပ်နေမှု အထောက်အထားတွေကို ပြည့်ပြည့်စုံစုံ ဖော်ပြခဲ့ပါတယ်။ ဒီသက်ရောက်မှုက သက်ကြီးပုဂ္ဂိုလ်တွေမှာ ပိုပြီးခံစားရနိုင်တယ်ဆိုတာကိုလည်း ဖော်ထုတ်ခဲ့ပါတယ်။

ဆေးရုံမှာ ကုသမှုခံယူနေချိန်ဖြစ်ခြင်းမဟုတ်တဲ့ နှလုံးရပ်ခြင်းဟာ ဆေးဘက်ဆိုင်ရာ အရေးပေါ် အခြေအနေတစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝန်းမှာရှိတဲ့ လူ ၁၀ ဦးမှာ တစ်ဦးလောက်ပဲ ဒီအဖြစ်မျိုးကနေလွတ်မြောက်မှုရှိတယ်။ လေထုညစ်ညမ်းမှု ပိုမိုပြင်းထန်စွာ ရင်ဆိုင်ရတဲ့ လူမှုအဖွဲ့အစည်းတွေမှာ ပိုပြီးအဖြစ်များတယ်ဆိုတဲ့ အထောက်အထားရှိတယ်လို့ နှလုံးရောဂါဆိုင်ရာ ကျွမ်းကျင်သူပညာရှင် ပရော်ဖက်ဆာ နီဂီရှီက ပြောကြားခဲ့တာဖြစ်ပါတယ်။



"ခြင်မက သွေးကိုစုပ်ယူလိုက်တဲ့အခါ အဲဒီပဋိဇီဝပစ္စည်းက အသက်ဝင် လှုပ်ရှားလာပြီး ဒါက အန္တရာယ်ပဲဆိုတာကို ဖော်ပြမှာပါ။ ပဋိဇီဝပစ္စည်းဟာ ဗိုင်းရပ်စ်ပွားခြင်းကို နှောင့်နှေးအောင် လုပ်ဆောင်နိုင်ပြီး ခြင်တွေဆီ ဗိုင်းရပ်စ်မဖြန့်ဝေနိုင်အောင်ပြီးတော့ လူတွေဆီ မကူးစက်အောင် ကာကွယ်တားဆီးပေးမှာ ဖြစ်တဲ့အတွက် အစွမ်းထက်တဲ့ ဖြစ်စဉ်ဖြစ်တယ်လို့ သိရပါတယ်"

## နိုင်ငံတကာသတင်းတိုထွာ

### သမ္မတထရမ့်၏ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး အစီအစဉ်ကို အီရန်နှင့် တူရကီ ရှုတ်ချ

**အန်ကာရာ ဇန်နဝါရီ ၃၀**

ဇန်နဝါရီ ၂၉ ရက်က ထုတ်ပြန်ခဲ့သည့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး အစီအစဉ်အပေါ် အီရန်နှင့် တူရကီနိုင်ငံတို့က ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အဘတ်စ်မူဆာဗီက ထရမ့်၏အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးအစီအစဉ်သည် ယခုရာစုနှစ်အတွက် သမိုင်းဝင်သစ္စာဖောက်မှုကြီးပင်ဖြစ်ကြောင်း ကြေညာချက်တစ်စောင်တွင် ဖော်ပြခဲ့သည်။ ယင်းအစီအစဉ်သည် အောင်မြင်စရာအကြောင်းမရှိဟုလည်း ၎င်းက ဝေဖန်ခဲ့သည်။

တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနက ထရမ့်၏ အစီအစဉ်သည် နှစ်နိုင်ငံ အတူယှဉ်တွဲနေထိုင်မှုကို ပျက်ပြားစေရန်နှင့် ပါလက်စတိုင်းနယ်နိမိတ်ကို သိမ်းပိုက်ရန် ရည်ရွယ်သည့် အစီအစဉ်သာဖြစ်ကြောင်း ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

### နှစ်ပေါင်း ၂၀ ကျော်အတွင်း ပထမဆုံးအကြိမ် ဘိုးရင်းကုမ္ပဏီ အရှုံးပေါ်

**ဆန်ဖရန်စစ္စကို ဇန်နဝါရီ ၃၀**

အမေရိကန်၏ ထိပ်တန်းလေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ဘိုးရင်းသည် ၂၀၁၉ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၆၃၆ သန်း ဝင်ငွေဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း ဇန်နဝါရီ ၂၉ ရက်က ပြောကြားခဲ့သည်။ ဘိုးရင်း ၇၃၇ လေယာဉ် မတော်တဆမှုနှင့်ဆက်နွှယ်သည့် နောက်ဆက်တွဲအခြေအနေများကြောင့် နှစ်ပေါင်း ၂၀ကျော်အတွင်း ပထမဆုံးအကြိမ် တစ်နှစ်လုံး အရှုံးပေါ်ခဲ့ရကြောင်း ကုမ္ပဏီက ပြောကြားခဲ့သည်။

ဘိုးရင်းအနေဖြင့် လုပ်ဆောင်ရမည့်အရာ အများအပြားရှိနေသည်ကို နားလည်သဘောပေါက်ကြောင်း ဘိုးရင်းကုမ္ပဏီအမှုဆောင်ချုပ် ဒေးဗစ်ကယ်လ်ဟွန်းကပြောသည်။ ဘိုးရင်း ၇၃၇ မက်စ်လေယာဉ်ကို ဘေးကင်းစွာ ပြန်လည်ဝန်ဆောင်မှုပေးနိုင်စေရေးနှင့် ကာလကြာမြင့်စွာ ရရှိခဲ့သည့်ယုံကြည်မှုကို ပြန်လည်တည်ဆောက်နိုင်ရန်အတွက် အလေးပေး ဆောင်ရွက်နေကြောင်း ဒေးဗစ်ကယ်လ်ဟွန်းက ပြောကြားခဲ့သည်။ ဘိုးရင်း ၇၃၇ မက်စ်လေယာဉ် မတော်တဆပျက်ကျမှုနှစ်ခုဖြစ်ပွားကာ ၃၄၆ ဦးထိ သေဆုံးရပြီးနောက် အဆိုပါအမျိုးအစားလေယာဉ်များ ပျံသန်းပြေးဆွဲမှုကို ရပ်နားခဲ့ရသည်။

**ဆင်ဟွာ**

# ရှေ့နေများကောင်စီနှင့် ရှေ့နေလိုက်သူများဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို အမျိုးသားလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

### အခန်း (၇)
### ရှေ့နေအလုပ် သင်ကြားခြင်း

၂၁။ အလုပ်သင်ရှေ့နေအဖြစ် လျှောက်ထားရာတွင် အောက်ပါအရည်အချင်းများနှင့် လိုအပ်ချက်များ ပြည့်စုံရမည် -

(က) မြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) နိုင်ငံတော်အတွင်းရှိ ဥပဒေပညာရပ်ဆိုင်ရာ တက္ကသိုလ်တစ်ခုခုမှ ဥပဒေဝိဇ္ဇာဘွဲ့ (B.L.) ရရှိသူ၊ ဥပဒေဘွဲ့ [B.A.(law)LL.B သို့မဟုတ် LL.B] ရရှိသူ သို့မဟုတ် မှတ်ပုံတင်ရှေ့နေသင်တန်း တက်ရောက်အောင်မြင်ပြီးသူ သို့မဟုတ် ပညာရေးဝန်ကြီးဌာနက သတ်မှတ်သည့် ဥပဒေပညာရပ်ဆိုင်ရာ စာမေးပွဲအောင်မြင်ပြီးသူ သို့မဟုတ် ဖော်ပြပါ ယင်းဥပဒေဆိုင်ရာ ဘွဲ့များထက်အဆင့်မနိမ့်သည့် နိုင်ငံတကာဥပဒေဆိုင်ရာဘွဲ့ တစ်ခုခုရရှိပြီးသူဖြစ်ရမည်။

(ဂ) အလုပ်သင်ကြားပေးသည့် တရားလွှတ်တော်ရှေ့နေမှာ လုပ်သက် အနည်းဆုံး ၅ နှစ် ရှိရမည်ဖြစ်သည်။ ထို့ပြင် ၎င်းသည် ရှေ့နေကျင့်ဝတ်သိက္ခာဖောက်ဖျက်မှုဖြင့် မြန်မာနိုင်ငံရှေ့နေများကောင်စီက တရားလွှတ်တော်ရှေ့နေ မှတ်ပုံတင်လက်မှတ်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းထားခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ခံထားရသူ မဖြစ်စေရ။

(ဃ) နိုင်ငံခြား တရားရုံး တစ်ခုခုတွင် ရှေ့နေလိုက်သူအဖြစ် စာရင်းသွင်းထားသူ မဖြစ်စေရ။

(င) အဂတိလိုက်စားမှုဖြင့်ဖြစ်စေ၊ ကိုယ်ကျင့်သိက္ခာဖောက်ဖျက်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှား၍ ထောင်ဒဏ်ကျခံပြီးသူ သို့မဟုတ် ထောင်ဒဏ် ကျခံဆဲဖြစ်သူ မဖြစ်စေရ။

(စ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုတွင် တာဝန်ထမ်းဆောင်စဉ် ပြည်သူပိုင် သို့မဟုတ် အများပိုင်ပစ္စည်းကို အလွဲသုံးစားမှု၊ အဂတိလိုက်စားမှု သို့မဟုတ် ကိုယ်ကျင့် သိက္ခာဖောက်ဖျက်မှုဖြင့် ရာထူးတာဝန်မှ ထုတ်ပယ်ခြင်း သို့မဟုတ် ထုတ်ပစ်ခြင်း ခံရသူ မဖြစ်စေရ။

(ဆ) မြန်မာနိုင်ငံ ရှေ့နေများကောင်စီက သတ်မှတ်သည့် အခြားအရည်အချင်းများ၊ လိုအပ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်။

၂၂။ ပုဒ်မ ၂၁ ပါ အရည်အချင်းများ၊ လိုအပ်ချက်များနှင့် ပြည့်စုံသဖြင့် အလုပ်သင်ရှေ့နေအဖြစ် ဆောင်ရွက်လိုသူသည် -

(က) မိမိရှေ့နေအလုပ်သင်ကြားမည့် နယ်မြေရှိ ဒေသဆိုင်ရာရှေ့နေများကောင်စီသို့ သတ်မှတ် ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားသည့် လျှောက်လွှာတွင် အလုပ်သင်ကြားပေးသည့် တရားလွှတ်တော်ရှေ့နေအား ထပ်ဆင့်လက်မှတ်ရေးထိုးစေပြီး ရုံးခွန်အက်ဥပဒေအရ သတ်မှတ်ထားသော ရုံးခွန်တံဆိပ်ခေါင်းကပ်ရမည်။

၂၃။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီသည် -

(က) ပုဒ်မ ၂၂ အရ လျှောက်ထားချက်ကို စိစစ်ပြီး အလုပ်သင်ရှေ့နေအဖြစ် သင်ကြားခွင့် ပြုခြင်း၊ သင်ကြားရန် ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ ခွဲ (က) အရ သင်ကြားရန် ခွင့်ပြုပါက ရှေ့နေအလုပ်သင်ကြားခွင့်ပြုကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

၂၄။ အလုပ်သင်ရှေ့နေသည် ပုဒ်မ ၂၃ အရ ရှေ့နေအလုပ် သင်ကြားခွင့်ပြုကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်အခါ မည်သည့်နေ့ရက်မှစ၍ အလုပ်သင်ကြားနေပြီဖြစ်ကြောင်း အစီရင်ခံစာကို အလုပ်သင်ကြားပေးသည့် တရားလွှတ်တော်ရှေ့နေအား ထပ်ဆင့် လက်မှတ်ရေးထိုးစေပြီး ဒေသဆိုင်ရာ ရှေ့နေများကောင်စီသို့ ပေးပို့ရမည်။

၂၅။ အလုပ်သင်ရှေ့နေသည် -

(က) သတ်မှတ်ထားသည့် အမှုလိုက် နေ့စဉ်မှတ်တမ်းပုံစံတွင် တက်ရောက်လေ့လာသည့် တရားရုံး တရားသူကြီး၏ လက်မှတ်ရေးထိုးစေရမည့်အပြင် သင်ကြားပေးသည့် တရားလွှတ်တော်ရှေ့နေကိုလည်း လက်မှတ်ရေးထိုးစေရမည်။

(ခ) ရှေ့နေအလုပ် သင်ကြားနေသည့် ကာလတွင် ရှေ့နေအလုပ်သင်ကြားခြင်းကို ထိခိုက်စေသည့် အခြားစီးပွားရေးလုပ်ငန်းတစ်ခုခု လုပ်ကိုင်ခြင်း မပြုရ။

၂၆။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခုတွင် ပြည်သူ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူသည် ပုဒ်မ ၂၁ ပါ အရည်အချင်းများနှင့် လိုအပ်ချက်များ ပြည့်စုံပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် ရှေ့နေအလုပ် သင်ကြားခွင့်ပြုရန် မိမိရှေ့နေအလုပ်သင်ကြားမည့် နယ်မြေရှိ ဒေသဆိုင်ရာ ရှေ့နေများကောင်စီသို့ ပုဒ်မ ၂၂ ပါ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားပြီး ခွင့်ပြုချက်ရယူရမည်။

### အခန်း (၈)
### အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားခြင်းနှင့် အမှုလိုက်ပါ ဆောင်ရွက်ခြင်း

၂၇။ (၁) ပုဒ်မ ၂၁ ပါ အရည်အချင်းများနှင့် လိုအပ်ချက်များ ပြည့်စုံသော အလုပ်သင်ရှေ့နေသည် -

(က) ရှေ့နေအလုပ်သင်ကြားမှု တစ်နှစ်ပြည့်မြောက်သည့်အခါ သင်ကြားပေးသည့် တရားလွှတ်တော်ရှေ့နေ၏ ရှေ့နေအလုပ်သင်ကြားမှုပြီးဆုံးကြောင်း ထောက်ခံချက်နှင့်အတူ အမှုလိုက် နေ့စဉ် မှတ်တမ်း ပူးတွဲ၍ အထက်တန်းရှေ့နေအဖြစ် သက်သေခံ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ဒေသဆိုင်ရာရှေ့နေများ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားရာတွင် မြန်မာနိုင်ငံ တံဆိပ်ခေါင်း အက်ဥပဒေအရ သတ်မှတ်ထားသော အခွန်တံဆိပ်ခေါင်း ပူးတွဲ၍ တင်ပြရမည်။

(၂) အစိုးရရှေ့နေဖြင့်ဆောင်ရွက်နေသည့် ဥပဒေအရာရှိ အဆင့် ၄ များသည် အထက်တန်း ရှေ့နေအဖြစ် သက်သေခံ မှတ်ပုံ တင်လက်မှတ် မရရှိသေးပါက အထက်တန်းရှေ့နေအဖြစ် သက်သေခံမှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ပြည်ထောင်စု ရှေ့နေချုပ်ရုံး သို့မဟုတ် သက်ဆိုင်ရာဥပဒေချုပ်ရုံးမှ တစ်ဆင့် ဒေသဆိုင်ရာရှေ့နေများကောင်စီသို့ လျှောက်ထားရမည်။

(၃) ဤဥပဒေမပြဋ္ဌာန်းမီက အထက်တန်းရှေ့နေအဖြစ် မှတ်ပုံ တင်စာရင်းမှ ပယ်ဖျက်ခြင်းခံထားရသူများသည် ဤဥပဒေ နှင့်အညီ အထက်တန်းရှေ့နေအဖြစ် မှတ်ပုံတင် သက်သေခံလက်မှတ်ထုတ်ပေးရန် ဒေသဆိုင်ရာရှေ့နေများကောင်စီသို့လျှောက်ထားနိုင်သည်။

၂၈။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီသည် -

(က) ပုဒ်မ ၂၆ နှင့် ၂၇ တို့အရ လျှောက်ထားချက်နှင့် တင်ပြချက်တို့ကို စိစစ်ပြီး အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်ပြုရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ထိုသို့ခွင့်ပြုပါက အထက်တန်းရှေ့နေများ မှတ်ပုံတင်စာရင်းတွင် ရေးသွင်းပြီး အထက်တန်းရှေ့နေအဖြစ် သက်သေခံမှတ်ပုံတင်လက်မှတ်ကို သတ်မှတ်ထားသော အခွန်တံဆိပ်ခေါင်းဖြင့် ထုတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က)အရ ထုတ်ပေးရာတွင် လက်တွေ့ အမှုလိုက်ပါ ဆောင်ရွက်ခြင်းပြုမည့် အထက်တန်းရှေ့နေအား ပြက္ခဒိန်နှစ် တစ်နှစ်အတွက် အမှုလိုက်ပါဆောင်ရွက်ခြင်းပြုရန် မှတ်ချက်ပြုပြီး လက်တွေ့ အမှုလိုက်ပါ ဆောင်ရွက်ခြင်းမပြုသည့် ပြည်သူ့ဝန်ထမ်းအား အမှုလိုက်ပါဆောင်ရွက်ခြင်းပြုရန် ခွင့်မပြုသည့်အပြင် ၎င်းတို့၏ အထက်တန်းရှေ့နေ သက်သေခံမှတ်ပုံတင် လက်မှတ်များကို အသစ်လဲလှယ်ခြင်းမှ ကင်းလွတ်ခွင့်ပြုကြောင်း မှတ်ချက်ရေးသား ရမည်။

၂၉။ ပုဒ်မ ၂၆ နှင့် ၂၈ တို့ပါ ပြဋ္ဌာန်းချက်အရ ပြည်သူ့ဝန်ထမ်းက အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားခြင်းနှင့် ၎င်းအား ဝင်ခွင့်ပြုသည့် သက်သေခံ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များသည် အစိုးရရှေ့နေ သို့မဟုတ် ဥပဒေအရာရှိနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၃၀။ အထက်တန်းရှေ့နေအဖြစ် သက်သေခံ မှတ်ပုံတင်လက်မှတ်ရရှိသူသည်–

(က) သတ်မှတ်ပေးသည့် ပြက္ခဒိန်နှစ် တစ်နှစ်ပြည့်ပြီးနောက် ဆက်လက်၍ အမှုလိုက်ပါ ဆောင်ရွက်ခြင်း ပြုလုပ်လိုသည့်အခါ ထိုတစ်နှစ်မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၉၀ ကြိုတင်၍ အထက်တန်းရှေ့နေ သက်သေခံမှတ်ပုံတင်လက်မှတ် အသစ်လဲလှယ် ထုတ်ပေးရန် သက်ဆိုင်သည့် ဒေသဆိုင်ရာရှေ့နေများကောင်စီသို့ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ အထက်တန်းရှေ့နေ သက်သေခံ မှတ်ပုံတင် လက်မှတ် အသစ်လဲလှယ်ထုတ်ပေးရန် လျှောက်ထားရာတွင် အနည်းဆုံး ရက်ပေါင်း ၉၀ ကြိုတင်၍ လျှောက်ထားခြင်း မပြုပါက သတ်မှတ်ထားသည့် ရက်လွန်ကြေး ပေးသွင်းရမည်။

၃၁။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီသည် ပုဒ်မ ၃၀ အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေအရ သတ်မှတ်ထားသော အခွန်တံဆိပ်ခေါင်းဖြင့် အထက်တန်းရှေ့နေ သက်သေခံ မှတ်ပုံတင် လက်မှတ်အသစ် လဲလှယ်ထုတ်ပေးရမည်။

၃၂။ အထက်တန်းရှေ့နေတစ်ဦးဦးသည် သက်တမ်းရှိ အထက်တန်းရှေ့နေ သက်သေခံ မှတ်ပုံတင်လက်မှတ်ရရှိမှသာ သက်ဆိုင်ရာအမှုလိုက်ပါ ဆောင်ရွက်ခြင်း ပြုနိုင်သည့်ရုံးတွင် အမှုလိုက်ပါဆောင်ရွက်ခြင်း ပြုနိုင်သည်။

၃၃။ အထက်တန်းရှေ့နေတစ်ဦးဦးသည် မိမိအားအမှုလိုက်ပါ ဆောင်ရွက်ခြင်း ပြုရန် ခွင့်ပြုထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှအပ အခြား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းသို့ပြောင်းရွှေ့ပြီး အမှုလိုက်ပါ ဆောင်ရွက်ခြင်းပြုရန် အကြောင်းပေါ်ပေါက်ပါက အထက်တန်း ရှေ့နေမှတ်ပုံတင် စာရင်း လွှဲပြောင်းပေးရန် မိမိအား မှတ်ပုံတင်စာရင်း ရေးသွင်းထားသည့် ဒေသဆိုင်ရာရှေ့နေများကောင်စီသို့ တင်ပြရမည်။

၃၄။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီသည် ပုဒ်မ ၃၃ အရ တင်ပြလာသည့်အခါ အထက်တန်းရှေ့နေ မှတ်ပုံတင်စာရင်းမှ ထိုသူ၏ အမည်စာရင်းကို ပယ်ဖျက်ပြီး ပြောင်းရွှေ့လိုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ အထက်တန်းရှေ့နေ မှတ်ပုံတင်စာရင်းတွင် သတ်မှတ်ချက်များနှင့်အညီ ရေးသွင်းနိုင်ရန် ပြောင်းရွှေ့သည့် ဒေသဆိုင်ရာ ရှေ့နေများကောင်စီသို့ လွှဲပြောင်းပေးရမည်။

၃၅။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီသည် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သော အထက်တန်းရှေ့နေအား အထက်တန်းရှေ့နေများ မှတ်ပုံတင်စာရင်းမှ ဖယ်ရှားရမည် -

(က) ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှုကြောင့် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(ခ) အကျိုးအမြတ်ရရှိသောကုန်သွယ်မှု သို့မဟုတ် စီးပွားရေးလုပ်ငန်းတွင် ဝင်ရောက် လုပ်ကိုင်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်း တစ်ရပ်ရပ်ကြောင့်ဖြစ်စေ ပယ်ဖျက်ပေးရန် ကာယကံရှင်က တင်ပြခြင်း၊

(ဂ) ရှေ့နေအဖြစ် ၃ နှစ် တစ်ဆက်တည်း အမှုလိုက်ပါဆောင်ရွက်ခြင်း မပြုခြင်း သို့မဟုတ် သက်သေခံ မှတ်ပုံတင်လက်မှတ် အသစ်လဲလှယ်ရန် ပျက်ကွက်ခြင်း၊

(ဃ) နိုင်ငံခြားတွင် ရှေ့နေလိုက်သူအဖြစ် စာရင်းသွင်းထားပြီး နိုင်ငံခြားတရားရုံးတစ်ခုခုတွင် အမှုလိုက်ပါဆောင်ရွက်ခြင်း၊

(င) ကွယ်လွန်ခြင်း သို့မဟုတ် စိတ်ပေါ့သွပ်ခြင်း။

### အခန်း (၉)
### တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားခြင်းနှင့် အမှုလိုက်ပါဆောင်ရွက်ခြင်း

၃၆။ (၁) အထက်တန်းရှေ့နေသည် အောက်ပါအရည်အချင်းများနှင့် လိုအပ်ချက်များပြည့်စုံပါက တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်ပြုရန် မြန်မာနိုင်ငံရှေ့နေများကောင်စီသို့ တိုက်ရိုက်ဖြစ်စေ၊ အမှုလိုက်ပါ ဆောင်ရွက်ခြင်းပြုသည့်အရပ်ရှိ ဒေသဆိုင်ရာရှေ့နေများကောင်စီမှတစ်ဆင့် မြန်မာနိုင်ငံရှေ့နေများကောင်စီသို့ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည် -

(က) ပုဒ်မ ၂၁ ပါ အရည်အချင်းများနှင့် လိုအပ်ချက်များ ပြည့်စုံသူ ဖြစ်ရမည်။

(ခ) အထက်တန်းရှေ့နေ သက်သေခံမှတ်ပုံတင်လက်မှတ်ကို (၃) နှစ်တစ်ဆက်တည်း အသစ်လဲလှယ်ခဲ့သူ သို့မဟုတ် အထက်တန်းရှေ့နေ သက်သေခံလက်မှတ်ရရှိပြီး နိုင်ငံ့ဝန်ထမ်းအနေဖြင့် ဖြစ်စေ၊ တရားရေး သို့မဟုတ် ဥပဒေရေးရာ တာဝန်ကို အနည်းဆုံး ၅ နှစ် ထမ်းရွက်ခဲ့ဖူးသူ ဖြစ်ရမည်။

(၂) ဤဥပဒေမပြဋ္ဌာန်းမီက တရားလွှတ်တော်ရှေ့နေအဖြစ် မှတ်ပုံတင်စာရင်းမှပယ်ဖျက်ခြင်း ခံထားရသူများသည် ဤဥပဒေနှင့်အညီ တရားလွှတ်တော်ရှေ့နေအဖြစ် မှတ်ပုံတင်သက်သေခံလက်မှတ်ထုတ်ပေးရန် မြန်မာနိုင်ငံရှေ့နေများကောင်စီသို့ လျှောက်ထားနိုင်သည်။

၃၇။ မြန်မာနိုင်ငံရှေ့နေများကောင်စီသည် -

(က) ပုဒ်မ ၃၆ အရ လျှောက်ထားချက်ကို စိစစ်ပြီး တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်ပြုရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လျှောက်ထားသူအား တရားလွှတ်တော်ရှေ့နေများ မှတ်ပုံတင် စာရင်းတွင် အစီအစဉ်အလိုက် ရေးသွင်း၍ သတ်မှတ်ထားသော ဝင်ကြေးနှင့် နှစ်စဉ်ကြေး တို့ကို ပေးသွင်းစေပြီး တရားလွှတ်တော်ရှေ့နေအဖြစ် သက်သေခံ မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

(ဂ) တရားလွှတ်တော်ရှေ့နေအဖြစ် သက်သေခံမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးပြီးသည့် တရားလွှတ်တော်ရှေ့နေများစာရင်းကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ ပေးပို့ရမည်။

၃၈။ မြန်မာနိုင်ငံရှေ့နေများကောင်စီသည် ပုဒ်မ ၃၅ ပါ အကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သော တရားလွှတ်တော်ရှေ့နေအား တရားလွှတ်တော်ရှေ့နေများ မှတ်ပုံတင်စာရင်းမှ ဖယ်ရှားရမည်။

### အခန်း (၁၀)
### အမှုလိုက်ပါဆောင်ရွက်ခြင်း

၃၉။ ရှေ့နေလိုက်သူများသည် သက်ဆိုင်ရာ အမှုလိုက်ပါဆောင်ရွက်ခြင်း ပြုနိုင်သည့် ရုံးများတွင် အမျိုးသား အမျိုးသမီး မခွဲခြားဘဲ အမှုလိုက်ပါ ဆောင်ရွက်ခြင်း ပြုနိုင်သည်။

၄၀။ တရားလွှတ်တော်ရှေ့နေသည် သတ်မှတ်ထားသည့် နှစ်စဉ်ကြေးကို ပေးသွင်းပြီးပါက နိုင်ငံတော် တစ်ဝန်းလုံးရှိ အမှုလိုက်ပါဆောင်ရွက်ခြင်းပြုနိုင်သည့် ရုံးများတွင် အမှုလိုက်ပါဆောင်ရွက်ခြင်းပြုနိုင်သည်။

၄၁။ သက်တမ်းရှိ အထက်တန်းရှေ့နေ သက်သေခံ မှတ်ပုံတင်လက်မှတ်ရှိသူသည် ခွင့်ပြုထားသည့် ခရိုင်တရားရုံး၊ မြို့နယ်တရားရုံး၊ အခွန်ရုံး၊ အယူခံရုံး၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုရုံးတွင် လည်းကောင်း၊ ဤဥပဒေအရ ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှုဖြင့် စုံစမ်းစစ်ဆေးသည့် ဒေသဆိုင်ရာ ရှေ့နေများကောင်စီက ဖွဲ့စည်းသော လုပ်ငန်းကော်မတီ (သို့မဟုတ် ခုံရုံး) တွင်လည်း ကောင်း၊ အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အထက်တန်းရှေ့နေအား အမှုလိုက်ပါ ဆောင်ရွက်ခွင့်ပြုသည့်ရုံးတစ်ခုခုတွင်လည်းကောင်း အမှုလိုက်ပါဆောင်ရွက်ခြင်းပြုနိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ရောဝတီတံတား(သရက်-အောင်လံ)အား ယခုနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၃၀၀၀ ဖြင့် ဆက်လက်တည်ဆောက်

**မကွေး ဇန်နဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင်အတွင်းရှိ (သရက်-အောင်လံ) ရောဝတီမြစ်ကူးတံတားကြီး တည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် သန်း ၃၀၀၀ ဖြင့် ဆက်လက်တည်ဆောက်လျက် ရှိကြောင်း တိုင်းဒေသကြီး တံတားတည်ဆောက်ရေး အဖွဲ့(၃)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတေဇာဖြိုးဝေထွန်းထံမှ သိရသည်။



ရောဝတီတံတား(သရက်-အောင်လံ) တည်ဆောက်ရေးလုပ်ငန်းခွင်အား တွေ့ရစဉ်။

ရောဝတီတံတား (သရက်-အောင်လံ) အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၀၅၀ ဖြင့် သရက်ဘက်ကမ်းမှ ချဉ်းကပ်တံတား အရှည် ၉၈၆ ပေနှင့် အောင်လံဘက်ကမ်း ချဉ်းကပ်တံတား အရှည် ၇၈၇ ပေတို့အား ဘိုးပိုင်လုပ်ငန်းများ တည်ဆောက်ပြီးစီးခဲ့ကြောင်းနှင့် ယခုဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ချဉ်းကပ်လမ်းနှစ်ဖက်အား တိုင်များဆက်တက်ပြီး တိုင်များအပေါ်တွင် ရက်မ ၁၉ ခန်းတင်ခြင်းနှင့် ကြမ်းခင်းစလစ်လောင်းခြင်း၊ အိမ်ရာအဆောက်အအုံ ဆောက်လုပ်ခြင်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ပစ္စည်းတင်ဒါများလည်း ခေါ်ယူပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ရောဝတီတံတား (သရက်-အောင်လံ) အရှည်မှာ ၇၄၅၆ ပေရှိပြီး ပင်မတံတားအရှည် ၅၆၈၄ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် တံတားကြီးဘေးတစ်ဖက်စီတွင် လူသွားလမ်းတစ်ခုစီပါရှိကြောင်း၊ တည်ဆောက်မှုကာလမှာ သုံးနှစ်မှငါးနှစ်အတွင်း ပြီးစီးအောင် တည်ဆောက်မည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးအဖွဲ့ (၃)ထံမှ သိရသည်။

ရောဝတီမြစ်ကူးတံတားကြီး (သရက်-အောင်လံ) ပြီးစီးပါက ကျောက်ဖြူအထူးစီးပွားရေးဇုန်မှ သရက်-အောင်လံ တံတားကြီးကိုဖြတ်ကာ နေပြည်တော်မှတစ်ဆင့် တရုတ်နိုင်ငံ ရွှေလီအထိ သွားရောက်နိုင်မည်ဖြစ်သည်။

**မေသူလွင်(မကွေး)**



# ၂၀၂၀ မျိုးစေ့ပြပွဲတွင် ရော်ဘာပျိုးပင်တစ်သိန်းကျော်အား အခမဲ့ဖြန့်ဖြူးပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၂၀**

၂၀၂၀ မျိုးစေ့ပြပွဲ အထိမ်းအမှတ် ရော်ဘာပျိုးပင် အခမဲ့ဖြန့်ဖြူးပေးအပ်ရေး အခမ်းအနားကို ဇန်နဝါရီ ၁၈ ရက်က နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ရှိ စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား)၌ ကျင်းပလျက်ရှိသည့် မျိုးစေ့ပြပွဲတွင် ကျင်းပသည်။

အခမ်းအနားတွင် Rubber Wood ကုမ္ပဏီများနှင့် ကနဦးညှိနှိုင်းချက်အရ ရှမ်းပြည်နယ်သို့ ပျိုးပင်ပေါင်း ၅၀၀၀၀၊ မွန်ပြည်နယ်သို့ ပျိုးပင်ပေါင်း ၃၀၀၀၀၊ တနင်္သာရီတိုင်းဒေသကြီးသို့ ပျိုးပင်ပေါင်း ၂၀၀၀၀၊ ပဲခူးတိုင်းဒေသကြီးသို့ ပျိုးပင်ပေါင်း ၁၀၀၀၀၊ ကရင်ပြည်နယ်သို့ ပျိုးပင်ပေါင်း ၁၀၀၀၀ ကို အခမဲ့ဖြန့်ဖြူးပေးအပ်သွားမည်ဖြစ်ရာ လာမည့်စိုက်ပျိုးရာသီတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ အရောက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း၊ လာမည့်နှစ်များတွင်လည်း မျိုးကောင်းမျိုးသန့် အဖူးဆက်ရော်ဘာပျိုးပင်များကို အဆိုပါကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ရော်ဘာပြန်လည်အစားထိုးစိုက်ပျိုးမည့် တောင်သူများသို့ ဖြန့်ဖြူးပေးနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်တို့က ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီ တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့ရှိ ရော်ဘာစိုက်တောင်သူများအတွက် ရော်ဘာပျိုးပင် ၁၂၀၀၀၀ ကို တာဝန်ရှိသူတို့ထံ ပေးအပ်ခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာနနှင့် Rubber Wood ထုတ်လုပ်တင်ပို့ရောင်းချသည့် ကုမ္ပဏီများပူးပေါင်း၍ ရော်ဘာပင်အိုများကို မျိုးကောင်းမျိုးသန့်များဖြင့် ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရေးအတွက် တောင်သူများထံ ပံ့ပိုးသွားနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကုမ္ပဏီအဖွဲ့အစည်း ၁၃ ခုမှ အဖူးဆက်ပျိုးပင် ၆၈၉၁၁ အား ရော်ဘာပြန်လည်အစားထိုးစိုက်ပျိုးရန် မွန်ပြည်နယ်သို့ ပျိုးပင်ပေါင်း ၅၂၁၃၀ နှင့် တနင်္သာရီတိုင်းဒေသကြီးသို့ ပျိုးပင်ပေါင်း ၁၆၇၈၁ ပင် ပေးအပ်နိုင်ခဲ့ကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် Rubber Wood ကုမ္ပဏီ ၃၀ မှ မွန်ပြည်နယ် ရော်ဘာစိုက်တောင်သူများသို့ ပျိုးပင်ပေါင်း ၁၁၆၀၉၀ နှင့် တနင်္သာရီတိုင်းဒေသကြီး ရော်ဘာစိုက်တောင်သူများသို့ ပျိုးပင်ပေါင်း ၁၉၂၆၁ ပင်နှင့် ရန်ကုန်တိုင်းဒေသကြီး ရော်ဘာစိုက်တောင်သူများသို့ ပျိုးပင်ပေါင်း ၁၅၀၀ ကို အခမဲ့ ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**ဇူလိုင်မိုး**

# ထိုင်းနိုင်ငံမှကောက်ခံသည့် အခွန်မြင့်မားမှုကြောင့် မြန်မာ့ပြောင်းကုန်သည်များ အခက်အခဲဖြစ်

**မြဝတီ ဇန်နဝါရီ ၂၀**

မြန်မာ့လယ်ယာထွက်ကုန်ဖြစ်သော ပြောင်းဆန်များကို ထိုင်းနိုင်ငံသို့ တင်ပို့ရန်အတွက် စုဆောင်းလျက်ရှိနေကြောင်း မြဝတီနယ်စပ်ရှိ ပြောင်းဆန် တင်ပို့သည့် လုပ်ငန်းရှင်များထံမှ သိရသည်။

လယ်ယာထွက်ကုန် ပြောင်းဆန်များကို ထိုင်းနိုင်ငံသို့ တင်ပို့ရာတွင် နှစ်နိုင်ငံသဘောတူညီချက်အရ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ အခွန်ကင်းလွတ်ခွင့်နှင့် တင်ပို့ခွင့်ရသော်လည်း ထိုင်းနိုင်ငံမှကောက်ခံသည့် အခွန်နှုန်းမြင့်မားမှုကြောင့် မြန်မာ့လယ်ယာထွက် ပြောင်းဆန်များ တင်ပို့နိုင်ခြင်းမရှိကြောင်း သိရသည်။

၂၀၁၉ ခုနှစ် ဇူလိုင်လ နောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ဂျိုင်းမြစ်ရေ မြင့်တက်ခြင်းကြောင့် ဂျိုင်း(ကျုံဒိုး) ပွန်တွန်းတံတားပေါ်မှ ကုန်တင်ယာဉ်များ သွားလာ၍မရဘဲ လမ်းခရီး ကြန့်ကြာမှုဖြစ်ပေါ်ခဲ့သဖြင့် မြန်မာ့လယ်ယာထွက် ပြောင်းဆန်များ ထိုင်းနိုင်ငံသို့ အချိန်မီတင်ပို့နိုင်ခြင်းမရှိခဲ့၍ မြန်မာ့ပြောင်းကုန်သည် လုပ်ငန်းရှင်များ များစွာနစ်နာခဲ့သည်။ **မန်းသန်းရွှေမြင့်(ပြန်/ဆက်)**



ပြောင်းဆန်ဂိုဒေါင်တစ်ခုကို တွေ့ရစဉ်။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀-၁-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၅၃၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၅၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၅၃၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၆၀/၉၁၀ | ကျပ် | ၉၀၀/၉၂၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀/၉၂၅ | ကျပ် | ၉၁၅/၉၃၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၆၀/၈၁၅ | ကျပ် | ၈၄၀/၈၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၈၈၀/၉၂၅ | ကျပ် | ၉၆၅/၉၇၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၆၅ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၁၄ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၇၅ . ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၀၃ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၄၆ . ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၈၆ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၁ . ၂၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၄၇၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၃ . ၂၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၈ . ၄၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၇ . ၀၇၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၀၀၀ | ၈၅၉ | ၉၅၁၉၀၀၀ |
| MTSH | ၃၉၅၀ | ၃၉၅၀ | ၁၂၅၉၆ | ၅၀၀၇၅၁၅၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၁၀ | ၈၃၀၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၁၆ | ၃၆၈၀၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၁၁၃ | ၃၂၂၀၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS


**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဒါရိုက်တာ မောင်ခင်ဇော်(ကေသီပန်)နှင့် ရုပ်ရှင်စကားဝိုင်း

**ဒီတစ်ပတ် ရုပ်ရှင်စကားဝိုင်းကို ကျွန်တော်နဲ့အတူ ဆွေးနွေးမယ့် ပုဂ္ဂိုလ်ကတော့ ခင်ဇော်(ကေသီပန်)ဆိုပြီးတော့ နာမည်ရှိတဲ့သူပါပဲ။ အခုကတော့ ကျွန်တော်တို့ကတော့ ဆရာ ဦးခင်ဇော်လို့ ခေါ်ဆိုပါတယ်။ ဆရာ ဦးခင်ဇော်ဟာ နာမည်ကျော် လူငယ်ဒါရိုက်တာ မိုက်တီးရဲ့ ဖခင်ဖြစ်သလိုပဲ သရုပ်ဆောင် ချစ်ချစ်ဇော်တို့၊ လင်းဇာနည်ဇော်တို့ရဲ့ ဖခင်လည်း ဖြစ်ပါတယ်။**







**ကြည်စိုးထွန်း** ။ ။ ဆရာ့ရဲ့ ဖြတ်သန်းလာရတဲ့ဘဝက ကျွန်တော်တို့ မမွေးခင်ကတည်းက ရုပ်ရှင်လောကကို ဝင်ရောက်ပြီးတော့ ရုပ်ရှင်လုပ်ငန်းတွေလည်း လုပ်လာတယ်။ လုပ်လာပြီးတဲ့နောက်မှာ ဆရာက ရုပ်ရှင်လောကသားတွေရဲ့ အကျိုးကိုလည်း တစ်ပိုင်းကနေ ဆောင်ရွက်ပေးခဲ့တာ ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ တွေ့ရတဲ့အတွက်လည်း ဆရာနဲ့ ကျွန်တော်နဲ့ ဆရာဖြတ်သန်းလာတဲ့ဘဝမှာ အဓိက ဆွေးနွေးချင်တာကတော့ ငွေရတုအချိန်က ကျွန်တော်တို့ (၂၅) နှစ်မြောက် ငွေရတုသဘင်ကျင်းပခဲ့သလို တစ်ခါ နှစ်(၅၀) ပြည့်တဲ့အခါကျတော့လည်း ရုပ်ရှင်ရွှေရတုသဘင်ဆိုပြီးတော့ ကျင်းပပါတယ်။ ကျွန်တော်တို့ကတော့ ဒါတွေ မမီဘူးပေါ့ ဆရာရယ်။ ကျွန်တော်တို့က အဲဒီနောက်မှ ရုပ်ရှင်ထဲရောက်လာတာဆိုတော့ စိန်ရတုကျမှ ကျွန်တော်တို့က ကြုံရပါတယ် သိရပါတယ်။ အဲဒီတော့ ဒီနေ့ဆရာနဲ့ ကျွန်တော်နဲ့ ရုပ်ရှင်အစည်းအရုံးကြီး ဖြစ်ပေါ်လာတဲ့အကြောင်း။ နောက်တစ်ခါ ရုပ်ရှင်ဟာ (၂၅) နှစ်ပြည့်တိုင်း ပြည့်တိုင်း ကျွန်တော်တို့ဟာ ငွေရတုသဘင်၊ ရွှေရတုသဘင်၊ စိန်ရတုသဘင်ဆိုပြီးတော့ လုပ်ဆောင်လာခဲ့ကြတဲ့ အကြောင်းတွေကိုလည်း ကြားချင်ပါတယ်ဆရာ။ ပထမဆုံးတော့ ဆရာရုပ်ရှင်ထဲကို ဘယ်ခုနှစ်ကနေပြီးတော့ ဘယ်ကုမ္ပဏီကနေ ဝင်ရောက်ခဲ့တယ်ဆိုတာလေးရယ်။ ခုနက ကျွန်တော်မိတ်ဆက်တုန်းက ကျန်ခဲ့တဲ့အကြောင်းလေးတွေရယ် ဖြည့်စွက်ပြီးတော့ ပြောပေးပါ ဆရာ။

**ဦးခင်ဇော်** ။ ။ ငွေရတုကတော့ ကျွန်တော်လည်း မမီဘူး။

**ကြည်စိုးထွန်း** ။ ။ ၁၉၄၅ ခုနှစ် ဆရာ၊ ဟုတ်ကဲ့။

**ဦးခင်ဇော်** ။ ။ မမီဘူးဆိုတာက ရိုက်တာတွေ ဘာတွေ မမီဘူးပေါ့။ ဒါပေမယ့် ဝင်ပြီးတော့ ကြည့်တာတို့၊ ဝါသနာပါလို့ သွားတာတို့၊ ကိုယ်မြင်ရတာတို့၊ ဘာတို့ကတော့ နည်းနည်းပါးပါးတော့ သိတာပေါ့။ အဲဒီတော့ ရုပ်ရှင်ငွေရတုဆိုပြီးတော့ မလုပ်ရဘူး။ အဲဒီအချိန်။ ကျွန်တော်တို့က စက်မှုလက်မှုပြပွဲကြီးဆိုပြီးတော့ အဲဒီပြပွဲကြီးနာမည်နဲ့ လုပ်တယ်။ အဲဒီတုန်းက ရုပ်ရှင်ကုမ္ပဏီတွေက သိပ်ကောင်းကြတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဆရာ။

**ဦးခင်ဇော်** ။ ။ အဲဒီမှာ လျှပ်စစ်ရုပ်ရှင်က တစ်ခါတည်း မဏ္ဍပ်ကြီးဆောက် ထိပ်ကနဖူးစည်းတွေ ဘာတွေနဲ့ တိုင်ဖုံးတွေနဲ့ ကုမ္ပဏီတွေ အကုန်လုံးလိုလို နီးပါးက ပြကြတယ်။ တတ်နိုင်တဲ့လူတွေကျတော့ စက်တွေပါ သယ်လာပြီးတော့ ကားကူးတာ ဘယ်လို၊ ကားဆေးတာ ဘယ်လို၊ ဒီလိုထွက်တယ်၊ နောက် ဘယ်လိုအသံသွင်းရတယ်၊ ဘယ်လိုဆေးရတယ်ဆိုတာက အစပေါ့လေ။ ကျွန်တော်တို့ အရင်တုန်းက စစချင်း ဆေးရတာကတော့ တော်တော်ရယ်စရာကောင်းပါတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ဆရာ။ ကြားဖူးပါတယ်။

**ဦးခင်ဇော်** ။ ။ သစ်သားခွက်ကြီး အောက်မှာ ဘီးလိုဟာမျိုးကြီးပေါ့လေ။ ဒီလိုနဲ့ တင်ထားတော့ ဒါလေးက ဒီလိုဒီလို လှုပ်တာပေါ့။ ဆေးကို လှုပ်ပေးရတာ။

**ကြည်စိုးထွန်း** ။ ။ သြော် ဆေးကို လှုပ်ပေးရတာ။ Shaking ပေါ့ ဆရာ။

**ဦးခင်ဇော်** ။ ။ ဒါမှ ဖလင်ပေါ်ကို ဆေးသားရောက်မှာကိုး။ အဲဒီလို သွားရတာလေးတွေကို ပရိသတ်သိအောင်ပေါ့။ အနည်းအကျဉ်းပြပွဲအနေနဲ့ ပြတယ်။

**ကြည်စိုးထွန်း** ။ ။ အဲဒီအချိန်တုန်းက ထင်ရှားတဲ့ ကုမ္ပဏီကြီးတွေဆို အေဝမ်းတို့၊ ဗြိတိသျှဘားမားတို့ ပါမှာပေါ့နော် ဆရာ။ သူက ထိပ်တန်းကပေါ့နော် ဆရာ။

**ဦးခင်ဇော်** ။ ။ ပဲရော့ ပါတယ်။ ရွှေမြင့်မိုရ်ပါတယ်။ အောင်ဇေယျာပါတယ်။ တော်တော်များများ ကုမ္ပဏီတွေ ပါကြပါတယ်။

**ကြည်စိုးထွန်း** ။ ။ အဓိကကတော့ စက်မှုကို ရှေ့တန်းတင်ပြီးတော့ ပြတဲ့သဘောပေါ့။ သို့သော်လည်း လူတွေကတော့ ရုပ်ရှင်ဆိုတော့လည်း စိတ်ဝင်စားပြီးတော့ ကြည့်ကြတာအားပေးကြတာပေါ့။

**ဦးခင်ဇော်** ။ ။ အဲဒီလို အားပေးတဲ့အတွက် ဒီစက်မှုလက်မှုပြပွဲကြီးဆိုတဲ့ နာမည်က မှိန်ကျန်ခဲ့ပြီးတော့ ရုပ်ရှင်က တက်လာခဲ့တယ်။ ရုပ်ရှင်ငွေရတုသဘင်ပွဲဆိုပြီးတော့။

**ကြည်စိုးထွန်း** ။ ။ ကျွန်တော်တို့ ရုပ်ရှင်ငွေရတုအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် မြန်မာနိုင်ငံ စက်မှုပြပွဲကြီးဆိုပြီး ကျင်းပတဲ့နေရာမှာ ကျွန်တော်တို့ ရုပ်ရှင်ထဲက ပုဂ္ဂိုလ်တွေ ဘယ်လိုပါဝင်ပြီးတော့ ဆင်နွှဲခဲ့ကြသလဲ။ ဘယ်လိုလုပ်ကြသလဲဆိုတာ ဆရာပြောပြပေးပါဦး ဆရာ။

**ဦးခင်ဇော်** ။ ။ ကျွန်တော်တို့ဆီက ရုပ်ရှင်ပညာသည် ကြီးများပေါ့။ ဆရာကြီးများက ဒီဟာလေးကို မဖြစ်မနေလုပ်ချင်တဲ့ဆန္ဒ ရှိပုံပေါက်တယ်။ သူတို့ ဘုရင်ခံအုပ်ချုပ်နေတဲ့ အချိန်ဖြစ်နေတော့ မလွတ်လပ်ဘူး။ မလွတ်လပ်တော့ သူတို့ပွဲကို လုပ်တယ်။ ဒီကလည်း ငွေရတုလုပ်ချင်တယ်။ ငွေရတု (၂၅) နှစ်ကို လုပ်ချင်တော့ လူကြီးတွေ တိုင်ပင်ပြီးတော့ ရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံးဆိုပြီး ဖွဲ့စည်းလိုက်တယ်။ အဲဒီ ဖွဲ့စည်းတဲ့အထဲမှာ လန်ဒန်အတ်ဦးအုန်းမောင်၊ ဗြိတိသျှဘားမား ဦးညွန့်၊ ပဲရော့ရုပ်ရှင်က ဦးဆန်နီဆိုတဲ့ ပုဂ္ဂိုလ်ကြီး သုံးယောက်ကို နာယကများအဖြစ်ထားပြီးတော့ ဥက္ကဋ္ဌက အေဝမ်းက ဦးတင်နွယ်၊ ဒုတိယဥက္ကဋ္ဌက ဦးချန်ထွန်း၊ (ဗြိတိသျှဘားမား)၊ အထွေထွေ အတွင်းရေးမှူးက ဦးစိုးမောင်၊ (ရွှေပြည်စိုး)၊ တွဲဖက် အထွေထွေအတွင်းရေးမှူးက ဦးလွန်းဖေ (ဆွေဗမာရုပ်ရှင်)။ ငွေထိန်းက ဦးတင်မောင်၊ စာရင်းစစ်မှူးက ဦးသန်းဖေ (ရွှေမြင့်မိုရ်)တို့ ဖြစ်ကြပါတယ်။ အဲဒီ လူတွေက အခုဆိုရင် တစ်ယောက်မှ မရှိတော့ဘူး။ တော်တော် စိတ်မကောင်းစရာပါ။ နောက် ကော်မတီလူကြီးများအဖြစ်ဆိုရင် ကျွန်တော်တို့ ရုပ်ရှင်လောကမှာရှိတဲ့ လူကြီးတွေ အားလုံးလိုလိုပါတဲ့ သဘောရှိပါတယ် ခင်ဗျာ။ ဦးမောင်မောင်၊ ဦးငြိမ်း၊ ဦးဘဇင်။ ဦးဘဇင်ဆိုရင် ဒါရိုက်တာ နောက်ဒါရိုက်တာထဲကဆို ဆရာခန့်တို့၊ ဦးအောင်မြတ်တို့၊ နောက်ပြီးတော့ ဦးညီပုပါတယ်။ ဦးဘရင်၊ ဦးမောင်ကြီး၊ ဦးသိန်းမောင် (ကန်တော်မိတ်ရုပ်ရှင်)လည်း ပါပါတယ်။ ပြပွဲကြီးရဲ့ အလုပ်ကော်မတီဥက္ကဋ္ဌက ဦးချန်ထွန်း (ဗြိတိသျှဘားမား)၊ အတွင်းရေးမှူးက ဦးသန်းဖေ (ရွှေမြင့်မိုရ်)၊ တွဲဖက် အထွေထွေအတွင်းရေးမှူးက ဦးမောင်မောင် (လန်ဒန်အတ်)၊ နောက်ပြီးတော့ ဦးခင်ဇော်။



လန်ဒန်အတ် ဦးအုန်းမောင်



ဗြိတိသျှဘားမား ဦးညွန့်



ပဲရော့ ဦးဆန်နီ



ဦးတင်နွယ်



ဦးချန်ထွန်း



ဦးလွန်းဖေ

**ကြည်စိုးထွန်း** ။ ။ သြော် - ဒီဇူဇာ၊ ကိုကျော့မှူးရဲ့ အဖေပေါ့။ ဦးခင်ဇော် - တွဲဖက်ကတော့ ဦးမြင့်၊ သူတို့ လုပ်ကြတာပါ။ သူတို့ လုပ်ကြတာက ပြပွဲပြိုင်ပွဲမှာဆိုလို့ရှိရင် အပြင်လောကမှာ မရှိတဲ့ဟာတွေ၊ ရုပ်ရှင်လုပ်ငန်းနဲ့ ပတ်သက်တဲ့ဟာတွေ နောက်ပြီးတော့ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ဟာ၊ ပညာရေးနဲ့ ပတ်သက်တဲ့ဟာ၊ လူထုဆက်ဆံရေးနဲ့ ပတ်သက်တဲ့ဟာတွေ အကုန်လုံး သူ့အခန်းနဲ့၊ သူ့ကဏ္ဍနဲ့ အလုပ်လုပ်တာ။ ဆိုလိုတာက အင်မတန်မှ ကျေးဇူးတင်စရာကောင်းပါတယ်။ ဒီပုဂ္ဂိုလ်မျိုးကြီးတွေက။ သတင်းနှင့် ဖြန့်ချိရေးဌာနကနေပြပွဲတွေ အဲဒီလိုမျိုးဟာတွေက အစ။

**ကြည်စိုးထွန်း** ။ ။ တော်တော်ကျကျနန လုပ်တာပေါ့နော်။ မြန်မာတွေဟာ ဘယ်လောက်လုပ်နိုင်သလဲဆိုတာကို အင်္ဂလိပ်လက်အောက်မှာရှိနေတုန်းမှာ ဒီပွဲကြီးကို ရအောင် ကျင်းပခဲ့တာ။ အဲဒီတော့ တစ်ခါမှ မပြုပြင်ဘူးတဲ့ ရွှေတိဂုံအနောက်ဘက်မုခ်က မြေကွက်လပ်ကြီးကို ရှင်းတာပေါ့နော်။ ရက် ၂၀ လောက် ရှင်းယူရတယ် ပြောတယ်။ ရှင်းပြီးတော့ ခုနက ဆရာပြောတဲ့ စက်မှုပြခန်းတွေ သူတို့က ထားတာ။ ဒါပေမယ့်

*စာမျက်နှာ ၁၉ သို့*



လင်းဇာနည်ဇော်၊ ဒါရိုက်တာမိုက်တီး၊ ချစ်ချစ်ဇော်၊ ဦးခင်ဇော်



အမည် - ဦးခင်ဇော်
(၂၄. ၃. ၁၉၃၁ - ၃. ၁၂. ၂၀၁၈)
အနုပညာအမည် - မောင်ခင်ဇော် (ကေသီပန်)
တာဝန်ယူခဲ့သော - ယခင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
အနုပညာလုပ်ငန်းများ ဥက္ကဋ္ဌ



အမည် - ဦးကြည်စိုးထွန်း
(၉. ၁၂. ၁၉၄၅ - )
အနုပညာအမည် - ကြည်စိုးထွန်း
တာဝန်ယူခဲ့သော - ရုပ်ရှင်ဇာတ်ညွှန်း/ဒါရိုက်တာ
အနုပညာလုပ်ငန်းများ - နာယက၊မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး






*စာမျက်နှာ ၁၈ မှ*

အဓိက ဦးဆောင်သွားတာက ဒီရုပ်ရှင်လောကက လူကြီးတွေက ဦးဆောင်သွားတယ်။ ၁၉၄၇ ခု မတ်လ ၁ ရက်နေ့ကနေ ၁၀ ရက်နေ့အထိ ကျင်းပတဲ့အခါ မတ်လ ၁ ရက်နေ့မှာ ဖွင့်ပွဲလုပ်တယ်။ ဖွင့်ပွဲလုပ်တော့ ကျွန်တော်တို့ဆီက ရုပ်ရှင်ထဲက လူကြီးတွေက စောင့်နေတယ်တဲ့။ ဒီထဲမှာရေးတယ် ဆရာ။ နံနက် ၈ နာရီတွင် ရုပ်ရှင်နှင့် ပြဇာတ်အစည်း အရုံးကြီးနာယကနှင့် အဖွဲ့ဝင်ဝန်ကြီးများက တင်ကြို ရောက်ရှိနေပြီး ၈ နာရီခွဲအချိန်တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဒီးဒုတ်ဦးဘချို ရောက်လာသည်။ နောက် ၈ နာရီ ၄၅ မိနစ်တွင် ဗိုလ်ချုပ်အောင်ဆန်း ရောက်လာသည်တဲ့။ နောက် ၉ နာရီတိတိအချိန်တွင် ဘုရင်ခံ ဆာဟူးဘတ် ရန့်(စ်) ရောက်လာ၍ ဗိုလ်ချုပ်အောင်ဆန်းက လူကြီး များနှင့် မိတ်ဆက်ပေးပြီး ပြခန်းအလယ်ကောင်ရှိ စင်မြင့်ပေါ်သို့ ခေါ်ဆောင်သွားခဲ့သည်တဲ့။

**ကြည်စိုးထွန်း** ။ ။ နောက်တစ်ခု ကောင်းတာက စစ်ပြီးကာလ ၁၉၄၅ ခုနှစ် ဩဂုတ်လ နောက်ပိုင်းတုန်းကတဲ့ ။ နေသူရိန် အစည်းအဝေးကြီးပြီးချိန်တွင် သခင်နု၊ ဒီးဒုတ်ဦးဘချို၊ သခင်ဝတင်တို့က မြန်မာနိုင်ငံတွင် ရုပ်ရှင်အစည်းအရုံးကြီး ရှိသင့်ကြောင်း တိုက်တွန်းအကြံဉာဏ်ပေးချက်ရှိသည်တဲ့။ တစ်ဖန် ဗိုလ်ချုပ်အောင်ဆန်းက တိုက်တွန်းသဖြင့် ရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံးကြီးကို တည်ထောင်ခဲ့သည်ဟု ဆိုသည်တဲ့။ ပထမရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံးနေရာမှာ ကန်တော်ကြီးစောင်းမြိုင်ရုံ အနီးတွင်ဖြစ်ပြီး နောက်တွင် ကန်တော်မိတ်နေရာသို့ ရွှေ့ပြောင်းခဲ့သည်တဲ့။ ယခုရုပ်ရှင်ကောင်စီ ရုပ်ရှင်အစည်းအရုံးပေါ့ဆရာ၊ တူတူပဲပေါ့။ တည်ရှိသောအဆောက်အဦကိုမူ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရပြီးနောက် ဈာပနအခမ်းအနားသတင်းကားကို ရိုက်ကူးရုံတင်ပြသခဲ့ရာမှရသော ငွေများဖြင့် ရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံးကြီးက ဝယ်ယူခဲ့ခြင်းဖြစ်သည်ဟု သိရပါတယ်။ ဒါကတော့ သွေးသောက်မဂ္ဂဇင်းထဲမှာ ကျွန်တော်တွေ့တာ ဆရာ။ ဆောင်းပါးရှင်က နဂါးနိုင်တဲ့။ အဲဒါနဲ့ ပတ်သက်ပြီးတော့ ကွဲလွဲချက်များရှိရင် သို့မဟုတ် ဖြည့်စွက်ချက်ရှိရင် ပြောပါဦးဆရာ။

**ဦးခင်ဇော်** ။ ။ ကောင်းပါတယ် သူရေးထားတာ။ အဲဒီတော့မြန်မာလူမျိုးတွေရဲ့ အသွင် သရုပ်လည်းဖြစ်တဲ့ လယ်ယာစိုက်ပျိုးရေးကို အစိုးရက စိုက်ပျိုးရေးဌာနကနေပြီးတော့ တာဝန်ယူပြီးတော့ ပြင်ဆင်ပေးတယ်။ အဲဒီပညာရပ်တွေထဲက သူကျွမ်းကျင်တာသူယူ၊ ကိုယ်ကျွမ်းကျင်တာ ကိုယ်ယူဆိုပြီး အကုန်လုံးက သူတို့ဟာသူ လုပ်သွားတဲ့အတွက် ဒီပြပွဲကြီးက သိပ်အောင်မြင်သွားတယ်။ ကြည့်ချင်တာမှန်သမျှ အကုန်ရှိတယ်။ ဥပမာ ပြပွဲကြည့်မယ် အငြိမ့်တို့၊ ဇာတ်သဘင်တို့ ကြည့်မယ်။ အငြိမ့်ရှိတယ်၊ ဇာတ်ရှိတယ်၊ လက်ဝှေ့ရှိတယ်၊ နပန်းရှိတယ်၊ ပြဇာတ်၊ ကဇာတ်၊ မျက်လှည့်အဲဒီဟာတွေ အကုန်လုံးရှိတယ်။ ကျွန်တော်တို့ဖတ်သွားတော့တာ မြန်တယ်။ တစ်ခန်းတစ်ခန်းကို သူ့အခန်းကဏ္ဍနဲ့ သူလုပ်ထားတော့


ဆရာခန့်



ဦးအောင်မြတ်



ဦးညီပု



ဦးမောင်မောင်


ဦးဘဇင်


တက္ကသိုလ်မျိုးချစ်


ဦးကျော်အေး


ဦးတင်မောင်




ကြယ်နီ၊ စိန်ခင်



ဖိုးပါကြီး


ဖိုးပါလေး



ချစ်မောင်


ဦးသန်းဖေ


သန်းနွဲ့

တကယ့်အများကြီးပဲ။ ဆိုတော့ လူကြီးတွေရဲ့ ရည်မှန်းချက်အောင်မြင်သွားတာပေါ့ဗျာ။ သူက ထင်ပေါ်ချင် တယ်။ ထင်ပေါ်ချင်တာက အဖွဲ့အစည်းနော်။ ပုဂ္ဂိုလ်ရေး တစ်ယောက်တည်း ထင်ပေါ်ချင်တာမဟုတ်ဘူး။ ငါတို့ အဖွဲ့အစည်းကြီးက လုပ်လိုက်တာ ဒီလိုကောင်းတယ်။ နောက်ပြီးတော့ ရုပ်ရှင်ကိုလည်း ခဲခဲယဉ်းယဉ်းနဲ့ ဒီစက်တွေ ဘာတွေတောင် မမြင်ဖူးဘဲနဲ့ ကားကူးကား ဆေးစက်ကို ဘယ်လိုလုပ်ခဲ့ရတယ်။ ဖလင်တွေကိုမှ တစ်ခါတည်း ဟိုဟာကြီးနဲ့ ဖတ်ခဲ့ရတာ။

**ကြည်စိုးထွန်း** ။ ။ ရစ်ဘီးကြီးနဲ့။

**ဦးခင်ဇော်** ။ ။ အခြောက်လှန်းပြီးတော့ အဲဒီလို လုပ်ခဲ့ရတာ မြင်သွားစေချင်တယ်။ ဘာမှမရှိလည်း တို့လုပ်လို့ရတယ်ကွ။ အဲဒီလိုမျိုးပေါ့လေ။ ဂုဏ်ယူစရာသိပ်ကောင်းတာက ဒီလူကြီးတွေရဲ့ကျေးဇူးပေါ့။

**ကြည်စိုးထွန်း** ။ ။ မှန်ပါတယ်ဆရာ။ မလွတ်လပ်သေးဘူးလေဆရာ။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလမှ ကျွန်တော်တို့က လွတ်လပ်မှာကိုး။ အခုက ၁၉၄၇ ခုနှစ် မတ်လဆိုတော့ ဒီကျွန်ဘဝမှာပဲ ကျွန်တော်တို့က အဘက်ဘက်အစွမ်းအစရှိတယ်ဆိုတာ ပြတဲ့ပွဲလို့ နာမည်တပ်ရင်တောင် ရမယ်နော်ဆရာ။

**ဦးခင်ဇော်** ။ ။ ရတာပေါ့။

**ကြည်စိုးထွန်း** ။ ။ ရွှေတိဂုံဘုရားအနောက်မုခ်မှာ သူတို့ပြတဲ့ပွဲကြီးက ခုနကပြောသလို လယ်ယာစိုက်ပျိုးရေးရော၊ နောက်ပွဲလမ်းသဘင်တွေရော၊ ကျွန်တော်တို့ ရုပ်ရှင်ဘက်မှာရော ရုပ်ရှင်စက်တွေ ပြတယ်ဆိုတော့ တစ်ခါတည်းကို ကြိတ်ကြိတ်တိုးစည်ကားပြီးတော့ အောင်မြင်တာပေါ့နော်။ အဲဒီရဲ့အမွေက ကျွန်တော်တို့ဘာရသွားသလဲဆိုတော့ ပြဇာတ်နှင့် ရုပ်ရှင်အစည်းအရုံးကြီး ဆိုပြီးတော့ ဖြစ်သွားတာပေါ့။ ပြဇာတ်နှင့် ရုပ်ရှင်အစည်းအရုံးကြီးဆိုပြီးတော့ ဖြစ်တာက ဆရာပြဇာတ်က ဘယ်လိုပါလာလဲဆရာ။

**ဦးခင်ဇော်** ။ ။ ပြဇာတ်က ဘယ်လိုပါလာလဲ ဆိုတော့ ရုပ်ရှင်က ခေတ်ကူးပြောင်းတဲ့ အချိန်ကာလ။

**ကြည်စိုးထွန်း** ။ ။ စစ်ဖြစ်တဲ့ခေတ်မှာ၊

**ဦးခင်ဇော်** ။ ။ အဲဒီလိုဖြစ်နေတာက တစ်ကြောင်း စစ်ဖြစ်နေတော့ ရုပ်ရှင်ကို မရိုက်နိုင်ကြဘူး။ စားဝတ်နေရေးအတွက်ဆိုပြီးတော့ ပြဇာတ်လိုက်ကကြတယ်။ ပြဇာတ်လိုက်ကကြတော့ အဲဒီမှာ မြိုင်ရုံတို့ ဘာတို့ အကုန်လုံးပေါ်လာကြတာပေါ့လေ။ ပြဇာတ်ကိုပဲ အားလုံးစိတ်ထက်သန်ပြီးတော့ ဒါကိုပဲ ကြည့်နေတယ်။ ပြဇာတ်မင်းသားတက္ကသိုလ် မျိုးချစ်တို့။

**ကြည်စိုးထွန်း** ။ ။ ဦးကျော်အေးတို့၊ ဖိုးပါကြီး၊ ဖိုးပါလေး၊ ချစ်မောင်၊ ကြယ်နီ စိန်ခင်။

**ဦးခင်ဇော်** ။ ။ ကိုသန်းနွဲ့တို့ ကိုသန်းနွဲ့ တို့ဆိုလို့ရှိရင် ဒါရိုက်တာရော မင်းသားရော တကယ်သူ့ခေတ်တုန်းကလည်း သူတော်တော်ကောင်းတာပဲ။

## 2019-20 EPL WEEK - 25

# မော်ရင်ညို့နဲ့ ဂွါဒီယိုလာ ပြန်တွေ့မယ့်အချိန်

### ဝေမိုးဆက်

ဒီတစ်ပတ်မှာတော့ မန်စီးတီးက စပါးရဲ့အိမ်ကွင်းမှာ သွားရောက်ကစားရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲက မော်ရင်ညို့နဲ့ ဂွါဒီယိုလာ ပြန်လည်ရင်ဆိုင်တွေ့မယ့်ပွဲဖြစ်ပြီး စိတ်ဝင်စားဖို့ကောင်းနေသလို မန်ယူအနေနဲ့လည်း ဆုံတွေ့တိုင်း ကစားရခက်တဲ့ ဝုဖ်နဲ့ရင်ဆိုင်ရမှာဖြစ်လို့ နိုင်ပွဲရပ့်ါမလားဆိုတာ စောင့်ကြည့်ရမယ်။

**ဂိုးအများဆုံးသွင်းထားသူများ**

| အမည် | အသင်း | ဂိုး |
|---|---|---|
| ဗာဒီ | လက်စတာ | ၁၇ |
| အဂွဲရိုး | မန်စီးတီး | ၁၆ |
| အူဘာမီယန် | အာဆင်နယ် | ၁၄ |
| ဒန်နီအင့်စ် | ဆောက်သမ်တန် | ၁၄ |

### လက်စတာ - ချယ်လ်ဆီး

ပထမအကျော့ရလဒ် - ချယ်လ်ဆီး ၁-၁ လက်စတာ

အခုနောက်ပိုင်းမှာ ချယ်လ်ဆီးက ခြေစွမ်းပိုင်း အနည်းငယ် ကျဆင်းနေပါတယ်။ အထူးသဖြင့် ချယ်လ်ဆီးရဲ့ ခံစစ်ပိုင်းက အားနည်းမှုတွေရှိနေပြီး ပွဲတိုင်းနီးပါး ဂိုးတွေပေးနေရတယ်။ လက်စတာကတော့ ဗာဒီပါဝင်ဖို့ မသေချာပေမယ့် တိုက်စစ်ကစားသမားကောင်းတွေ ရှိပါတယ်။ အထူးသဖြင့် ချယ်လ်ဆီးတိုက်စစ်ကလည်း ဂိုးသွင်းခြေရရှိနေတာကြောင့် သွင်းဂိုးများမယ့်ပွဲ ဖြစ်လာနိုင်တယ်။

### ပဲလေ့စ် - ရှက်ဖီးလ်ယူ

ပထမအကျော့ရလဒ် - ရှက်ဖီးလ် ၁-၀ ပဲလေ့စ်

ပဲလေ့စ်က ခြေစွမ်းပိုင်း မတည်ငြိမ်ဘူး။ မန်စီးတီး၊ အာဆင်နယ်တို့ကို သရေကစားနိုင်ခဲ့ပေမယ့် ဆောက်သမ်တန်ကို အိမ်ကွင်းမှာ အရေးနိမ့်ခဲ့ရတယ်။ ရှက်ဖီးလ်ယူကတော့ လက်ရှိခြေစွမ်းပိုင်း ကောင်းမွန်မှုရှိတယ်။ အထူးသဖြင့် ရှက်ဖီးလ်ဟာ ခံစစ်ကစားပုံကောင်းသလို တန်ပြန်တိုက်စစ်လည်း ထက်မြက်တာကြောင့် ပဲလေ့စ်ကို တံ့ပြန်ကစားနိုင်မှာပါ။ ရှက်ဖီးလ်ကိုပဲ နှစ်သက်တယ်။

### ဝက်စ်ဟမ်း - ဘရိုက်တန်

ပထမအကျော့ရလဒ် - ဘရိုက်တန် ၁-၁ ဝက်စ်ဟမ်း

ဝက်စ်ဟမ်း ခြေစွမ်းပြန်လည်ကျဆင်းနေပါတယ်။ နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲမရခဲ့ပါဘူး။ ခံစစ်ပိုင်းကလည်း ပွဲတိုင်းဂိုးပေးခဲ့ရတယ်။ ဒါပေမယ့် ရလဒ်တွေဆိုးနေလို့ အိမ်ကွင်းမှာ နိုင်ပွဲပြန်ရှာမှာဖြစ်တယ်။ ဒ့ါအပြင် ဘရိုက်တန်ကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်း အားနည်းမှုတွေများနေတာကြောင့် ဝက်စ်ဟမ်းတို့ နိုင်ပွဲပြန်ရနိုင်ပါတယ်။

### မန်ယူ - ဝုဖ်

ပထမအကျော့ရလဒ် - ဝုဖ် ၁-၁ မန်ယူ

မန်ယူဟာ ဝုဖ်နဲ့ ရင်ဆိုင်ရတိုင်းမှာ ရှုန်းကန်ရလေ့ရှိပါတယ်။ လက်ရှိအချိန်မှာ မန်ယူအနေနဲ့ အိမ်ကွင်းမှာ ကစားရမှာဖြစ်ပေမယ့်လည်း တိုက်စစ်မှာ ရက်ရှ်ဖို့ဒ် မပါဝင်နိုင်တာကြောင့် ဝုဖ်ကို ပိုမိုပြီး ခက်ခက်ခဲခဲ ကစားရနိုင်ပါတယ်။ ဝုဖ်အနေနဲ့လည်း လက်ရှိအချိန်မှာ ခြေစွမ်းကောင်းမွန်နေတာကြောင့် ဒီပွဲမှာ မန်ယူ ဂိုးပြတ်နိုင်ဖို့ ခက်ခဲလွန်းပါတယ်။

### ဘန်းမောက် - ဗီလာ

ပထမအကျော့ရလဒ် - ဗီလာ ၁-၂ ဘန်းမောက်

ဘန်းမောက်အိမ်ကွင်းဖြစ်တာကြောင့် အားစိုက်ကစားလာမှာဖြစ်ပေမယ့် လက်ရှိခြေစွမ်းပိုင်းကတော့ တည်ငြိမ်မှု မရှိပါဘူး။ ခံစစ်ပိုင်းကလည်း အားနည်းမှုတွေ ရှိနေပြီး ပွဲတိုင်းနီးပါး ဂိုးတွေပေးနေရတယ်။ ဗီလာကတော့ မန်စီးတီးကို ဂိုးပြတ်အရေးနိမ့်ခဲ့ပြီးတဲ့ နောက်ပိုင်း ခြေစွမ်းပိုင်း အနည်းငယ်တိုးတက်လာသလို တိုက်စစ်ကလည်း ဂိုးသွင်းခြေ မဆိုးဘူး။ ဗီလာ သရေလောက် ရနိုင်ပါတယ်။

### လီဗာပူး - ဆောက်သမ်တန်

ပထမအကျော့ရလဒ် - ဆောက်သမ်တန် ၁-၂ လီဗာပူး

ဆောက်သမ်တန်က အခုနောက်ပိုင်း ခြေစွမ်းပိုင်း ကောင်းမွန်လာပါတယ်။ တိုက်စစ်ကလည်း ဂိုးသွင်းခြေကောင်းနေတယ်။ လီဗာပူးကတော့ ချန်ပီယံဖြစ်ဖို့အတွက် ပွဲတိုင်းကို အားစိုက်ကစားနေပေမယ့် ခြေမချော်ဖို့အတွက် ဂိုးပြတ်နိုင်ပွဲရဖို့ထက် နိုင်ပွဲရအောင်သာ ထိန်းကစားနေတာ တွေ့ရတယ်။ လီဗာပူး အိမ်ကွင်းဖြစ်ပေမယ့် မာနေးပါဝင်ဖို့လည်း မသေချာဘူး။ လီဗာပူး ဂိုးပြတ်နိုင်ဖို့ ခက်မယ်။

### ဘန်လေ - အာဆင်နယ်

ပထမအကျော့ရလဒ် - အာဆင်နယ် ၂-၁ ဘန်လေ

အာဆင်နယ်ခြေက ထင်သလောက် တည်ငြိမ်မှုမရှိသေးပါဘူး။ အဝေးကွင်းပွဲတွေမှာဆိုရင် အာဆင်နယ်တို့ ပိုမိုရုန်းကန်ရတတ်ပါတယ်။ ဘန်လေကတော့ အိမ်ကွင်းအားနဲ့ ခံကစားမှာဖြစ်သလို ခြေစွမ်းပိုင်းလည်း မဆိုးပါဘူး။ အာဆင်နယ်တို့ နိုင်ပွဲရဖို့ အားစိုက်မှာဖြစ်ပေမယ့် သရေလောက်ပဲရမယ်။

### ကာဆယ် - နော့ဝှစ်ချ်

ပထမအကျော့ရလဒ် - နော့ဝှစ်ချ် ၃-၁ ကာဆယ်

ကာဆယ်ခြေစွမ်းပိုင်း မတည်ငြိမ်ဘူးဆိုပေမယ့် အိမ်ကွင်းပွဲတွေမှာ ချယ်လ်ဆီးကိုတောင် အနိုင်ကစားနိုင်ခဲ့တာကို သတိပြုရမယ်။ တိုက်စစ်က ဂိုးသွင်းခြေလည်းမဆိုးဘူး။ ဒါပေမယ့် အခုနောက်ပိုင်းမှာ နော့ဝှစ်ချ်ကလည်း ခြေစွမ်းပိုင်း အနည်းငယ်တိုးတက်လာတာကြောင့် ကာဆယ် ရုန်းကန်ရနိုင်ပါတယ်။ သွင်းဂိုးနည်းမယ့်ပွဲဖြစ်တယ်။

### ဝက်ဖို့ဒ် - အဲဗာတန်

ပထမအကျော့ရလဒ် - အဲဗာတန် ၁-၀ ဝက်ဖို့ဒ်

အဲဗာတန်က အန်ဆယ်လော့တီရဲ့ လက်ထက်မှာလည်း ခြေစွမ်းပိုင်းက တိုးတက်မှု အားနည်းနေပါတယ်။ နောက်ဆုံးနှစ်ပွဲဆက် သရေကျခဲ့ရတယ်။ ဒါပေမယ့် ဝက်ဖို့ဒ်ကလည်း လက်ရှိအချိန်မှာ ခြေစွမ်းမတည်ငြိမ်ဘဲ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေ အားနည်းနေတယ်။ အဲဗာတန်ကိုပဲ နှစ်သက်တယ်။

### စပါး - မန်စီးတီး

ပထမအကျော့ရလဒ် - မန်စီးတီး ၂-၂ စပါး

စပါးက အိမ်ကွင်းမှာ ကစားရမှာဖြစ်ပေမယ့်လည်း ခြေစွမ်းပိုင်းက အားနည်းမှုတွေ များနေပါတယ်။ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းအား နည်းနေတယ်။ မန်စီးတီးကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်း ကောင်းမွန်နေပြီး တိုက်စစ်ကလည်း ဂိုးသွင်းအား ကောင်းနေပါတယ်။ စပါးအနေနဲ့ အိမ်ကွင်းအားနဲ့ ခံကစားမှာဖြစ်ပေမယ့် မန်စီးတီးပဲ နိုင်ပွဲရမယ်။

# ဟော်လန်တောင်ပံကစားသမား ဘာဂျ်ဝိုင်အား စပါးအသင်းခေါ်ယူ




ပရီမီယာလိဂ်ကလပ် စပါးအသင်းသည် ပြီးခဲ့သည့် ဇန်နဝါရီ ၂၉ ရက်တွင် အိုင့်ဟိုဗင်အသင်း တောင်ပံကစားသမား စတီဗင်ဘာဂျ်ဝိုင်အား အပြီးသတ်စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်သည်။

စပါးအသင်းသည် ဟော်လန်ကစားသမား ဘာဂျ်ဝိုင် (၂ နှစ်)အတွက် ပြောင်းရွှေ့ကြေးအဖြစ် ပေါင် ၂၇ သန်း ပေးချေခဲ့ရပြီး ငါးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ စပါးအသင်းသည် တောင်ပံကစားသမား ဘာဂျ်ဝိုင်ကို ခေါ်ယူရေးအတွက် ၂၀၁၉ နှစ်အတွင်း ကစားသမားစောင့်ကြည့်ရေးတာဝန်ရှိသူများ စေလွှတ်စောင့်ကြည့်မှုများ ပြုလုပ်ခဲ့သည်ဟုဆိုသည်။

စပါးအသင်းသို့ ရောက်ရှိလာပြီးနောက် ဘာဂျ်ဝိုင်က “အံ့အားသင့်စရာကောင်းတဲ့အသင်းဆီ ပြောင်းရွှေ့မှုပြုလုပ်နိုင်ခဲ့တာလို့ ကျွန်တော်ထင်ပါတယ်။ စပါးအသင်းအတွက် ကျွန်တော်ပေးဆပ်နိုင်သမျှ ပေးဆပ်သွားမှာပါ။ ပရီမီယာလိဂ်မှာ ကစားဖို့က ဘယ်ကစားသမားမဆိုသူ့အတွက် အိပ်မက်တစ်ခုဖြစ်ပါတယ်။ ကျွန်တော်ဂိုးတွေသွင်းယူချင်သလို ဂိုးသွင်းခွင့်တွေလည်း ဖန်တီးပေးချင်တယ်။ ချန်ပီယံလိဂ်ဆုဖလားကိုလည်း ရယူချင်ပါတယ်။ ကျွန်တော်ငယ်စဉ်က မန်နေဂျာ မော်ရင်ညိုကို စောင့်ကြည့်ခဲ့ရတာပါ။ အခုတော့ သူ့အတွက် ကစားခွင့်ရတော့မှာဖြစ်ပါတယ်။ ဒါဟာ ကျွန်တော့်အိပ်မက် တစ်ခုဖြစ်ပြီး ဂုဏ်ယူစရာကိစ္စလည်း ဖြစ်ပါတယ်”ဟု ပြောဆိုခဲ့သည်။

တောင်ပံကစားသမား ဘာဂျ်ဝိုင်သည် စပါးအသင်းတွင် နံပါတ် ၂၃ ဂျာစီကို ဝတ်ဆင်ကစားမည်ဖြစ်သည်။ အဆိုပါဂျာစီအား နောက်ဆုံးဝတ်ဆင်ကစားခဲ့သူမှာ ယခုဇန်နဝါရီ ဈေးကွက်ကာလအတွင်းတွင် အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့သွားခဲ့သူ ကွင်းလယ်တိုက်စစ်ကစားသမား ခရစ္စတီယန်အဲရစ်ဆင်ဖြစ်သည်။

တောင်ပံကစားသမား ဘာဂျ်ဝိုင်သည် ယခုနှစ်ဘောလုံးရာသီတွင် အိုင့်ဟိုဗင်အသင်းအတွက် စုစုပေါင်း ၂၉ ပွဲ ပါဝင်ကစားခဲ့ကာ ခြောက်ဂိုးသွင်းယူနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်ဖန်တီးပေးနိုင်မှု ၁၀ ကြိမ် ပြုလုပ်နိုင်ခဲ့သူဖြစ်သည်။

**ထက်အောင်**

## ပရီမီယာလိဂ်ပွဲစဉ် (၂၅)

| စနေနေ့ | | | | ၁-၂-၂၀ |
|---|---|---|---|---|
| ည ၇:၀၀ | လက်စတာ | - | ချယ်လ်ဆီး | |
| ည ၉:၃၀ | ဘုန်းမောက် | - | ဗီလာ | |
| ည ၉:၃၀ | ပဲလေ့စ် | - | ရှက်ဖီးလ်ယူ | |
| ည ၉:၃၀ | လီဗာပူး | - | ဆောက်သမ်တန် | |
| ည ၉:၃၀ | နယူးကာဆယ် | - | နော့ဝှစ်ချ် | |
| ည ၉:၃၀ | ဝက်ဖို့ဒ် | - | အဲဗာတန် | |
| ည ၉:၃၀ | ဝက်စ်ဟမ်း | - | ဘရိုက်တန် | |
| နံနက် ၀၀:၀၀ | မန်ယူ | - | ဝုဖ် | |
| **တနင်္ဂနွေနေ့** | | | | **၂-၂-၂၀** |
| ည ၈:၃၀ | ဘန်လေ | - | အာဆင်နယ် | |
| ည ၁၁:၀၀ | စပါး | - | မန်စီးတီး | |

## စီးရီးအေပွဲစဉ် (၂၂)

| စနေနေ့ | | | | ၁-၂-၂၀ |
|---|---|---|---|---|
| ည ၈:၃၀ | ဘိုလော့နာ | - | ဘရက်ရှား | |
| ည ၁၁:၃၀ | ကက်ဂလီယာရီ | - | ပါးမား | |
| နံနက် ၂:၁၅ | ဆာစူအိုလို | - | ရိုးမား | |
| **တနင်္ဂနွေနေ့** | | | | **၂-၂-၂၀** |
| ည ၆:၀၀ | ဂျူဗင်တပ်စ် | - | ဖီအိုရင်တီးနား | |
| ည ၈:၃၀ | အတ္တလန္တာ | - | ဂျီနိုအာ | |
| ည ၈:၃၀ | မီလန် | - | ဗီရိုနာ | |
| ည ၈:၃၀ | လာဇီယို | - | SPAL | |
| ည ၁၁:၃၀ | လေချီ | - | တိုရီနို | |
| နံနက် ၂:၁၅ | အူဒီးနိုးစ် | - | အင်တာ | |
| **တနင်္လာနေ့** | | | | **၃-၂-၂၀** |
| နံနက် ၂:၁၅ | ဆမ်ဒိုးရီးယား | - | နာပိုလီ | |

## ပြင်သစ်ပထမတန်းပွဲစဉ် (၂၂)

| သောကြာနေ့ | | | | ၃၁-၁-၂၀ |
|---|---|---|---|---|
| နံနက် ၂:၁၅ | ရိန်းနက်စ် | - | နန့်စ် | |
| **စနေနေ့** | | | | **၁-၂-၂၀** |
| ည ၁၁:၀၀ | ပီအက်စ်ဂျီ | - | မောင့်ပယ်လီယာ | |
| နံနက် ၁:၃၀ | ဒီဂျွန် | - | ဘရက်စ် | |
| နံနက် ၁:၃၀ | နီမက်စ် | - | မိုနာကို | |
| နံနက် ၁:၃၀ | အန်ဂျာစ် | - | ရိမ်းစ် | |
| နံနက် ၁:၃၀ | စထရက်ဘော့ချ် | - | လိုင်လီ | |
| နံနက် ၁:၃၀ | အာမီယန် | - | တူးလောက်စ် | |
| **တနင်္ဂနွေနေ့** | | | | **၂-၂-၂၀** |
| ည ၈:၃၀ | နိုက်စ် | - | လိုင်ယွန် | |
| ည ၁၀:၃၀ | မက်ဇ် | - | စိန့်အေတီယန် | |
| နံနက် ၂:၃၀ | ဘော်ဒိုး | - | မာဆေး | |

## လာလီဂါပွဲစဉ် (၂၂)

| စနေနေ့ | | | | ၁-၂-၂၀ |
|---|---|---|---|---|
| ည ၆:၃၀ | ဂရန်နာဒါ | - | အက်စ်ပန်ညို | |
| ည ၉:၃၀ | ရီးရဲ | - | အက်သလက် | |
| နံနက် ၀၀:၀၀ | မာယော့ကာ | - | ဗယ်လာဒိုးလစ် | |
| နံနက် ၂:၃၀ | ဗလင်စီယာ | - | ဆယ်တာဗီဂို | |
| **တနင်္ဂနွေနေ့** | | | | **၂-၂-၂၀** |
| ည ၅:၃၀ | လီဂါနက်စ် | - | ဆိုစီဒက်စ် | |
| ည ၇:၃၀ | အီဘား | - | ဘက်တစ် | |
| ည ၉:၃၀ | ဘီလ်ဘို | - | ဂီတာဖေး | |
| နံနက် ၀၀:၀၀ | ဆီဗီလာ | - | အလာဗက်စ် | |
| နံနက် ၀၀:၀၀ | ဗီလာရီးရဲ | - | အိုဆာစူနာ | |
| နံနက် ၂:၃၀ | ဘာစီလိုနာ | - | လီဗန်တေး | |

## ဘွန်ဒက်လီဂါပွဲစဉ် (၂၀)

| သောကြာနေ့ | | | | ၃၁-၁-၂၀ |
|---|---|---|---|---|
| နံနက် ၂:၀၀ | ဟာသာဘာလင် | - | ရှော်လ်ကေး | |
| **စနေနေ့** | | | | **၁-၂-၂၀** |
| ည ၉:၀၀ | ဒေါ့မွန် | - | ယူနီယံဘာလင် | |
| ည ၉:၀၀ | ဟော့ဖန်ဟိမ်း | - | လေဗာကူဆင် | |
| ည ၉:၀၀ | ဖော်ကျူနာ | - | ဖရန့်ဖတ် | |
| ည ၉:၀၀ | မိန့်ဇ် | - | ဘိုင်ယန် | |
| ည ၉:၀၀ | အော့စ်ဘတ် | - | ဝါဒါဘရီမင် | |
| နံနက် ၀၀:၀၀ | လိုက်ပဇစ် | - | ဂလာဘတ်ချ် | |
| **တနင်္ဂနွေနေ့** | | | | **၂-၂-၂၀** |
| ည ၉:၀၀ | ကိုလုံး | - | ဖရိုင်းဘတ် | |
| ည ၁၁:၃၀ | ပါဒါဘွန်း | - | ဝုဖ်ဘတ် | |

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## လူထုဗဟိုပြုစီမံကိန်း
**(National Community Driven Development Project-NCDDP)**

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကမ္ဘာ့ဘဏ်အထောက်အပံ့ဖြင့် လူထုဗဟိုပြု စီမံကိန်းဆောင်ရွက်လျက်ရှိသည့် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ သင်ပေါင်းချောင် ကျေးရွာ အထက(ခွဲ)၊ သံကူကွန်ကရစ်နှစ်ထပ် အဆောက်အအုံ ပေ(၉၀x၃၀x၂၃)အတိုင်းအတာရှိသော စာသင်ကျောင်း (သံကူကွန်ကရစ်နှစ်ထပ်ဆောင်) ဆောက်လုပ်မည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ လျှောက်ထားလိုသည့် ကန်ထရိုက်တာများအနေဖြင့် တင်ဒါစာရွက်စာတမ်းများကို အောက်ဖော်ပြပါ လိပ်စာတွင် အခမဲ့လျှောက်ထားတောင်းယူနိုင်ပါသည်။

မွန်ပြည်နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
အရာတော်(၂)လမ်းထိပ်၊ တောင်ပိုင်းလမ်း၊ မောင်ငံရပ်၊ မော်လမြိုင်မြို့
ဖုန်း-၀၅၇-၂၀၂၃၀၂၄၊ ၀၅၇-၂၄၀၈၅၊ ၀၅၇-၂၄၂၈၇

၃။ **တင်ဒါလက်ခံမည့်ရက်** - ၂-၂-၂၀၂၀ရက်
၄။ **တင်ဒါလျှောက်လွှာပိတ်ရက်/အချိန်** - ၂-၃-၂၀၂၀ရက် နံနက် ၁၀နာရီ
၅။ **တင်ဒါတင်သွင်းရမည့်နေရာ** - မွန်ပြည်နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ လူထုဗဟိုပြုစီမံကိန်းရုံးခွဲ

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနကွပ်ကဲမှုအောက်ဧည့်ရိပ်သာ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ၄" ထု ရေမြှုပ်မွေ့ရာ အကျစ် (ဖဲသား)(၅၀၀)ခုဝယ်ယူခြင်းလုပ်ငန်းအား မြန်မာ(ကျပ်)ငွေဖြင့် အိတ်ဖွင့်တင်ဒါဆောင်ရွက်ရန် ဒုတိယအကြိမ် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အကြောင်းအရာ | ဆိုဒ် | အမျိုးအစား | အာမခံကာလ | အရေအတွက် |
|---|---|---|---|---|---|
| (က) | တစ်ယောက်အိပ် မွေ့ရာ(Class A) | ၃' ၆"x ၆' ၆" ထု(၄") | ရေမြှုပ်အကျစ် (ဖဲသား) | (၂)နှစ် | ၅၀၀ခု |

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်းဆောင်ရွက်မည်ဖြစ်ပါသည်-
(က) **တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက်** - ၃-၂-၂၀၂၀ရက် မှ ၁၄-၂-၂၀၂၀ရက်အထိ
(ခ) **တင်ဒါလျှောက်လွှာ တင်သွင်းရန် နောက်ဆုံးရက်/အချိန်** - ၁၇-၂-၂၀၂၀ရက် မွန်းလွဲ (၁၄:၀၀)နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၀-၂-၂၀၂၀ရက် (၁၀:၀၀)နာရီ
(ဃ) **တင်ဒါဖွင့်မည့်နေရာ** - အစည်းအဝေးခန်းမ(၂)၊ မြို့တော်ခန်းမ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃။ တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို စည်ပင်ဧည့်ရိပ်သာ(၁)၊ အုပ်ချုပ်မှုရုံးသို့ တစ်စုံလျှင် ၂၀၀၀/- ကျပ်နှုန်းဖြင့် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စည်ပင်ဧည့်ရိပ်သာ(၁)၊ အုပ်ချုပ်မှုရုံး-ဖုန်း-၀၆၇-၈၁၀၈၃၅၆၊ ၀၆၇-၈၁၀၈၁၈၅တို့သို့ ရုံးချိန်တွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
## စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## တည်ဆောက်ရေးလုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနအောက်ရှိ စက်မှုသင်တန်းကျောင်းများတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံး ငွေရင်း အသုံးစရိတ်(ဆောက်လုပ်ရေး) ခွင့်ပြုရန်ပုံငွေပါ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းတည်နေရာ | စဉ် | လုပ်ငန်းအမည် |
|---|---|---|---|
| Lot-1 | စက်မှုသင်တန်းကျောင်း(သထုံ) မွန်ပြည်နယ် | (က) | Shop Building(၁၆၂'၆"x၇၅') Steel Structure (၂)လုံး |
| Lot-2 | စက်မှုသင်တန်းကျောင်း(သထုံ) မွန်ပြည်နယ် | (က) | (၆)ခန်းတွဲနေအိမ်(၁၂၆'x၃၈') RC (၂)ထပ်(၁)လုံး |
| | | (ခ) | (၄)ခန်းတွဲနေအိမ်(၁၀၂'x၃၃')RC (၂)ထပ်(၁)လုံး |
| | | (ဂ) | ကွန်ကရစ်လမ်း (၄၀၀၀'x၁၆'x၆"ထု) Culvert (၅)စင်းအပါ |
| | | (ဃ) | Main Drain (အုတ်ရေမြောင်း) ၃၀၀၀ပေ |
| | | (င) | ခြံစည်းရိုးကာရံခြင်းနှင့် Gate House |
| | | (စ) | ဂါလန်(၅၀၀၀၀)ရေလှောင်ကန် RC |
| | | (ဆ) | လျှပ်စစ်သွယ်တန်းခြင်း(11KV(သို့) 6.6Kv ဓာတ်အားလိုင်း(၁)မိုင်ခန့် ဆွဲခြင်း |
| | | (ဇ) | 500 KVA Transformer (၁)လုံး အထိုင်ချတပ်ဆင်ခြင်း |
| Lot-3 | အမှတ်(၁)စက်မှုသင်တန်း ကျောင်း(ဆင်တဲ) | (က) | လူ(၁၆၀)ဆံ့အိပ်ဆောင် RC(၂)ထပ်(၁)လုံး၊၂ (၂၁၂'x၂၈')+၄(၃၄'x၅၉')+ ၄(၃၄'x၅၉')+၄(၃၀'x၅')+၂ (၁၄၄'x၅') +၄(၄၀'x၂၄')+(၁၂၂'x၄၈'x၁၄') |

(က) **တင်ဒါပုံစံစတင်ရောင်းချသည့်ရက်** - ၃၁-၁-၂၀၂၀ရက်
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၃-၂-၂၀၂၀ရက် ၁၆:၀၀နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ညွှန်ကြားရေးမှူးချုပ်ရုံးခန်း၊ စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်

၂။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက စုံစမ်းနိုင်ပါသည်။

**သင်တန်းကျောင်းများကြီးကြပ်ရေးဌာန**
**စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**
**ရုံးအမှတ်(၃၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၀၅၁**

## အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်
## အစုရှယ်ယာရှင်များသို့ အသိပေးအကြောင်းကြားခြင်း

၁။ အသေးစားနှင့်အလတ်စား လုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွက် (၂၄)ကြိမ်မြောက်နှင့် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးကို ၂၉-၂-၂၀၂၀ရက်တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ အဆိုပါအစည်းအဝေးအား ဘဏ်၏ သင်းဖွဲ့စည်း မျဉ်း၊ သင်းဖွဲ့မှတ်တမ်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ရာ သင်းဖွဲ့စည်းမျဉ်း အပိုဒ်(၈၉)၊ (၉၀)၊ (၉၁)ပါအတိုင်း နုတ်ထွက်သွား၍ လစ်လပ်သွားသော ဒါရိုက်တာများနေရာတွင် အစားထိုးပြန်လည်ရွေးချယ်ရမည်ဖြစ်ပါသည်။

၂။ ပြန်လည်ရွေးချယ်ခံမည့် ဒါရိုက်တာအဆိုပြုလွှာစာရင်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ အထွေထွေအစည်းအဝေး မကျင်းပမီ ကြိုတင်ပေးပို့တင်ပြရမည်ဖြစ်ပါသည်။သို့ဖြစ်ပါ၍ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်တွင် ကိုယ်ပိုင်အစု ရှယ်ယာ(၁၀၀၀)စုနှင့်အထက် ပိုင်ဆိုင်သူရှယ်ယာရှင် လူပုဂ္ဂိုလ်များအနေဖြင့် ဒါရိုက်တာအဖြစ် ဝင်ရောက်ရွေးချယ်ခံလိုပါက ၇-၂-၂၀၂၀ရက် မွန်းလွဲ ၁:၃၀နာရီနောက်ဆုံးထား၍ အသေးစားနှင့်အလတ်စား လုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၊ အမှတ်(၂၉၈)၊ အနော်ရထာလမ်းနှင့် ဝါးတန်းလမ်းထောင့်၊ အမှတ်(၂)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ သို့လာရောက်၍ အဆိုပြုလွှာလျှောက်ထားပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

၃။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ဝင်ရောက်အရွေးခံမည် ပုဂ္ဂိုလ်များသည် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအခန်း(၁၀)၊ ပုဒ်မ (၇၆)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)မှ (၈)အထိ ဖော်ပြထားသည့် အရည်အချင်းများနှင့်ကိုက်ညီရမည်ဖြစ်ပြီးမြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်အမှတ် ၉/၂၀၁၉အတိုင်း လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ပါသည်။အဆိုပြုလွှာဖြည့်စွက်ရန် လာရောက်ပါက မှတ်ပုံ တင်မူရင်း၊ လိုင်စင်ဓာတ်ပုံ(၁)ပုံနှင့် အစုရှယ်ယာပိုင်ဆိုင်မှုအထောက်အထားများ တစ်ပါတည်းယူဆောင်လာပါရန် မေတ္တာရပ်ခံအပ်ပါ သည်။

၄။ နှစ်ပတ်လည်အထွေထွေညီလာခံကျင်းပမည်ဖြစ်ပါ၍ အောက်ဖော်ပြပါ နေရာ၊ အချိန်အတိုင်း တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ဖိတ်စာသီးခြားပို့မည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်-
(က) ညီလာခံကျင်းပမည့်နေရာ - မြန်မာနိုင်ငံဘဏ်များအသင်း (ဇမ္ဗူရာစ်ရွှေစင်ခန်းမ)၊ အမှတ်(၂) စည်ပင်လမ်းသစ်လမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
(ခ) ညီလာခံကျင်းပမည့်အချိန် - ၂၉-၂-၂၀၂၀ရက် နံနက် ၁၀ နာရီ

၅။ ထပ်မံသိရှိလိုသည့်အချက်များရှိပါက ဦးဆောင်ညွှန်ကြားရေးမှူး ဖုန်း-၀၉-၄၂၁၆၃၃၅၂၁၊ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဖုန်း-၀၉- ၉၇၇၁၈၀၈၀၀သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဒါရိုက်တာအဖွဲ့အမိန့်အရ**
**အမှုဆောင်အရာရှိချုပ်**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး၊ဟင်္သာတခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(တင်ဒါအမှတ်-၄/၂၀၁၉-၂၀၂၀)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ဟင်္သာတခရိုင်လက်အောက်ရှိမြို့နယ်များတွင် ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် ပြည်ထောင်စု /တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား/အဆောက်အဦ ၊ လုပ်ငန်းများ၌ အသုံးပြုရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား သက်ဆိုင်ရာလမ်းပိုင်းအလိုက် အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူပြီး (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။
**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၉-၁-၂၀၂၀ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၃-၂-၂၀၂၀ရက် (ညနေ ၄:၃၀နာရီ)
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၄-၂-၂၀၂၀ရက် (မွန်းလွဲ ၁နာရီ)
**တင်ဒါဖွင့်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဟင်္သာတခရိုင်၊ တာငါးဆယ်မြောက်ရပ်၊ ဈေးကလေးလမ်း၊ ဟင်္သာတမြို့

၂။ လိုအပ်သည့်လုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းဦးစီးဌာန၊ ဟင်္သာတခရိုင်၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံးနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးအရာရှိရုံးများတွင် ၂၉-၁-၂၀၂၀ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

**တင်ဒါကော်မတီ**
**လမ်းဦးစီးဌာန**
**ဟင်္သာတခရိုင်**
**၀၄၄-၂၁၀၃၃**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်-၁/၂၀၂၀
## ၁၃၈၁ခုနှစ်၊ တပို့တွဲလဆန်း (၆)ရက်
## ၂၀၂၀ပြည့်နှစ် ဇန်နဝါရီလ (၃၀)ရက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

| စဉ် | ရာထူး/လစာနှုန်း(ကျပ်) | လစ်လပ်နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး(စိုက်ပညာရှင်) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၇၁)နေရာ | B.Agr.Sc |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) (၂၈-၂-၂၀၂၀)ရက်တွင် အသက်(၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) မဟာဘွဲ့ရရှိပြီးသူများအတွက် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(ဃ) အနည်းဆုံးလုပ်သက် တစ်ဆက်တည်း(၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(င) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်၍ ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲလျက် စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ (၂၈-၂-၂၀၂၀)ရက် အရောက်ပေးပို့လျှောက်ထားရမည်။
(က) ဘွဲ့လက်မှတ်မိတ္တူ(လူတွေ့စစ်ဆေးခြင်းဖြေဆိုသည့်အခါ အောင်လက်မှတ်မူရင်းတင်ပြရန်)
(ခ) အသက်အထောက်အထားအတွက် အခြေခံပညာ အထက်တန်းအောင်/ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ(လူတွေ့စစ်ဆေးခြင်းဖြေဆိုသည့်အခါ အောင်လက်မှတ်မူရင်းတင်ပြရန်)
(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ(၆)လအတွင်းသက်ဆိုင်ရာရဲစခန်းမှ ထောက်ခံထားသည့်ပြစ်မှု၊ မှုခင်းကင်းရှင်းကြောင်း ထောက်ခံ ချက်မူရင်း
(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ(၁)လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ(၂)ပုံ (နောက်ကျောတွင်အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားဖော်ပြရန်)
(င) ပြင်ပမှလျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ
(စ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်း

၄။ လျှောက်လွှာများကို နေပြည်တော်၊ ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ၊ စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာ ဌာနစိတ်(၇)နှင့်တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ စိုက်ပျိုးရေး ဦးစီးဌာနရုံးများတွင် ရရှိနိုင်ပါသည်။

၅။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်များပြည့်စုံစွာ ဖြည့်စွက်ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၆။ အရည်အချင်းစစ် ရေးဖြေစာမေးပွဲအား စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း)တွင် မြန်မာစာ၊ အထွေထွေဗဟုသုတ၊ အင်္ဂလိပ်စာတို့အား မေးခွန်းတစ်ခုလျှင် (၂)နာရီဖြင့် အောက်ပါနေ့ရက်များ အတိုင်းဖြေဆိုရမည်ဖြစ်သည်။

| စဉ် | ဖြေဆိုရမည့်ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | မြန်မာစာ | ၇-၃-၂၀၂၀ရက် | (၁၀:၀၀ နာရီမှ ၁၂:၀၀ နာရီထိ) |
| (ခ) | အထွေထွေဗဟုသုတ | ၇-၃-၂၀၂၀ရက် | (၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီထိ) |
| (ဂ) | အင်္ဂလိပ်စာ | ၈-၃-၂၀၂၀ရက် | (၁၀:၀၀နာရီမှ ၁၂:၀၀နာရီထိ) |

၇။ ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို (၆-၃-၂၀၂၀)ရက် (သောကြာနေ့)တွင် နေပြည်တော်၊ ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ၊ စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ်(၇)၌ ဖြေဆိုမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြသ၍ ရုံးချိန်အတွင်း ထုတ်ယူရပါမည်။

၈။ ရေးဖြေအောင်မြင်သူများအား လူတွေ့စစ်ဆေးမည့်အစီအစဉ်ကို ထပ်မံ အကြောင်းကြားမည်ဖြစ်ပြီး သိရှိစုံစမ်းလိုပါက စိုက်ပျိုးရေးဦးစီးဌာန Website www.doa.gov.mm နှင့် အပိုဒ်(၉)ပါ ဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၄၁၀၃၂၅၊ ၀၆၇-၄၁၀၅၁၇၊ ၀၆၇-၄၁၀၅၇၈တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**

## အမည်မှန်

နာဂဒေသ၊ လဟယ်မြို့နယ်၊ ကာမွေလိုက်ခေါ်ကျေးရွာနေ ဦးအားကျင် ၅/လဟန(နိုင်)၀၁၁၆၀၃၏ အမည်မှန်မှာ ဦးအားကျိန် ဖြစ်ပါကြောင်း။

**ဦးအားကျိန်**

## ဖခင်အမည်မှန်

မြင်းခြံဒီကရီကောလိပ် သမိုင်းဘာသာရပ်ဒုတိယနှစ်(ဂုဏ်ထူးတန်း)မှ မသန္တာလင်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဇော် ၉/တသန(နိုင်)၁၀၁၈၆၂ ဖြစ်ပါကြောင်း။

**ဦးမြင့်ဇော်**

## ပတ်စ်ပို့ပျောက်

ကျွန်မ မစိုးစိုးအေး ၁၂/လကန(နိုင်) ၂၃၉၁၀၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၂၇၇၆၅၇၇**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်အောင်ထွန်း ၁၂/ရပသ(နိုင်)၀၈၁၈၁၉ သည် နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။

**ဖုန်း-၀၉-၇၇၈၃၃၃၈၆၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6P/9727 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်း ၁၂/ဗဟန(နိုင်)၀၃၀၅၈၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/7628 Shayan-110 M/Cယာဉ်လက်ဝယ်ရှိသူ Pole Star Line Co,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6A/9376 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄ယ/၉၉၅၅၉ Canda 125 M/Cယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော် ၉/ခအဇ(နိုင်)၀၁၂၀၆၈က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## မွေးစားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၃)၊ ဘူတာလမ်း၊ အလက(၁)၊ တိုက်တန်း၊ အခန်း(၁၁)တွင် နေထိုင်သူ ကျွန်တော် ဦးထွန်းဦး ၁၂/လကန(နိုင်)၀၃၉၇၀၁-ဒေါ်ခင်မာဆွေတို့၏ မွေးစားသား မောင်လင်းလက်ထွန်း ၉/ပဥလ(နိုင်) ၀၆၁၇၆၀သည် ကျွန်တော်/ ကျွန်မတို့၏ စကားကို နားမထောင်ဘဲငွေကြေးကိစ္စရှုပ်ထွေးခြင်းများ ရှိနေပါသဖြင့် ယနေ့မှစ၍ ရာသက်ပန်မွေးစားသား အဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် မောင်လင်းလက်ထွန်းနှင့် ပတ်သက်သမျှ ကိစ္စအဝဝ လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**မိဘများ - ဦးထွန်းဦး-ဒေါ်ခင်မာဆွေ**
**ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့**

## ဂျပန်နိုင်ငံမှ သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးလုပ်ငန်းကျွမ်းကျင်မှု အရည်အချင်းစစ် စာမေးပွဲ နှင့် သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးဆိုင်ရာဂျပန်ဘာသာစကား အရည်အချင်းစစ် စာမေးပွဲ ကျင်းပမည်ဖြစ်ကြောင်း ကြေညာခြင်း

ဂျပန်နိုင်ငံမှ သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးလုပ်ငန်း ကျွမ်းကျင်မှုအရည်အချင်းစစ်စာမေးပွဲနှင့် သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးဆိုင်ရာ ဂျပန်ဘာသာစကား အရည်အချင်းစစ်စာမေးပွဲသည် ဂျပန်နိုင်ငံ၏ သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးကဏ္ဍ၏ လိုအပ်ချက်ဖြစ်သောသက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးလုပ်ငန်းနှင့် ၎င်းနှင့်သက်ဆိုင်သည့် ဂျပန်ဘာသာစကားဆိုင်ရာ ကျွမ်းကျင်မှု၊ ဗဟုသုတများကို အကဲဖြတ်သည့် စာမေးပွဲဖြစ်ပါသည်။

၁။ စာမေးပွဲကို ဂျပန်နိုင်ငံ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန (Ministry of Health, Labour and Welfare, Japan) မှ စစ်ဆေးမည်ဖြစ်ပါသည်။

၂။ စာမေးပွဲကို ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ( ၂၁ရက်နေ့၊ ၂၅ မှ ၂၈ ရက်နေ့ထိ)နှင့် မတ်လ( ၂ ရက်နေ့မှ ၁၉ ရက်နေ့ထိ-တနင်္ဂနွေနေ့မှအပ) တို့တွင် ရန်ကုန်မြို့ တွင်း၌ ကျင်းပမည်ဖြစ်ပြီး ဖြေဆိုရမည့်ခန်းမကို စာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးချိန်တွင် ကြေညာမည်ဖြစ်ပါသည်။ (ဖြေဆိုလိုသော ရက်နှင့် အချိန်တို့ကို လျှောက်ထားစဉ်တွင်ဦးစားပေးရွေးချယ်နိုင်ပါသည်။)

၃။ ၂၀၂၀ ခုနှစ်၊ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှစ၍ လျှောက်လွှာလက်ခံမည် ဖြစ်ပြီး (Computer -Based Testing-CBT)ဖြင့် စစ်ဆေးမည်ဖြစ်ပြီး လျှောက်ထားသူများသည် စာမေးပွဲ စင်တာ၏ အင်တာနက်စာမျက်နှာ (http://ac.prometric-jp.com/testlist/nc/en/index.html) တွင် လျှောက်လွှာ တင်ရမည်ဖြစ်ပြီးအဆိုပါအင်တာနက်စာမျက်နှာကို ၂၀၂၀ခုနှစ်ဖေဖော်ဝါရီလ ၄ ရက်နေ့ တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

၄။ ဖေဖော်ဝါရီလနှင့်မတ်လ စာမေးပွဲများတွက် ပထမဦးဆုံးလျှောက်ထားသူ ၄၀၀ ဦး၏ လျှောက်လွှာကိုလက်ခံမည်ဖြစ်ပါသည်။

၅။ ဖြေဆိုခွင့်လျှောက်ထားသူများသည် စာမေးပွဲဖြေဆိုသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ရမည်။

၆။ ပညာအရည်အချင်းကန့်သတ်ချက် မရှိပါ။

၇။ မေးခွန်းပုံစံအနေဖြင့် သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးကဏ္ဍတွင် ရုပ်ပိုင်းဆိုင်ရာပြုစုစောင့်ရှောက်ခြင်းစသည် (ပြုစုခံမည့်သူများ၏ ကိုယ်စိတ်အခြေအနေကို လိုက်၍ ရေချိုးခြင်း၊ စားသောက်ခြင်း၊ အညစ်အကြေးစွန့်ခြင်း၊ အနားယူအပန်းဖြေခြင်း၊ ကိုယ်လက်လှုပ်ရှားမှု စသည် တို့ကို ကူညီပြုစုခြင်း) နှင့်သက်ဆိုင်သည်များကို မေးမြန်းမည်ဖြစ်ပါသည်။

၈။ စာမေးပွဲ ဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲကြေး အမေရိကန်ဒေါ်လာ ၁၈ ဒေါ်လာကို သတ်မှတ်နေရာ(ရန်ကုန်မြို့) ၌ ငွေသားဖြင့် ပေးသွင်းရမည်ဖြစ်ပါသည်။

၉။ စာမေးပွဲကြေး ပေးသွင်းရမည့်နေရာနှင့် ရက်စွဲတို့ကို လျှောက်ထားသူထံ အီးမေးလ်ဖြင့် အကြောင်းကြားမည်ဖြစ်ပါသည်။

၁၀။ စာမေးပွဲဖြေဆိုပြီးနောက် စာမေးပွဲအောင်/ရှုံး ရလဒ်အား ဖြေဆိုသည့်ကွန်ပျူတာမျက်နှာပြင်ပေါ်တွင် ကြေညာပေးမည်ဖြစ်ပါသည်။

၁၁။ အထက်ပါကိစ္စနှင့်ပတ်သက်၍ မရှင်းလင်းသည့်အချက်များ၊ အသေးစိတ်သိရှိလိုသည့် အချက်များရှိပါက ဦးအေးခိုင်စိုး ( ၀၉-၈၈၇၁၉၈၉၇၇ ) သို့ တနင်္လာနေ့မှ သောကြာနေ့အထိ ၉:၀၀ နာရီမှ ၁၇:၀၀ နာရီအထိ ဆက်သွယ်စုံစမ်း နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတိပြုရန်အချက်များ**

(က) စာမေးပွဲဖြေဆိုပြီးနောက် စာမေးပွဲအောင်/ရှုံး ရလဒ်အား ဖြေဆိုပြီးနောက် ၅ ရက်ပြည့်သည့်နေ့တွင် CBT-Service provider's registration Website တွင် ကြော်ငြာပေးမည် ဖြစ်ပါသည်။

(ခ) သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးကျွမ်းကျင်မှုလက်မှတ်နှင့်သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးဆိုင်ရာ ဂျပန်ဘာသာစကား အရည်အချင်းစစ်စာမေးပွဲ အောင်လက်မှတ်သည် ရရှိပြီးနေ့မှစ၍ ၁၀ နှစ် သက်တမ်းရှိမည်ဖြစ်ပါသည်။

(ဂ) နေထိုင်ခွင့်အရည်အချင်း "ကျွမ်းကျင်လုပ်သား" ၏ အသေးစိတ်အချက် အလက်များကို အောက်ပါစာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါသည်- (https://www.mofa.go.jp/mofaj/files/000459527.pdf)

(ဃ) ကျွမ်းကျင်လုပ်သား လျှောက်ထားရာတွင် ဂျပန်စာအရည်အချင်းစစ် စာမေးပွဲ (N4 နှင့်အထက်) သို့မဟုတ် ဂျပန်ဖောင်ဒေးရှင်း၏ ဂျပန်စာအခြေခံစာမေးပွဲ အောင်မြင် ထားရမည့်အပြင် သက်ဆိုင်ရာကဏ္ဍ၏ နည်းပညာဆိုင်ရာ စစ်ဆေးသော စာမေးပွဲ အောင်မြင်ရန်လည်း လိုအပ်ပါသည်။

(င) Home-Page နှင့် အောင်စာရင်းအကြောင်းကြားစာတွင် စာမေးပွဲအမည်ကို "Nursing Care Skills Evaluation Test" နှင့် " Nursing Japanese Language Evaluation Test" အဖြစ် ဖော်ပြထားသော်လည်း "Nursing Care" ဆိုသည်မှာ ဆေးရုံတွင် ဆေးကုသမှုဆိုင်ရာ သူနာပြုလုပ်ငန်း လုပ်ဆောင်ခြင်း မဟုတ်ဘဲ သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးအတွက် ရေရှည်ပြုစုစောင့်ရှောက်ခြင်း ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သည်ကို မှတ်သားထားစေလိုပါသည်။

## ဂျပန်နိုင်ငံမှ စိုက်ပျိုးရေးလုပ်ငန်းကျွမ်းကျင်မှု အရည်အချင်းစစ် စာမေးပွဲကျင်းပမည်ဖြစ်ကြောင်း ကြေညာခြင်း

စိုက်ပျိုးရေးလုပ်ငန်း ကျွမ်းကျင်မှုစစ်ဆေးခြင်းဆိုသည်မှာ ဂျပန်နိုင်ငံ စိုက်ပျိုးရေးကဏ္ဍ၌ လုပ်ကိုင်ရန်လိုအပ်သော စိုက်ပျိုးရေးဆိုင်ရာ ဗဟုသုတနှင့်ကျွမ်းကျင်မှု စစ်ဆေးသည့် စာမေးပွဲဖြစ်ပါသည်။

၁။ စာမေးပွဲကို ဂျပန်နိုင်ငံ၊ General incorporated association၊ National Chamber of Agriculture စစ်ဆေးသည့်အဖွဲ့မှ စစ်ဆေးမည် ဖြစ်ပါသည်။

၂။ စာမေးပွဲကို ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ( ၂၁ရက်နေ့၊ ၂၅ မှ ၂၈ ရက်နေ့ထိ)နှင့် မတ်လ( ၂ ရက်နေ့မှ ၁၉ ရက်နေ့ထိ-တနင်္ဂနွေနေ့မှအပ) တို့တွင် ရန်ကုန်မြို့ တွင်း၌ ကျင်းပမည်ဖြစ်ပြီး ဖြေဆိုရမည့်ခန်းမကို စာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးချိန်တွင် ကြေညာမည်ဖြစ်ပါသည်။ (ဖြေဆိုလိုသော ရက်နှင့် အချိန်တို့ကို လျှောက်ထားစဉ်တွင်ဦးစားပေးရွေးချယ်နိုင်ပါသည်။)

၃။ ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ရက်နေ့မှစ၍လျှောက်လွှာလက်ခံမည် ဖြစ်ပြီး (Computer-BasedTesting-CBT) ဖြင့်စစ်ဆေးမည်ဖြစ်ပြီးလျှောက်ထားသူများသည် စာမေးပွဲ စင်တာ၏ အင်တာနက်စာမျက်နှာ(http://ac.prometric-jp.com/testlist/agriculture/index.html) တွင်လျှောက်လွှာတင်ရမည်ဖြစ်ပြီး အဆိုပါအင်တာနက်စာမျက်နှာကို ၂၀၂၀ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် စတင်ဖွင့်လှစ် မည်။

၄။ ၂၀၂၀ခုနှစ်၊ ဖေဖော်ဝါရီလနှင့် မတ်လများအတွက် ပထမဦးဆုံးလျှောက်ထားသူ ၁၀၀ ဦး၏ လျှောက်လွှာကိုသာ လက်ခံမည်ဖြစ်ပါသည်။

၅။ ဖြေဆိုခွင့်လျှောက်ထားသူများသည် စာမေးပွဲဖြေဆိုသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ရမည်။

၆။ ပညာအရည်အချင်းကန့်သတ်ချက် မရှိပါ။

၇။ မေးခွန်းပုံစံအနေဖြင့် သီးနှံစိုက်ပျိုးခြင်းဘာသာရပ်နှင့်စပ်လျဉ်း၍ သီးနှံစိုက်ပျိုးခြင်းအခြေခံ၊ လုံခြုံရေး နှင့် ကျန်းမာရေး၊ သီးနှံများ စိုက်ပျိုးခြင်းနှင့် သီးနှံများ၏ ဓလေ့များ၊ သဘာဝပတ်ဝန်းကျင်နှင့်အညီ ထွန်ယက်ခြင်း၊ ပြုစုပျိုးထောင်ခြင်း၊ ကူးစက်ရောဂါနှင့် ပေါင်းသတ်ဆေးတို့အား ထိန်းချုပ်ခြင်း၊ သီးနှံရိတ်သိမ်းခြင်း၊ ထိန်းညှိခြင်း၊ သိုလှောင်ခြင်း၊ သင်္ဘောတင်ခြင်းတို့နှင့် စပ်လျဉ်း၍ မေးမြန်းမည်ဖြစ်ကြောင်းနှင့် လက်တွေ့အနေဖြင့် မြေဆီအနေအထားလေ့လာခြင်း၊ ဓါတ်မြေသြဇာနှင့် ပိုးသတ်ဆေးတို့စပ်ခြင်း၊ အစေ့ပျိုးထောင်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းညှိခြင်း၊ စက်ပစ္စည်းကိရိယာများ ကိုင်တွယ်ခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်းဆိုင်ရာလုပ်ငန်းများ၊ လုံခြုံရေးနှင့် ကျန်းမာရေးတို့နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအား (ရုပ်ပုံများ၊ ဓါတ်ပုံများဖြင့် စစ်ဆေးသည့်) CBT type ဖြင့် စစ်ဆေးမည်ဖြစ်ပါသည်။ ထို့အပြင် ဂျပန်ဘာသာစကားဖြင့် ညွှန်ကြားသော စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ အကြောင်းအရာများကို နားထောင်၍ သိရှိနိုင်မှု စစ်ဆေးခြင်းကိုလည်း မေးမြန်းမည်ဖြစ်ပါသည်။

ခြံမွေးတိရစ္ဆာန်မွေးမြူရေးဘာသာရပ်နှင့်စပ်လျဉ်း၍ သာမန်ခြံမွေးတိရစ္ဆာန်မွေးမြူရေးဆိုင်ရာများ၊ လုံခြုံမှု၊ ကျန်းမာရေးနှင့် သန့်ရှင်းရေးစီမံခန့်ခွဲမှု၊ အမျိုးအစား၊ မျိုးပွားခြင်း၊ ဓမ္မတာလာခြင်း၊ မွေးမြူစောင့်ရှောက်ရေးစီမံမှုစသည်တို့ စပ်လျဉ်း၍ မေးမြန်းမည်ဖြစ်ကြောင်းနှင့် လက်တွေ့အနေဖြင့် တစ်ကောင်ချင်းစီကိုင်တွယ်လုပ်ဆောင်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း၊ မွေးမြူစောင့်ရှောက်ရေးစီမံမှု၊ ပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးပြုခြင်း၊ ထုတ်ကုန်များကိုင်တွယ်အသုံးပြုခြင်း ၊ လုံခြုံမှု၊ ကျန်းမာရေးနှင့် သန့်ရှင်းရေးစီမံခန့်ခွဲမှု စသည်တို့နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအား ရုပ်ပုံများ၊ ဓါတ်ပုံများ ဖြင့်စစ်ဆေးသည့် CBT type ဖြင့် စစ်ဆေးမည်ဖြစ်ပါသည်။ ထို့အပြင် ဂျပန်ဘာသာစကားဖြင့် ညွှန်ကြားသော မွေးမြူရေးလုပ်ငန်းဆိုင်ရာ အကြောင်းအရာများကို နားထောင်၍ သိရှိနိုင်မှု စစ်ဆေးခြင်းကိုလည်း မေးမြန်းမည်ဖြစ်ပါသည်။

၈။ စာမေးပွဲ ဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲကြေး အမေရိကန်ဒေါ်လာ ၃၃ ဒေါ်လာကို သတ်မှတ်နေရာ (ရန်ကုန်မြို့) ၌ငွေသားဖြင့် ပေးသွင်းရမည်ဖြစ်ပါသည်။

၉။ စာမေးပွဲကြေး ပေးသွင်းရမည့်နေရာနှင့် ရက်စွဲတို့ကို လျှောက်ထားသူထံ အီးမေးလ်ဖြင့် အကြောင်းကြားမည်ဖြစ်ပါသည်။

၁၀။ စာမေးပွဲဖြေဆိုပြီးနောက် စာမေးပွဲ အောင်/ရှုံး ရလဒ်အား ဖြေဆိုသည့်ကွန်ပျူတာမျက်နှာပြင်ပေါ်တွင် ကြေညာပေးမည်ဖြစ်ပါသည်။

၁၁။ အထက်ပါကိစ္စနှင့်ပတ်သက်၍ မရှင်းလင်းသည့်အချက်များ၊ အသေးစိတ်သိရှိလိုသည့် အချက်များရှိပါက ဦးအေးခိုင်စိုး ( ၀၉-၈၈၇၁၉၈၉၇၇ ) သို့ တနင်္လာနေ့မှ သောကြာနေ့အထိ ၉:၀၀ နာရီမှ ၁၇:၀၀ နာရီအထိ ဆက်သွယ်စုံစမ်း နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတိပြုရန်အချက်များ**

(က) စာမေးပွဲဖြေဆိုပြီးနောက် စာမေးပွဲအောင်/ရှုံး ရလဒ်အား ဖြေဆိုပြီးနောက် ၅ ရက်ပြည့်သည့်နေ့တွင် CBT-Service provider's registration Website တွင် ကြော်ငြာပေးမည် ဖြစ်ပါသည်။

(ခ) စိုက်ပျိုးရေးလုပ်ငန်းကျွမ်းကျင်မှု စာမေးပွဲအောင်မြင်ကြောင်း လက်မှတ်သည် ရရှိပြီးနေ့မှစ၍ ၁၀ နှစ် သက်တမ်းရှိမည်ဖြစ်ပါသည်။

(ဂ) နေထိုင်ခွင့်အရည်အချင်း "ကျွမ်းကျင်လုပ်သား" ၏ အသေးစိတ်အချက် အလက်များကိုအောက်ပါစာမျက်နှာတွင်လေ့လာကြည့်ရှုနိုင်ပါသည်- (https://www.mofa.go.jp/mofaj/files/000459527.pdf)

(ဃ) ကျွမ်းကျင်လုပ်သား လျှောက်ထားရာတွင် ဂျပန်စာအရည်အချင်းစစ် စာမေးပွဲ (N4 နှင့်အထက်) သို့မဟုတ် ဂျပန်ဖောင်ဒေးရှင်း၏ ဂျပန်စာအခြေခံစာမေးပွဲ အောင်မြင် ထားရမည့်အပြင် သက်ဆိုင်ရာကဏ္ဍ၏ နည်းပညာဆိုင်ရာ စစ်ဆေးသော စာမေးပွဲ အောင်မြင်ရန်လည်း လိုအပ်ပါသည်။

## ဂျပန်နိုင်ငံမှ Japan Foundation Test For Basic Japanese (JFT-Basic) ကျွမ်းကျင်မှု အရည်အချင်းစစ် စာမေးပွဲကျင်းပမည်ဖြစ်ကြောင်း ကြေညာခြင်း

Japan Foundation Test For Basic Japanese (JFT-Basic) သည် ဂျပန်နိုင်ငံ၏ "ကျွမ်းကျင်လုပ်သားအမှတ်(၁) " နေထိုင်ခွင့်ပုံစံသစ်အရ အကျုံးဝင်မည့် ဂျပန်ဘာသာစကား ကျွမ်းကျင်မှု ကို အကဲဖြတ်ရန် စစ်ဆေးသည့်စာမေးပွဲ ဖြစ်ပါသည်။

၁။ စာမေးပွဲကို ဂျပန်နိုင်ငံ၊ The Japan Foundation မှစစ်ဆေးမည် ဖြစ်ပါသည်။

၂။ စာမေးပွဲကို ၂၀၂၀ ခုနှစ်၊ မတ်လ၂ ရက်နေ့မှ ၁၉ရက်နေ့ထိ (တနင်္ဂနွေနေ့များမှအပ) ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပြီး ဖြေဆိုရမည့်နေရာကိုစာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးချိန်တွင် ကြေညာမည်ဖြစ်ပါသည်။ (ဖြေဆိုလိုသော ရက်နှင့် အချိန်တို့ကို လျှောက်ထားစဉ်တွင် ဦးစားပေးရွေးချယ်နိုင်ပါသည်။)

၃။ ၂၀၂၀ ခုနှစ်၊ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှစ၍ လျှောက်လွှာလက်ခံမည် ဖြစ်ပြီး (Computer -Based Testing-CBT)ဖြင့်စစ်ဆေးမည်ဖြစ်ပြီးလျှောက်ထားသူများသည် စာမေးပွဲ စင်တာ၏ အင်တာနက်စာမျက်နှာ(http://ac.prometric-jp.com/testlist/jfe/index.html)တွင် လျှောက်လွှာတင်ရမည်ဖြစ်ပြီး အဆိုပါအင်တာနက်စာမျက်နှာကို ၂၀၂၀ခုနှစ် ဖေဖော်ဝါရီလ ၄ရက်နေ့တွင် စတင် ဖွင့်လှစ်မည်ဖြစ်သည်။

၄။ ၂၀၂၀ခုနှစ် မတ်လတွင်ကျင်းပမည့်စာမေးပွဲအတွက်ပထမဦးဆုံးလျှောက်ထားသူ ၁၃၀၀ ဦးကို လက်ခံမည်ဖြစ်ပါသည်။

၅။ ဖြေဆိုခွင့်လျှောက်ထားသူများသည် စာမေးပွဲဖြေဆိုသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ရမည်။

၆။ ပညာအရည်အချင်းကန့်သတ်ချက် မရှိပါ။

၇။ မေးခွန်းပုံစံအနေဖြင့် JFT-Basic စာမေးပွဲတွင် အပိုင်း ၄ ပိုင်းရှိပြီး၊ ဝေါဟာရကြွယ်ဝမှု၊ စကားကြွယ်ဝမှု၊ စကားပြောဆိုမှုနှင့် ဖော်ပြပြောဆိုတတ်မှု၊ နားထောင်နိုင်မှုနှင့် စာဖတ်နိုင်မှုတို့ စစ်ဆေးမည်ဖြစ်ပါသည်။

၈။ စာမေးပွဲ ဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲကြေး အမေရိကန်ဒေါ်လာ ၂၂ ဒေါ်လာကို သတ်မှတ်နေရာ (ရန်ကုန်မြို့) ၌ငွေသားဖြင့် ပေးသွင်းရမည်ဖြစ်ပါသည်။

၉။ စာမေးပွဲကြေး ပေးသွင်းရမည့်နေရာနှင့် ရက်စွဲတို့ကို လျှောက်ထားသူထံ အီးမေးလ်ဖြင့် အကြောင်း ကြားမည်ဖြစ်ပါသည်။

၁၀။ စာမေးပွဲဖြေဆိုပြီးနောက် စာမေးပွဲအောင်/ရှုံး ရလဒ်အား ဖြေဆိုသည့်ကွန်ပျူတာမျက်နှာပြင်ပေါ်တွင် ကြေညာပေးမည်ဖြစ်ပါသည်။

၁၁။ အထက်ပါကိစ္စနှင့်ပတ်သက်၍ မရှင်းလင်းသည့်အချက်များ၊ အသေးစိတ်သိရှိလိုသည့် အချက်များရှိပါက ဦးအေးခိုင်စိုး ( ၀၉-၈၈၇၁၉၈၉၇၇ ) သို့ တနင်္လာနေ့မှ သောကြာနေ့အထိ ၉:၀၀ နာရီမှ ၁၇:၀၀ နာရီအထိ ဆက်သွယ်စုံစမ်း နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတိပြုရန်အချက်များ**

(က) စာမေးပွဲဖြေဆိုပြီးနောက် စာမေးပွဲအောင်/ရှုံး ရလဒ်အား ဖြေဆိုပြီးနောက် ၅ ရက်ပြည့်သည့်နေ့တွင် CBT-Service provider's registration Website တွင် ကြော်ငြာပေးမည် ဖြစ်ပါသည်။

(ခ) Japan Foundation Test (JFT-Basic) စာမေးပွဲရလဒ် သည် သက်တမ်းကုန်ဆုံးရက်မရှိပါ။

(ဂ) နေထိုင်ခွင့်အရည်အချင်း "ကျွမ်းကျင်လုပ်သား" ၏ အသေးစိတ်အချက် အလက်များကိုအောက်ပါစာမျက်နှာတွင်လေ့လာကြည့်ရှုနိုင်ပါသည်- (https://www.mofa.go.jp/mofaj/files/000459527.pdf)

(ဃ) ကျွမ်းကျင်လုပ်သားအမှတ်(၁)လျှောက်ထားရာတွင်ဂျပန်ဖောင်ဒေးရှင်း၏ဂျပန်စာအခြေခံစာမေးပွဲအောင်မြင်ထားရမည့်အပြင် သက်ဆိုင်ရာကဏ္ဍ၏ နည်းပညာဆိုင်ရာ စစ်ဆေးသောစာမေးပွဲ အောင်မြင်ရန်လည်း လိုအပ်ပါသည်။ ဂျပန်စာအရည်အချင်းစစ်(JLPT)စာမေးပွဲ N4 level သို့မဟုတ် N4 နှင့်အထက် အောင်မြင်ထားသူများသည် ဂျပန်ဖောင်ဒေးရှင်း၏ဂျပန်စာအခြေခံ စာမေးပွဲအောင်မြင်ထားသည့်နည်းတူ ကျွမ်းကျင်လုပ်သား နေထိုင်ခွင့်ပုံစံသစ်အရ အကျုံးဝင်ပါသည်။

## ဂျပန်နိုင်ငံမှ အစားအစာဝန်ဆောင်မှုလုပ်ငန်း ကျွမ်းကျင်မှု အရည်အချင်းစစ် စာမေးပွဲကျင်းပမည်ဖြစ်ကြောင်း ကြေညာခြင်း

အစားအစာဝန်ဆောင်မှုလုပ်ငန်း ကျွမ်းကျင်မှုအရည်အချင်းစစ် စာမေးပွဲဆိုသည်မှာ ဂျပန်နိုင်ငံ အစားအစာဝန်ဆောင်မှုလုပ်ငန်းတွင် လုပ်ကိုင်ရန်လိုအပ်သော အသိပညာ၊ ဗဟုသုတနှင့် ကျွမ်းကျင်မှုများကို စစ်ဆေးသည့် စာမေးပွဲဖြစ်ပါသည်။

၁။ စာမေးပွဲကို ဂျပန်နိုင်ငံ၊ General incorporated association၊ The Organization for Technical Skill Assessment of Foreign Workers in Food Industry (OTAFF) စစ်ဆေးသည့်အဖွဲ့မှ စစ်ဆေးမည်ဖြစ်ပါသည်။

၂။ စာမေးပွဲကို ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ( ၂၁ရက်နေ့၊ ၂၅ မှ ၂၈ ရက်နေ့ထိ)နှင့် မတ်လ( ၂ ရက်နေ့မှ ၁၉ ရက်နေ့ထိ-တနင်္ဂနွေနေ့မှအပ) တို့တွင် ရန်ကုန်မြို့ တွင်း၌ ကျင်းပမည်ဖြစ်ပြီး ဖြေဆိုရမည့်ခန်းမကို စာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးချိန်တွင် ကြေညာမည်ဖြစ်ပါသည်။ (ဖြေဆိုလိုသော ရက်နှင့် အချိန်တို့ကို လျှောက်ထားစဉ်တွင်ဦးစားပေးရွေးချယ်နိုင်ပါသည်။)

၃။ ၂၀၂၀ ခုနှစ်၊ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှစ၍ လျှောက်လွှာလက်ခံမည် ဖြစ်ပြီး (Computer -Based Testing-CBT)ဖြင့် စစ်ဆေးမည်ဖြစ်ပြီး လျှောက်ထားသူများသည် စာမေးပွဲ စင်တာ၏ အင်တာနက်စာမျက်နှာ(http://ac.prometric-jp.com/testlist/food_service/index.html) တွင် လျှောက်လွှာ တင် ရမည်ဖြစ်ပြီးအဆိုပါ အင်တာနက်စာမျက်နှာကို ၂၀၂၀ခုနှစ် ဖေဖော်ဝါရီလ ၄ ရက် နေ့တွင် စတင်ဖွင့်လှစ်မည်။

၄။ ပထမဦးဆုံးလျှောက်ထားသူ ၁၅၀ ဦး၏ လျှောက်လွှာကိုသာ လက်ခံမည်ဖြစ်ပါသည်။

၅။ ဖြေဆိုခွင့်လျှောက်ထားသူများသည် စာမေးပွဲဖြေဆိုသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ရမည်။

၆။ ပညာအရည်အချင်းကန့်သတ်ချက် မရှိပါ။

၇။ အစားအစာစွန့်ပစ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် စားသုံးသူဝန်ဆောင်မှုများနှင့် စပ်လျဉ်းသည့် အကြောင်းအရာများ မေးမြန်းမည်ဖြစ်ပါသည်။

၈။ စာမေးပွဲ ဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲကြေး အမေရိကန်ဒေါ်လာ ၃၃ ဒေါ်လာကို သတ်မှတ်နေရာ (ရန်ကုန်မြို့) ၌ငွေသားဖြင့် ပေးသွင်းရမည်ဖြစ်ပါသည်။

၉။ စာမေးပွဲကြေး ပေးသွင်းရမည့်နေရာနှင့် ရက်စွဲတို့ကို လျှောက်ထားသူထံ အီးမေးလ်ဖြင့် အကြောင်းကြားမည်ဖြစ်ပါသည်။

၁၀။ စာမေးပွဲဖြေဆိုပြီးနောက် စာမေးပွဲ အောင်/ရှုံး ရလဒ်အား ဖြေဆိုသည့်ကွန်ပျူတာမျက်နှာပြင်ပေါ်တွင် ကြေညာပေးမည်ဖြစ်ပါသည်။

၁၁။ အထက်ပါကိစ္စနှင့်ပတ်သက်၍ မရှင်းလင်းသည့်အချက်များ၊ အသေးစိတ်သိရှိလိုသည့် အချက်များရှိပါက ဦးအေးခိုင်စိုး ( ၀၉-၈၈၇၁၉၈၉၇၇ ) သို့ တနင်္လာနေ့မှ သောကြာနေ့အထိ ၉:၀၀ နာရီမှ ၁၇:၀၀ နာရီအထိ ဆက်သွယ်စုံစမ်း နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတိပြုရန်အချက်များ**

(က) စာမေးပွဲဖြေဆိုပြီးနောက် စာမေးပွဲအောင်/ရှုံး ရလဒ်အား ဖြေဆိုပြီးနောက် ၅ ရက်ပြည့်သည့်နေ့တွင် CBT-Service provider's registration Website တွင် ကြော်ငြာပေးမည် ဖြစ်ပါသည်။

(ခ) အစားအစာဝန်ဆောင်မှုလုပ်ငန်း ကျွမ်းကျင်မှု စာမေးပွဲအောင်မြင်ကြောင်း လက်မှတ်သည် ရရှိပြီးနေ့မှစ၍ ၁၀ နှစ် သက်တမ်းရှိမည်ဖြစ်ပါသည်။

(ဂ) နေထိုင်ခွင့်အရည်အချင်း "ကျွမ်းကျင်လုပ်သား" ၏ အသေးစိတ်အချက် အလက်များကို အောက်ပါစာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါသည်- (https://www.mofa.go.jp/mofaj/files/000459527.pdf)

(ဃ) ကျွမ်းကျင်လုပ်သား လျှောက်ထားရာတွင် ဂျပန်စာအရည်အချင်းစစ် စာမေးပွဲ (N4 နှင့်အထက်) သို့မဟုတ် ဂျပန်ဖောင်ဒေးရှင်း၏ ဂျပန်စာအခြေခံစာမေးပွဲ အောင်မြင် ထားရမည့်အပြင် သက်ဆိုင်ရာကဏ္ဍ၏ နည်းပညာဆိုင်ရာ စစ်ဆေးသော စာမေးပွဲ အောင်မြင်ရန်လည်း လိုအပ်ပါသည်။


MPT Money
အယုံကြည်ရဆုံး ဒစ်ဂျစ်တယ်ငွေလွှဲဝန်ဆောင်မှု
GET IT ON Google Play
Download on the App Store
www.mptmoney.com.mm
@MPTMoneyOfficial
CALL CENTER 990
MPT အသုံးမပြုသူများအတွက် - 012323990

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများမှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချပါမည်။

၂။ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့်စည်းကမ်းချက်များကို ၂၈-၁-၂၀၂၀ ရက်မှ ၄-၂-၂၀၂၀ ရက်ထိ နေ့စဉ်နံနက် ၉:၃၀နာရီမှ ညနေ ၄:၀၀ နာရီအတွင်းဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၄-၂-၂၀၂၀ ရက် ညနေ ၄:၀၀ နာရီဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကိုထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၁-၈၂၅၁၉၀၈ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ်(၂၂၈)၊သိမ်ဖြူလမ်း၊ဗိုလ်တထောင်မြို့နယ်**
**ရန်ကုန်မြို့**

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အောက်ပါစီမံကိန်းများအတွက် လုပ်ငန်းများအား ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

(က) သူ့ငွေးရေအားလျှပ်စစ်စီမံကိန်း၊ ရေစစ်သဲ/ကျောက်၊ ကွန်ကရစ်သဲ/ကျောက် (၈၉,၇၀၀)ကျင်းသယ်ယူပို့ဆောင်ခြင်းလုပ်ငန်း (ပေ ၃,၀၀၀ အတွင်း တင်၊ သယ်၊ စုပုံခြင်း)
(Tender No.19/DHPI,(P&W)/2019-2020)(Re-Tender)

(ခ) ရဲရွာ၊ အထက်ပေါင်းလောင်း၊ ရွှေကျင်နှင့် ကွန်းချောင်း တမံများတွင် Bathymetric Survey (280 km
တိုင်းတာခြင်းလုပ်ငန်း
( Tender No.20/DHPI,(P&W)/2019-2020)(Re-Tender)

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

| | | |
|---|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန်** | - | ၃၀-၁-၂၀၂၀ရက် ၊ ၉ : ၃၀နာရီ |
| **တင်ဒါအဆိုပြုလွှာတင်သွင်းရမည့်ရက်** | - | ၂၈-၂-၂၀၂၀ရက် |
| **နေရာ** | | ရုံးအမှတ်(၂၇)၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ |
| **တင်ဒါအဆိုပြုလွှာ တင်သွင်းရမည့်အချိန်** | - | အမှတ်စဉ်(၁)(က) ပါ လုပ်ငန်းအတွက် (၁၄:၀၀)နာရီ<br>အမှတ်စဉ်(၁)(ခ)ပါ လုပ်ငန်းအတွက် (၁၅:၀၀) နာရီ |

၃။ တင်ဒါကြော်ငြာပုံစံကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moee.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၈၄**

## ရှမ်းပြည်နယ်အစိုးရအဖွဲ့
## ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနနှင့်ကွပ်ကဲမှုအောက်ရှိ မြို့နယ်/မြို့နယ်ခွဲ စည်ပင်သာယာရေးဌာနများ၏ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ဝယ်ယူရန်လျာထားသော အောက်ဖော်ပြပါ ယာဉ်၊ စက်၊ ယန္တရားများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းရန်ဖိတ်ခေါ်ပါသည်။

| | | | |
|---|---|---|---|
| (က) | အမှိုက်သိမ်းယာဉ်(ဖဲပေါက်တန်း) | - | ၄စီး |
| (ခ) | ရုံးသုံးယာဉ်(Light Truck) | - | ၁စီး |
| (ဂ) | လမ်းကြိတ်စက်(၈-၁၀)တန် | - | ၁စီး |
| (ဃ) | Back Hoe(၈တန်) | - | ၁စီး |
| (င) | မော်တော်ဆိုင်ကယ် | - | ၁စီး |

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါလျှောက်လွှာရောင်းချမည့် ရက်/အချိန်** | - | ၂၉-၁-၂၀၂၀ရက်မှ ၂၈-၂-၂၀၂၀ရက်အထိ(ရုံးချိန်အတွင်း) |
| | **တင်ဒါတင်သွင်းရမည့်နောက်ဆုံး ရက်/အချိန်** | - | ၂၈-၂-၂၀၂၀ရက်၊ သောကြာနေ့ |
| | **တင်ဒါတင်သွင်းရမည့်နေရာ** | - | ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့။ |
| | **တင်ဒါဖွင့်လှစ်မည့်ရက်** | - | သီးခြားအကြောင်းကြားပါမည်။ |

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့တွင်ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၃၉၁၅သို့စုံစမ်းဝယ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဩချောင်ရပ်ကွက်၊ အကွက်အမှတ်(၄၉၉)ဗွန်းစုရပ်၊ ဦးပိုင်(၄၂/၂)ဟု ခေါ်တွင်သော (အလျား၁၅ပေxအနံ၅၈ပေ)မြေကွက်နှင့်လူနေအိမ်အဆောက်အအုံတို့အား ပိုင်ဆိုင်သူ ဦးတင်မောင်အေး ၉/မရတ(နိုင်)၀၀၀၆၂၃မှ ဦးအောင်မျိုးသန့် ၉/ခမစ(နိုင်)၀၄၈၄၉၃ သို့ ရောင်းချရန်အတွက် ၂၅-၁-၂၀၂၀ ရက်တွင် အရောင်းအဝယ်စရန်ပေးစာချုပ်ချုပ်ဆို စရန်ငွေရယူပြီးဖြစ်ပါသည်။ အထက်ပါအိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်သည်၊ ဆိုင်ရေးဆိုင်ခွင့်ရှိသည်ဟု အဆိုပြုကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းများဖြင့် ဤကြော်ငြာစာပါပြီး ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက အပြီးအပိုင်အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးတင်မောင်အေး**
**၉/မရတ(နိုင်)၀၀၀၆၂၃**
**၄၂/၂၊အကွက်(၄၉၉)ဗွန်းစုရပ်၊ ကျွန်းလုံးဥဩချောင်ရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သံတွဲခရိုင်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၃)ရပ်ကွက်ရှိ မြေဧရိယာ ၀ဒသမ၃၃၉ကေပေါ်တွင် အသုံးမလိုသည့် အဆောက်အအုံဟောင်းကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည် ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂၉-၁-၂၀၂၀ရက်မှ ၁၁-၂-၂၀၂၀ ရက်အထိ ရုံးဖွင့်ချိန် ၉:၃၀နာရီမှ ၁၆:၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် တင်ဒါပုံစံများကို တစ်စောင်လျှင် ငွေကျပ် ၅၀၀၀/-နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ ဈေးနှုန်းကမ်းလှမ်းလွှာများကို ၁၃-၂-၂၀၂၀ရက် ၉:၃၀နာရီမှ ၁၆:၃၀နာရီအတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၄၃-၂၀၂၂၉၈၁၊ ၀၄၃-၂၀၂၂၉၇၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ရခိုင်ပြည်နယ်ရုံး
လမ်းမကြီး၊ မောလိပ်ရပ်ကွက်၊ စစ်တွေမြို့
ဖုန်းနံပါတ်-၀၄၃-၂၀၂၂၉၈၁၊ ၀၄၃-၂၀၂၂၉၇၀

**အိတ်ဖွင့်တင်ဒါပုံစံများတင်သွင်းရန်လိပ်စာ**
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ရခိုင်ပြည်နယ်ရုံး
လမ်းမကြီး၊ မောလိပ်ရပ်ကွက်၊ စစ်တွေမြို့
ဖုန်းနံပါတ်-၀၄၃-၂၀၂၂၉၈၁၊ ၀၄၃-၂၀၂၂၉၇၀

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ပြည်မြို့နယ်တရားရုံးတော်၌၊ ပြည်မြို့**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် (၃၈)**

၁။ ဦးမြင့်ဆွေ
ရွှေတောင်မြို့။
၂။ ဒေါ်တင်တင် --------------- **တရားလို**
၂၇/၃၃၉၊ နဝင်းကွက်သစ်(၁၂)လမ်း၊
ပြည်မြို့။

**နှင့်**

၁။ ဦးအောင်ငွေး(ဘ)ဦးကျော်ဝင်း
လယ်လုပ်
ဖြူးကုန်းကျေးရွာ၊ ပေါင်းတလည်မြို့။
၂။ ဒေါ်ခင်မိုးဆွေ (ဘ)ဦးကျော်ဝင်း
လယ်လုပ်
ဖြူးကုန်းကျေးရွာ၊ ပေါင်းတလည်မြို့။
၃။ မြမြမိုး (ဘ)ဦးကျော်ဝင်း
လယ်လုပ်
ဖြူးကုန်းကျေးရွာ၊ ပေါင်းတလည်မြို့။
၄။ ကျော်ကျော် (ဘ)ဦးကျော်ဝင်း
လယ်လုပ်
ဖြူးကုန်းကျေးရွာ၊ ပေါင်းတလည်မြို့။
၅။ ဦးမင်းသူ (ဘ)ဦးကျော်ဝင်း
ဈေးရောင်း
ဖြူးကုန်းကျေးရွာ၊ ပေါင်းတလည်မြို့။
၆။ အောင်ဇော်မိုး (ဘ)ဦးကျော်ဝင်း
လယ်လုပ်
ဖြူးကုန်းကျေးရွာ၊ ပေါင်းတလည်မြို့။
၇။ ကြည်ကြည်ဦး (ဘ)ဦးငွေစိုး
ရွှေလက်လှ၊ ဦးနုလေးခြံ၊ ပြည်မြို့။
၈။ ကျော်ကျော်ထွေး (ဘ)ဦးငွေစိုး
ရွှေလက်လှ၊ ဦးနုလေးခြံ၊ ပြည်မြို့။
၉။ အေးအေးသန်း (ဘ)ဦးငွေစိုး
ရွှေလက်လှ၊ ဦးနုလေးခြံ၊ ပြည်မြို့။
၁၀။ ကိုသက်နောင် (ဘ)ဦးစောလွင်
လယ်လုပ်
၂၇/၃၃၉၊ နဝင်းကွက်သစ်၊ ပြည်မြို့။
၁၁။ ကိုအောင်မိုး (ဘ)ဦးမောင်အေး
၂၇/၂၂၉၊ နဝင်းကွက်သစ်၊ ပြည်မြို့။ **တရားပြိုင်များ**

အထက်ပါအမှုမှ (၃) တရားပြိုင် ဒေါ်မြမြမိုး ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ ကံကြီးရွာနေသူ (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလို ဦးမြင့်ဆွေ ပါ(၂)က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုလျက်ရှိရာ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၁ရက် နံနက် ၁၀:၀၀နာရီတွင် တရားလိုများ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(သီရိရှုမဝ)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ပြည်မြို့နယ်တရားရုံး**

## စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## လက်ကိုင်ဖုန်းဟန်းဆက်(Handset)များအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချစေရေးကိစ္စ

၁။ ၁-၇-၂၀၁၉ ရက်နေ့မှစ၍ လက်ကိုင်ဖုန်းဟန်းဆက် (Handset)ဘူးခွံများအပေါ်တွင် အခွန်အမှတ်တံဆိပ်များကပ်နှိပ်ရောင်းချစေခြင်း လုပ်ငန်းအစီအစဉ်အား ဆောင်ရွက်လျက်ရှိပါသည်။

၂။ လုပ်ငန်းအစီအစဉ်အရ လက်ကိုင်ဖုန်းဟန်းဆက်(Handset)များအား ပြည်ပမှ တင်သွင်းရောင်းချသူများအနေဖြင့် အကောက်ခွန်ဆိုင်ရာ ရှင်းလင်းဆောင်ရွက်ပြီးသည်နှင့် တစ်ပြိုင်နက် လက်ကိုင်ဖုန်းဟန်းဆက်(Handset)၏ လက်လီရောင်းဈေးအပေါ် ကျသင့်မည့် ကုန်သွယ်လုပ်ငန်းခွန် ပမာဏနှင့် ညီမျှသော အခွန်အမှတ်တံဆိပ်များအား လက်ကိုင်ဖုန်း ဟန်းဆက်(Handset) ဘူးခွံအပေါ်တွင် အပြည့်အဝ ကပ်နှိပ်ရမည်ဖြစ်ပါသည်။

၃။ လက်ကိုင်ဖုန်းဟန်းဆက်(Handset) ဘူးခွံများအပေါ်တွင် သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချကြောင်း စစ်ဆေးတွေ့ရှိရပါက လက်ဝယ်ထားရှိသူသည် ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင် ရမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ လက်ကိုင်ဖုန်းဟန်းဆက်(Handset) တင်သွင်းရောင်းချသူ လုပ်ငန်းရှင်များအနေဖြင့် ဖြန့်ချိခြင်း မပြုမီ မိမိတို့ တင်သွင်းရောင်းချသည့် လက်ကိုင်ဖုန်းဟန်းဆက်(Handset)ဘူးခွံများအပေါ်တွင် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်နှင့်ညီမျှသော အခွန်အမှတ်တံဆိပ်များကို အပြည့်အဝ (မပျက်မကွက်) ကပ်နှိပ်ပေးရန်အသိပေးအပ်ပါသည်။

၅။ လက်ကိုင်ဖုန်းဟန်းဆက်(Handset)အား ဖြန့်ချိရောင်းချသူများနှင့် လက်လီရောင်းချသူများအနေဖြင့်လည်း ကျသင့်သည့်ကုန်သွယ်လုပ်ငန်းခွန်နှင့်ညီမျှသော အခွန်အမှတ်တံဆိပ်များ အပြည့်အဝ ကပ်နှိပ်ထားခြင်းမရှိသော လက်ကိုင်ဖုန်းဟန်းဆက်(Handset)များအား ဖြန့်ချိ/ရောင်းချခြင်း မပြုကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

၆။ လက်ကိုင်ဖုန်းဟန်းဆက်(Handset) ဝယ်ယူအသုံးပြုမည့် ပြည်သူများအနေဖြင့်လည်း မိမိဝယ်ယူမည့် လက်ကိုင်ဖုန်းဟန်းဆက်(Handset) များအပေါ်တွင် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်နှင့် ညီမျှသော အခွန်အမှတ်တံဆိပ်များ အပြည့်အဝ ကပ်နှိပ်ထားခြင်းမရှိသော လက်ကိုင်ဖုန်းဟန်းဆက် (Handset) များအား ဝယ်ယူခြင်းမပြုကြပါရန် အသိပေးအပ်ပါသည်။

ပုံ (မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်း များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/ လုပ်ငန်း အမျိုးအမည် |
|---|---|---|
| ၁ | ၂၀၁/မမ(CME) | စက်ခေါင်းများတွင် အသုံးပြုရန် Speedometer (၄၈)စုံ နှင့် GPS (၃၈)စုံ ဝယ်ယူရန် |
| ၂ | ၂၀၂/မမ (CE ) | တိုင်း(၅)တောင်ငူ<br>ရွာတော်-နေပြည်တော် ကြား၊ မိုင် ၂၃၁/၁၅-၁၆ ရှိ တံတား (၄၁၁) 20' x 10' Box Culvert တံတား တည်ဆောက်ခြင်း လုပ်ငန်း |
| ၃ | ၂၀၃/မမ (CE ) | အလုံလမ်း ခုံးကျော် တံတား မြှင့်တင်ခြင်းလုပ်ငန်း<br>အလုံဘူတာ ရထားလမ်း ခုံးကျော် တံတား တည်ဆောက်ခြင်း လုပ်ငန်း တံတားချဉ်းကပ်လမ်းခင်း ခြင်း လုပ်ငန်းတွင် (၆၉၀-ပေ) အရှည် RC Retaining Wall တည်ဆောက်ခြင်း နှင့် ချဉ်းကပ်လမ်းခင်း ခြင်း လုပ်ငန်း |
| ၄ | ၂၀၄/မမ (CE ) | တိုင်း(၈) မော်လမြိုင်<br>မုပ္ပလင်-ကျိုက္ကသာကြား တံတားအမှတ်(၄၁) ခလွှန်တံတား ရေထွက်ပေါက် (၄၀-ပေ) တိုးချဲ့ရန် ကမ်းကပ်ခုံ (၁)ခုတည်ဆောက်ခြင်း ၊ (H=21') (2'-6" Ø Bore Pile)(5-Nos) တူးခြင်းအပါအဝင် |

တင်ဒါပိတ်မည့် နေ့/အချိန် - (၃.၃.၂၀၂၀) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ( ၃၁.၁.၂၀၂၀)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## CLAIMS DAY NOTICE
## M.V VIKING SEA VOY:No(19)

Consignees of cargo carried by MV VIKNG EMERALD VOY:NO)(13)are here by notified that the vessel will arrive on about 1-02-2020 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00AM to 11:20AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန်အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-
ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9M/2018 Mazda Titan MR85 Light Truck(4x2) ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိ အလယ်ရပ်)၊ မြေကွက်အမှတ်(ဒ-၄၃၅၉)၊ မြေဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဦးထက်အောင်ကို(ဘ)ဦးမောင်ကို ၈/ပခက(နိုင်)၁၄၇၃၅၉ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်အေးမွန်မြင့်(ဘ) ဦးဖေတင် ၁၂/ကမရ(နိုင်)၀၀၁၁၀၆ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ချောက်မြို့နယ်အသင်း(ရန်ကုန်)

### (၃၄)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးဖိတ်ကြားလွှာ

ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၀၁၉)ခုနှစ် (၃၄)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ၂၃-၂-၂၀၂၀ရက် (တနင်္ဂနွေနေ့)နံနက် (၁၀:၀၀) နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာနစမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါသည်။

အသက်(၇၅)နှစ်အထက် အသင်းဝင်ဘိုး/ဘွားများ၊ (၂၀၁၉)ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သား/သမီးများသည် ၁၆-၂-၂၀၂၀ရက် နောက်ဆုံးထား၍ ဦးသိန်းနိုင် ဖုန် -၀၉-၅၁၇၈၂၉၀၊ ဦးကိုကိုမော် ဖုန်း ၀၉-၇၉၉၈၆၈၄၇၅၊ ဦးအောင်ကြည်မိုး ဖုန်း ၀၉-၂၆၁၆၂၁၂၀၉၊ ဦးမြငွေ ဖုန်း ၀၉-၅၁၄၁၇၀၈ တို့ထံ အထောက်အထားများဖြင့် စာရင်းပေးပို့နိုင်ပါသည်။

ချောက်မြို့နယ်အသင်း (ရန်ကုန်)တွင် အလုပ်အမှုဆောင်အဖြစ် စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်လိုသူများအနေဖြင့် ကြိုတင်ဆန္ဒပြု စာရင်းပေးသွင်းနိုင်ပါသည်။

ချောက်မြို့နယ်သူ/သားများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့၊ ချောက်မြို့နယ်အသင်း(ရန်ကုန်)**

## I.D.E.A (Integrated Development Education Academy)

### ကိုယ်ပိုင်အထက်တန်းကျောင်း

### အမည်နှင့် တံဆိပ်အမှတ်အသားအား အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့၊ ဈေးကွက်သစ်ရပ်နေ ဦးမြင့်အောင် ၉/ကပတ(နိုင်)၀၃၀၉၂၈ ၏ လွှဲအပ်ချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

**မှတ်ပုံတင်စာချုပ်အမှတ်-၈/၂၀၂၀**

ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်အောင်သည် အထက်တွင်ဖော်ပြပါရှိသော I.D.E.A (Integrated Development Education Academy) ကိုယ်ပိုင်အထက်တန်းကျောင်းအမည်ဖြင့် ပညာရေးလုပ်ငန်းကို ကျောက်ပန်းတောင်းမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်-၈/၂၀၂၀ ဖြင့် တစ်ဦးတည်းမူပိုင်လုပ်ငန်း အမှတ်တံဆိပ်အမည်အမှတ်အသားအဖြစ် မှတ်ပုံတင်သွင်းပြီး အဆိုပါတံဆိပ်အမည် အမှတ်အသားဖြင့် ကျောက်ပန်းတောင်းမြို့တွင်သာမက ပြည်ထောင်စုသမ္မတမြန်မာတစ်နိုင်ငံလုံးရှိ အခြားသောမြို့များတွင်လည်း အထက်ပါအမည်ဖြင့် ဘာသာရပ်သင်ကိုယ်ပိုင်အထက်တန်းကျောင်းများကိုဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

I.D.E.A (Integrated Development Education Academy) ကိုယ်ပိုင်အထက်တန်းကျောင်း အမည်အမှတ်အသားကို အသုံးပြု၍ သင်ကြားရေးနှင့် ပတ်သက်ဆက်နွှယ်သည့်ပစ္စည်းများ၊ အသုံးအဆောင်များ၊ အထိမ်းအမှတ်ပစ္စည်းများ၊ ကြော်ငြာပစ္စည်းအမျိုးမျိုး၊ ကျောင်းနှင့်ပတ်သက်သည့်ပြေစာဖြတ်ပိုင်းများနှင့် စာရွက်စာတမ်းများတွင် ရိုက်နှိပ်၍၊ ကပ်နှိပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်နံတစ်လျားတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ပါ၍ I.D.E.A (Integrated Development Education Academy) ကိုယ်ပိုင်အထက်တန်းကျောင်း အမည်နှင့်အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အလုံးစုံကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ရှေ့လယ်နောက်မှ စာလုံးများဖြည့်စွက်၍ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပအသုံးပြုခြင်းနှင့် အမှတ်တံဆိပ်ကို ထိခိုက်နစ်နာစေမည့် ပြောဆိုမှုများ ဖြစ်ပေါ်လာပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်သူ-**
**ဦးမြင့်အောင် ၉/ကပတ(နိုင်)၀၃၀၉၂၈**

**လွှဲအပ်ချက်အရ-**
**ဦးဇော်လင်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၅၄၂၀)**
**ဒေါ်သင်းသင်းနိုင် (LL.B)**
**အထက်တန်းရှေ့နေ**
**(စဉ်-၅၁၃၀၂)**
**သာယာအေးရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့**
**ဖုန်း-၀၉-၇၉၈၇၉၁၃၁၉**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5K/1728 Toyota wish ZNE10 S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိခင် ၉/ခမစ(နိုင်)၀၇၈၂၇၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၅၇၂၂၁ Honda Wave 110 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းဇာ ၁၀/ရမန(နိုင်)၂၀၁၀၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၉၅၅၈၇ Honda Wave 110 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကို MME-၆၅၇၄၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/7771 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/5604 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## သဒ္ဓမ္မပါလ မနေပြုတိုက်သစ်ကျောင်း(၈၈)ကြိမ်မြောက် တရားစခန်းဖွင့်မည်။

တောင်ဥက္ကလာပမြို့နယ် (၁၄/၂)ရပ်ကွက်၊ ဇင်ယော်လမ်း သဒ္ဓမ္မပါလမနေပြုတိုက်သစ်ကျောင်း၌ ဝိပဿနာ(၇) ရက် တရားစခန်းကို (၄-၂-၂၀၂၀) မှ (၁၀-၂-၂၀၂၀) ထိ **သစ္စာဒိပက ဆရာကြီးဦးကြည် ၏ နည်းနာနိဿယအတိုင်း ကျောင်းတိုက်၏** ပဓာနနာယကကမ္မဋ္ဌာနာစရိယ **ဘဒ္ဒန္တသာသန(သာသနဓဇမ္မာစရိယ)** ဆရာတော်ကိုယ်တိုင် ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်ပါ၍ စခန်းဝင်မည့်ယောဂီများ **(၃-၂-၂၀၂၀) ညနေ(၅)နာရီအရောက် ကြွရောက်ပါရန် နှိုးဆော်အပ်ပါသည်။**

**အကျိုးဆောင်အဖွဲ့ 09-262000210, 09-443094383, 09-5146822**

### သထုံမြို့နယ်အသင်း(ရန်ကုန်)၏ အသင်းအမည်ပြောင်းလဲကြောင်း

## အများသိစေရန်ကြော်ငြာခြင်း

သထုံမြို့နယ်အသင်း(ရန်ကုန်)၏ အသင်းအမည်ကို သုဝဏ္ဏဘူမိ သထုံအသင်း(ရန်ကုန်)သို့ ပြင်ဆင်သတ်မှတ်ရေးအတွက် အသင်းသူ၊ အသင်းသားများ၏ဆန္ဒဖြင့် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်ပြုလုပ်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြခဲ့ရာ အထက်ပါရုံး၏ ၃၀-၁၂-၂၀၁၉ ရက်စွဲပါ စာအမှတ်-၂၀၀၊ ၆၁-၁(၁၃၄၇) ဦး ၁ စာဖြင့် အသင်းအမည်ပြောင်း ခွင့်ပြုကြောင်း ပြန်ကြားလာပါသဖြင့် အသင်းအမည်ကို သုဝဏ္ဏဘူမိ သထုံအသင်း(ရန်ကုန်) ဟု ပြင်ဆင်ပြောင်းလဲခေါ်တွင်မည်ဖြစ်ကြောင်း အသင်းသူ/အသင်းသားများနှင့် အများသိစေရန် ကြော်ငြာအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**သုဝဏ္ဏဘူမိသထုံအသင်း(ရန်ကုန်)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ချမ်းမြသာစည်မြို့နယ်တရားရုံးတော်**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၁၀**

၁။ ဦးမျိုးနိုင် နှင့် ဦးအုန်းကြည်
၂။ ဒေါ်ဖြူဖြူသန့်
**တရားလိုများ** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၂)ရပ်ကွက်၊ အကွက်အမှတ် (ဆ-၉)၊ ဦးပိုင်အမှတ်(၆၅)နေ ဦးအုန်းကြည်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီ ၁၀ရက် (၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လှယဉ်ဝင်း)
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ဦးချစ်ခင်နှင့် အများသိစေရန်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အောင်တေဇလမ်း၊ ဗျိုင်းရေအိုးစင်ကွက်သစ်၊ အမှတ်(၁၅)၊ လေးလွှာ (ညာဘက်အခန်း)တွင် နေထိုင်သော အစ်ကိုဖြစ်သူ ဦးချစ်ခင် ၁၂/ပဇတ(နိုင်)၀၀၇၈၈၃ ထံတွင်

(၁) ပုဇွန်တောင်မြို့နယ်၊ (၆) ရပ်ကွက်၊ နွယ်နီလမ်း၊ အမှတ် (၂၄)အိမ်၏ အမှုနိုင်ဒီကရီစာရွက်စာတမ်းများနှင့် စာချုပ်စာတမ်းများ
(၂) ပုဇွန်တောင်ဈေး၊ ဦးချစ်စိန် အမည်ပေါက် အခန်းအမှတ် (၃၇/၄၀) ဆိုင်ခန်းစာအုပ် (၂) နှင့် စာရွက်စာတမ်းများ
(၃) လှိုင်သာယာမြို့နယ်၊ ယခင်(ကျောက်စိမ်းလမ်း)၊ ယခု (အောင်မင်းခေါင်လမ်း)၊ မြေတိုင်းအမှတ် (၂)၊ လူနေရပ်ကွက်အမှတ် (၁၀)၊ မြေကွက်အမှတ် ၂၄၀(ခ)၊ စတုရန်းပေ(၁၂၀၀)၊ ဧက ၀ ဒသမ ၀၂၇ဧကရှိ ညီမဖြစ်သူ ဒေါ်စန်းစန်းမြင့်အမည်ငှားဖြင့် စာချုပ်ချုပ်ဆိုထားသည့် စာချုပ်နှင့် နှစ် (၆၀)မြေဂရန်(ညီမဖြစ်သူသည် ထိုစဉ်က အလုပ်အကိုင်မရှိ၍ ဝယ်နိုင်သည့်အနေအထားမရှိပါ။ ယခုရောင်းချထားကြောင်း တစ်ဆင့်ကြားသိရပါသည်။)
(၄) ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၊ ကန်ဘောင်လမ်း(ဆရာစံ(၃)လမ်း)၊ အမှတ်(၃၃၁/က) ဦးမရှူးသူးအမည်ပေါက်လျက်ရှိသည့် မြေပါမစ်နှင့် အရောင်းအဝယ်ဆက်စပ်စာချုပ်များ

အထက်ပါစာရွက်စာတမ်း(၄)မျိုးကို ကျွန်တော် ဦးချစ်စိန်မှ အိမ်ထောင်ကျပြီး တပ်ကုန်းတွင်နေထိုင်နေသည့်အတွက် အထက်ပါကိစ္စများ ပေါ်ပေါက်လာလျှင် လွယ်လင့်တကူ ဆောင်ရွက်နိုင်ရန်အစ်ကိုဖြစ်သူ ဦးခါဂျား (ခ) ဦးချစ်ခင်ထံတွင် ယုံကြည်ပြီး အပ်နှံခဲ့ပါသည်။ ယခုအခါ ကျွန်တော် ဦးချစ်စိန်သည် ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာပြီဖြစ်၍ အထက်ပါ စာရွက်စာတမ်းမူရင်းများကို ပြန်လည်ပေးအပ်ရန် တောင်းဆိုသော်လည်း အကြောင်းအမျိုးမျိုးပြ၍ အကြိမ်ကြိမ်ငြင်းဆိုနေသည့်အတွက် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထက်ပါ စာရွက်စာတမ်းမူရင်းများကို ပြန်လည်အပ်နှံရန်တောင်းဆိုလိုက်သည်။ ပျက်ကွက်ပါက ငှဲ့ကွက်မနေတော့ဘဲ ပြစ်မှုကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရ လည်းကောင်း တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အသိပေးသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးချစ်စိန်**
**၁၂/ပဇတ(နိုင်)၀၀၇၉၃၁**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၇၉၇၉)**
**အမှတ်(၅)၊လေးလွှာ၊ ရွှေဟင်္သာလမ်း၊**
**တာမွေကြီး(က+ဂ)ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၃၀၈၁၉၁၉၊၀၉-၄၄၄၈၆၅၈၇၇**

## မြတ်ဆရာပူဇော်ပွဲဖိတ်ကြားခြင်း

### စက်မှုလက်မှုအထက်တန်းကျောင်း၊ ဟင်္သာတမြို့

၁၉၇၇ မှ ၁၉၈၁ခုနှစ်အထိ စက်မှုလက်မှုအထက်တန်းကျောင်း၊ ဟင်္သာတမြို့တွင် ပညာသင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား ပဉ္စမအကြိမ်မြောက် ပူဇော်ပွဲကန်တော့ခြင်းနှင့် ညစာအတူသုံးဆောင်ခြင်း အခမ်းအနားများကို ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့တွင် ကျင်းပပြုလုပ်ပါမည်။ အခမ်းအနားများသို့ တက်ရောက်ကြပါရန် ငယ်သူငယ်ချင်း ကျောင်းသားဟောင်းများကို လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ပူဇော်ပွဲကျင်းပမည့်ရက်** - ၁၅-၂-၂၀၂၀ရက်(စနေနေ့)
**ပူဇော်ပွဲကျင်းပမည့်အချိန်** - ညနေ ၃:၀၀နာရီ
**ပူဇော်ပွဲကျင်းပမည့်နေရာ** - မူလ T.H.Sကျောင်း၊ ဝပ်ရှော့ရှေ့နှစ်ထပ်ကျောင်းဆောင်
**ညစာစားပွဲကျင်းပမည့်နေရာ** - ရွှေမိဟိုတယ်၊ ဟင်္သာတမြို့
**ညစာစားပွဲကျင်းပမည့်အချိန်** - ညနေ ၆:၀၀နာရီ

(ညစာစားပွဲတွင်ဆရာကြီး၊ ဆရာမကြီးများနှင့်မိသားစုများ ကျောင်းသားဟောင်းများနှင့် မိသားစုများအားလုံးကို အတူတကွတည်ခင်းဧည့်ခံဖျော်ဖြေပါမည်။)

အောက်ဖော်ပြပါသူငယ်ချင်းများအား ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | |
|---|---|---|
| ရန်ကုန် - | **ကိုသောင်းစိန်** | ဖုန်း ၀၉-၅၀၂၂၅၂၅ |
| | **ကိုမောင်မောင်ဝေ** | ဖုန်း ၀၉-၅၁၃၆၉၉၁ |
| | **ကိုသန်းဟုတ်** | ဖုန်း ၀၉-၅၁၂၃၀၀၂ |
| | **ကိုမြင့်ဆန်းအောင်** | ဖုန်း ၀၉-၂၅၅၈၁၄၅၉၆ |
| | **ကိုစိန်လှိုင်** | ဖုန်း ၀၉-၅၁၇၅၇၂၈ |
| | **ကိုစိန်ပန်း** | ဖုန်း ၀၉-၄၃၀၉၅၆၈၃ |
| ဟင်္သာတ - | **ကိုတင်ဝင်း** | ဖုန်း ၀၉-၄၀၁၅၃၈၈၄၂ |

## အသင်းအမှတ်တံဆိပ်အမည်အမှတ်အသားပိုင်ဆိုင်ကြောင်း

## သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ပဒုမ္မာလမ်း၊ အမှတ်(၃၃)၊ တတိယထပ်(ဝဲ)တွင် တည်ရှိနေသော မြန်မာဒေါင်းဆင်ဒရုန်းအသင်း (Myanmar Down Syndrome Association) သည် ၂၀၁၅ခုနှစ်တွင် နာယက (၅)ဦး၊ အတိုင်ပင်ခံအကြံပေးအဖွဲ့ဝင် (၁၄)ဦး၊ ဒေါင်းဆင်ဒရုန်းမိသားစုဝင်အမှုဆောင် (၁၄)ဦးတို့ဖြင့် ပဏာမစတင်ဖွဲ့စည်းခဲ့ပါသည်။ ထို့အပြင်မြန်မာဒေါင်းဆင်ဒရုန်းအသင်း (Myanmar Down Syndrome Association) အသင်းအား မည်သူတစ်ဦးတစ်ယောက်ကမျှ (Founder)အဖြစ် တည်ထောင်ခဲ့ခြင်းလည်းမရှိခဲ့ပါ။ ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့မှ မြန်မာဒေါင်းဆင်ဒရုန်းအသင်းအား မှတ်ပုံတင်လက်မှတ်အမှတ် (၁/ပြည်တွင်း/၀၁၆၁)ဖြင့် ပြည်တွင်းအသင်းအဖွဲ့ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခဲ့ပါသည်။ ဆက်လက်၍ မြန်မာဒေါင်းဆင်ဒရုန်းအသင်းမှ (၇-၅-၂၀၁၉)ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ အောက်ဖော်ပြပါ အသင်းအမှတ်တံဆိပ် အမည်အမှတ်အသားကိုအသင်း၏မူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန်အတွက် မှတ်ပုံတင်သွင်းကြေညာခဲ့ရာ စာချုပ်အမှတ် (၁၉၇၀၇/၂၀၁၉)ဖြင့် မှတ်ပုံတင်ခွင့် ရရှိခဲ့ပြီးဖြစ်ပါသည်။

မြန်မာဒေါင်းဆင်ဒရုန်းအသင်း (Myanmar Down Syndrome Association)သည် အသင်း၏ဖွံ့ဖြိုးတိုးတက်မှုများအတွက် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၊ အခြားသောဉာဏ်ရည်မသန်စွမ်းအသင်းအဖွဲ့များ၊ အထူးပညာရေးကျောင်းများနှင့်ပူးပေါင်းဆောင်ရွက်မှုများအပြင် အခြားသော ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်နေပါသည်။ Down Syndrome International နှင့် Asia Pacific Down Syndrome Federation တို့၏ အဖွဲ့ဝင်လည်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍အီလက်ထရွန်နစ်ဆက်သွယ်ရေးနည်းပညာတစ်ခုခုကို အသုံးပြု၍လည်းကောင်း အခြားခေတ်မီပေါ်ပေါက်လာသည့် နည်းပညာတစ်ခုခုကို အသုံးပြု၍လည်းကောင်း အထက်ဖော်ပြပါ မြန်မာဒေါင်းဆင်ဒရုန်းအသင်း (Myanmar Down Syndrome Association)၏ အသင်းအမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် အလှူငွေကောက်ခံခြင်း၊ အသင်း၏အမည်ကို ဆင်တူယိုးမှား ထင်ယောင်ထင်မှားပြုလုပ်၍ ပြည်တွင်းပြည်ပအဖွဲ့အစည်းများဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ အသင်း၏ပုံရိပ်ကို အသုံးပြု၍ ထင်ယောင်ထင်မှားဖြစ်စေသည့် သတင်းအချက်အလက်များ ဖြန့်ဖြူးဖော်ပြခြင်း၊ လူသုံးကုန်ပစ္စည်းများပေါ်တွင် အသင်း၏အမည်အမှတ်အသားကိုဖိနှိပ်၊ ကပ်နှိပ်၊ ရိုက်နှိပ်၍ ထုတ်ဝေဖြန့်ဖြူးခြင်း၊ အသင်း၏အမည်ဖြင့် အသင်းအဖွဲ့များဖွဲ့စည်းတည်ထောင်ခြင်း၊ အသင်းအမှတ်တံဆိပ်အမည်အမှတ်အသားဖြင့်အလှူခံဖြတ်ပိုင်း စာအုပ်/ပြေစာများ၊ အလှူခံပုံးများပြုလုပ်ခြင်း၊ ပြက္ခဒိန်များ၊ ဂျာနယ်စာစောင်များ၊ ဗီနိုင်းပိုစတာများထုတ်လုပ်ဖြန့်ဖြူးခြင်း၊ စက်မှုထုတ်ကုန်ပစ္စည်းများပေါ်တွင် အသင်း၏အမှတ်တံဆိပ်အမည်အမှတ်အသားကို ရိုက်နှိပ်ထုတ်လုပ်ဖြန့်ဖြူးခြင်းများ မပြုလုပ်ရန်နှင့်အကယ်၍ လိုက်နာခဲ့ခြင်းမရှိပါက အသင်း၏ အကျိုးစီးပွားထိခိုက်နစ်နာမှုအဝဝအတွက် ဥပဒေနှင့်အညီ တရားမကြောင်း၊ ပြစ်မှုကြောင်းတို့ဖြင့် တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်ဇော်ဟန် LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၄၀)**

**ဦးကျော်စွာထက် LL.B, C.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၈၉၁)**

**ဦးဇေယျာထွန်း LL.B, D.B.L**
**အထက်တန်းရှေ့နေ(စဉ်-၂၈၄၆၉)**
**အမှတ်(၅၆၇)၊ အခန်း(၆၀၃)၊ MAC Tower၊ ကုန်သည်လမ်းနှင့်ဘားလမ်းထောင့်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၆၄၄၉၀၊ ၀၉-၇၉၅၁၅၈၀၄၀၊ ၀၉-၅၀၇၉၆၀၂**

### ပန်းရောင်ကတ် ပျောက်ဆုံးကြောင်း ကြေညာခြင်း

Naing Group Agency တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျွန်မ မဝါဝါမိုး ၁၃/တကန(နိုင်)၁၃၅၃၀၉ သည် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးသော အလုပ်သမားကတ်၊ ပန်းရောင်ကတ်အမှတ် (529661) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၂၁၅၈၇၆**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၆၂၉၃ ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ခ/၅၄၀၅၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဒေါ်ခင်သိန်း(ခ)ဒေါ်ခင်သိန်းတန်(ကျုံကဒါတ်)

**အငြိမ်းစား သူနာပြုဆရာမ**
**ရန်ကုန်ဗဟိုအမျိုးသမီးဆေးရုံကြီး**
**အသက်(၇၆)နှစ်**

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျုံကဒါတ် စံပြကျေးရွာနေ (ဦးသိန်းတန်-ဒေါ်ကြင်သိန်း) တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးအောင်ငွေ-ဒေါ်မြသိန်း)၊ (ဦးမောင်စိုး-ဒေါ်ခင်မြင့်)၊ ဦးအောင်ရွှေ-ဒေါ်နွဲ့၊ ဦးမြသိန်း-ဒေါ်ခင်အေး၊ ဦးသိန်းဟန်-ဒေါ်ခင်အုန်းမြင့်တို့၏ ညီမ/အစ်မ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်တံခွန်(၁)လမ်း၊ အမှတ်(၃၀၀)နေ ကိုဝင်းဇော်ထွန်း-မခိုင်စုဝင်း၊ ကိုဝင်းမင်းထွန်း၊ ကိုသက်မောင်လင်း-မနှင်းသန္တာထွန်းတို့၏ကျေးဇူးရှင်မွေးသမိခင်၊ ဦးသန်းထွန်း(လ/ထ အင်ဂျင်နီယာ- စက်မှု-ငြိမ်း၊ ယန္တရားယာဉ်ကြီးတပ်ခွဲ-တောင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)၏ဇနီးသည် ၂၉-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၂၀ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွ ရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူခြင်း**
**အလ်ဟာဂျ်မော်လာနာတာဇိဗ်မုတမ္ဗဒ်ဟုစိုင်းန်(မတ်မူဒီ) (ခ) ဆရာဦးကျော်ဝင်း(ခ) ဆရာကျော်ဟိန်း**
**(ဂေဟာမှူး)မွစ္စလင်မ်သက်ကြီးဂေဟာ**
**ပြည်သာယာလမ်း၊ ဘောက်ထော်၊ သင်္ဃန်းကျွန်းမြို့နယ်**
**၂၅-၁-၂၀၂၀**
**အသက်(၆၇)နှစ်**

ဆရာဦးကျော်ဝင်း(ခ)ဆရာကျော်ဟိန်းသည် မွစ္စလင်မ်သက်ကြီးဂေဟာတွင် ၁၉၇၉-ခုနှစ်စတင်ပြီး ၂၅-၁-၂၀၂၀ရက်ထိ (၄၁) နှစ်တိုင်တိုင် ဂေဟာမှူး(အချိန်ပြည့်တာဝန်)နှင့်ဂျမာအသ်ခါနာဝတ်ပြုဆောင်၏ ရှေ့ဆောင်ဆရာတစ်ဦးအဖြစ် မိသားစုတာဝန်ဝတ္တရားများကို ရှေ့တန်းမတင်ဘဲ မိမိ၏ကိုယ်ပိုင်းအချိန်များစွာအားပေးဆပ်ခဲ့ပြီး အလ္လာဟ်သျှင်မြတ်အမိန့်ခံယူသည့်နေ့ ၂၅-၁-၂၀၂၀ ရက် ညနေ ၆နာရီအထိ မိမိတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သည့်အတွက်လည်းကောင်း၊ မွစ္စလင်မ်သက်ကြီးဂေဟာသမိုင်းတွင် သက်တမ်းအရှည်ကြာဆုံး တာဝန်ထမ်းဆောင်ခဲ့သည့်အတွက်ကြောင့်လည်းကောင်း၊ မွစ္စလင်မ်သက်ကြီးဂေဟာအတွက် တန်ဖိုးဖြတ်၍မရပါသော ဆုံးရှုံးမှုနှင့်အတူ ကျန်ရစ်သူမိသားစုနှင့်လည်း ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလ်ဟာဂျ်ဦးလှဝေ**
**(အတွင်းရေးမှူး)**
**မွစ္စလင်မ်သက်ကြီးဂေဟာ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(၆၀၉)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်ဇင်မေထွန်းအမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်နန်းအေးချမ်းခင် ၁၃/မဆတ(နိုင်) ၀၃၁၃၃၀ မှ မြေပေးမိန့်မူရင်း၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

လယ်ဝေးမြို့၊ အမှတ် (၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅/ရန်အောင်ရပ်)၊ ဦးပိုင်အမှတ်၄၀(ထ-၁)၊ မြေဧရိယာ ၀ ဒသမ ၀၆၆ ဧကရှိ အစိုးရ(မြို့မြေ)မြေကွက်အား ဒေါ်သန်းသန်းအေး (ဘ)ဦးစိန်ဖေ PLU-040009 မှ အရောင်းအဝယ်ကတိစာချုပ်၊ နေထိုင်ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်ထောက်ခံချက်မူရင်းများတင်ပြ၍ အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးထွန်းဝေ(ဘက်ရဲ) အသက်(၈၄)နှစ်

**မြန်မာ့ဆိပ်ကမ်း(ငြိမ်း)၊ ရုပ်ရှင်အစည်းအရုံး**

ဥူးတေဇနိယ၏ ရဟန်းဒါယကာ၊ ရောဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ဘက်ရဲကျေးရွာနေ (ဦးဘ-ဒေါ်စိန်မယ်)တို့၏သား၊ ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ နိဗ္ဗာန်ကျေးရွာနေ (ဦးမောင်သိန်း-ဒေါ်အေးမြ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ ခါတော်မှီ (၂)လမ်း၊ အမှတ်(၅၃၄)နေ (ဒေါ်လှခင်)၏ခင်ပွန်း ဦးတင်ဦး(ရုပ်ရှင်အစည်းအရုံး)-(ဒေါ်စုစုလှိုင်)၊ ဦးလှကြိုင်-ဒေါ်သန်းသန်းမော်၊ (ဦးကျော်ဝေ)-ဒေါ်မြတ်မွန်၊ ဦးဟန်ဝင်းအောင်(မြန်မာ့ကျောက်မျက်)-ဒေါ်မြင့်မြင့်သက်(မြန်မာ့ကျောက်မျက်)၊ ဦးအေးကျော်(တပ်မတော်-ရေ)-ဒေါ်သန္တာဝင်း၊ ဦးမြင့်ဇော်-ဒေါ်နီနီဝင်းတို့၏ချစ်လှစွာသောဖခင်၊ မနန်းနီလာဦး၊ မနန်းအိအိကြိုင်၊ မြေး ၁၉ယောက်၊ မြစ်ငါးယောက်တို့၏ အဘိုးသည် ၂၉-၁-၂၀၂၀ ရက် ညနေ ၃ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၂၀ ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်သန်းရှင်**
**အသက်(၈၃)နှစ်**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု)ဒုတိယအမြဲတမ်းအတွင်းဝန် ဦးအောင်ဆန်းဦး-ဒေါ်ဖြူဇင်မြင့် တို့၏ ကျေးဇူးရှင်မိခင်ကြီး ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်သန်းရှင် အသက်(၈၃)နှစ်သည် ၃၀-၁-၂၀၂၀ရက် (ကြာသပ တေးနေ့) ညနေ ၃နာရီတွင် မအူပင်မြို့၊ (၁၂)ရပ်ကွက်၊ မြို့သစ်တာကြီးလမ်း၊ အမှတ်(၆)နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်သန်းရှင်**
**အသက်(၈၃)နှစ်**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု)ဒုတိယအမြဲတမ်းအတွင်းဝန် ဦးအောင်ဆန်းဦး-ဒေါ်ဖြူဇင်မြင့် တို့၏ ကျေးဇူးရှင်မိခင်ကြီး ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်သန်းရှင် အသက်(၈၃)နှစ်သည် ၃၀-၁-၂၀၂၀ရက် (ကြာသပ တေးနေ့) ညနေ ၃နာရီတွင် မအူပင်မြို့၊ (၁၂)ရပ်ကွက်၊ မြို့သစ်တာကြီးလမ်း၊ အမှတ်(၆)နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန**

## ဦးသိန်းဝင်း(ဟင်္သာတ)

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ (၂၉)ရပ်ကွက်၊ မီးဒုံးလမ်းသွယ်(၄)၊ တိုက်(၁၀၀)၊ အခန်း(၁)နေ (ဦးစိန်ဘူး-ဒေါ်မယ်ကံ)တို့၏သား၊ ဒေါ်တင်ကြည်၏ခင်ပွန်း၊ ဒေါက်တာမြင့်သူ(ရတနာအောင်ဆေးခန်း)-ဒေါ်စုစုထား၊ ဒေါက်တာသီတာဝင်း (တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)တို့၏ဖခင်၊ မမြင့်သက်ထားနိုင်၊ မချမ်းမြေ့ဝိုင်း၊ မစုမြတ်ပိုင်တို့၏အဘိုးသည် ၃၀-၁-၂၀၂၀ ရက်(ကြာသပတေးနေ့) နံနက် ၁၀:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၂၀ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်သန်း**
**အသက်(၉၉)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်(ငြိမ်း)-ဒေါ်နုနုဆွေတို့၏ မိခင်ကြီး ဒေါ်ခင်သန်းသည် ၂၈-၁-၂၀၂၀ရက်(အင်္ဂါနေ့)နံနက် ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ကြေကွဲရပါသည်။

**သန်းရှိန်၊ မြင့်စိုး၊ ရဲအောင်၊ ခင်မာကြည်**
**ပုသိမ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ခင်သန်း**
**အသက်(၉၉)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်(ငြိမ်း) - ဒေါ်နုနုဆွေတို့၏မိခင်ကြီး ဒေါ်ခင်သန်းသည် ၂၈-၁-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁၀:၄၅နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့်ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရေဇလာဦးသမဝါယမအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်သန်းရှင်**
**အသက်(၈၃)နှစ်**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု)ဒုတိယအမြဲတမ်းအတွင်းဝန် ဦးအောင်ဆန်းဦး-ဒေါ်ဖြူဇင်မြင့် တို့၏ ကျေးဇူးရှင်မိခင်ကြီး ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်သန်းရှင် အသက်(၈၃)နှစ်သည် ၃၀-၁-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် မအူပင်မြို့၊ (၁၂)ရပ်ကွက်၊ မြို့သစ်တာကြီးလမ်း၊ အမှတ်(၆)နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**အနုပညာဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်သန်းရှင်**
**အသက်(၈၃)နှစ်**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု)ဒုတိယအမြဲတမ်းအတွင်းဝန် ဦးအောင်ဆန်းဦး-ဒေါ်ဖြူဇင်မြင့် တို့၏ ကျေးဇူးရှင်မိခင်ကြီး ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်သန်းရှင် အသက်(၈၃)နှစ်သည် ၃၀-၁-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် မအူပင်မြို့၊ (၁၂)ရပ်ကွက်၊ မြို့သစ်တာကြီးလမ်း၊ အမှတ်(၆)နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**သာသနာရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်သန်းရှင်**
**အသက်(၈၃)နှစ်**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု)ဒုတိယအမြဲတမ်းအတွင်းဝန် ဦးအောင်ဆန်းဦး-ဒေါ်ဖြူဇင်မြင့် တို့၏ ကျေးဇူးရှင်မိခင်ကြီး ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်သန်းရှင် အသက်(၈၃)နှစ်သည် ၃၀-၁-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် မအူပင်မြို့၊ (၁၂)ရပ်ကွက်၊ မြို့သစ်တာကြီးလမ်း၊ အမှတ်(၆)နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့်ဝန်ထမ်းများ**
**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်သန်းရှင်**
**အသက်(၈၃)နှစ်**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု)ဒုတိယအမြဲတမ်းအတွင်းဝန် ဦးအောင်ဆန်းဦး-ဒေါ်ဖြူဇင်မြင့် တို့၏ ကျေးဇူးရှင်မိခင်ကြီး ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်သန်းရှင် အသက်(၈၃)နှစ်သည် ၃၀-၁-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် မအူပင်မြို့၊ (၁၂)ရပ်ကွက်၊ မြို့သစ်တာကြီးလမ်း၊ အမှတ်(၆)နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယပါမောက္ခချုပ်(စီမံ)နှင့်ဝန်ထမ်းများ**
**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးသိန်းညွန့်**
**အသက်(၈၃)နှစ်**

ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ဦးချစ်တိုး၊ ဒေါ်ခိုင်သဇ္ဇာဝင့်တို့၏ဖခင် ဦးသိန်းညွန့်သည် ၃၀-၁-၂၀၂၀ရက် နံနက် ၁၁:၄၅နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်သန်းရှင်**
**အသက်(၈၃)နှစ်**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု)ဒုတိယအမြဲတမ်းအတွင်းဝန် ဦးအောင်ဆန်းဦး-ဒေါ်ဖြူဇင်မြင့်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်သန်းရှင် အသက်(၈၃)နှစ်သည် ၃၀-၁-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် မအူပင်မြို့၊ (၁၂)ရပ်ကွက်၊ မြို့သစ်တာကြီးလမ်း၊ အမှတ်(၆)နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်ဇနီး ဒေါ်မြင့်မြင့်ရီ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်သန်းရှင်**
**အသက်(၈၃)နှစ်**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု)ဒုတိယအမြဲတမ်းအတွင်းဝန် ဦးအောင်ဆန်းဦး-ဒေါ်ဖြူဇင်မြင့် တို့၏ ကျေးဇူးရှင်မိခင်ကြီး ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်သန်းရှင် အသက်(၈၃)နှစ်သည် ၃၀-၁-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် မအူပင် မြို့၊ (၁၂)ရပ်ကွက်၊ မြို့သစ်တာကြီးလမ်း၊ အမှတ်(၆)နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရ ပါသည်။

**ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့်ဇနီး ဒေါ်နွယ်နီစိုး**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်သန်းရှင်**
**အသက်(၈၃)နှစ်**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု)ဒုတိယအမြဲတမ်းအတွင်းဝန် ဦးအောင်ဆန်းဦး-ဒေါ်ဖြူဇင်မြင့် တို့၏ ကျေးဇူးရှင်မိခင်ကြီး ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်သန်းရှင် အသက်(၈၃)နှစ်သည် ၃၀-၁-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် မအူပင်မြို့၊ (၁၂)ရပ်ကွက်၊ မြို့သစ်တာကြီးလမ်း၊ အမှတ်(၆)နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယအမြဲတမ်းအတွင်းဝန်နှင့်ဝန်ထမ်းများ**
**ဝန်ကြီးရုံး(သာသနာရေး)**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်သန်းရှင်**
**အသက်(၈၃)နှစ်**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု)ဒုတိယအမြဲတမ်းအတွင်းဝန် ဦးအောင်ဆန်းဦး-ဒေါ်ဖြူဇင်မြင့် တို့၏ ကျေးဇူးရှင်မိခင်ကြီး ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်သန်းရှင် အသက်(၈၃)နှစ်သည် ၃၀-၁-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် မအူပင်မြို့၊ (၁၂)ရပ်ကွက်၊ မြို့သစ်တာကြီးလမ်း၊ အမှတ်(၆)နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်သန်းရှင်**
**အသက်(၈၃)နှစ်**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု)ဒုတိယအမြဲတမ်းအတွင်းဝန် ဦးအောင်ဆန်းဦး-ဒေါ်ဖြူဇင်မြင့် တို့၏ ကျေးဇူးရှင်မိခင်ကြီး ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်သန်းရှင် အသက်(၈၃)နှစ်သည် ၃၀-၁-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် မအူပင်မြို့၊ (၁၂)ရပ်ကွက်၊ မြို့သစ်တာကြီးလမ်း၊ အမှတ်(၆)နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့်ဝန်ထမ်းများ**
**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်သန်းရှင်**
**အသက်(၈၃)နှစ်**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု)ဒုတိယအမြဲတမ်းအတွင်းဝန် ဦးအောင်ဆန်းဦး-ဒေါ်ဖြူဇင်မြင့် တို့၏ ကျေးဇူးရှင်မိခင်ကြီး ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်သန်းရှင် အသက်(၈၃)နှစ်သည် ၃၀-၁-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် မအူပင်မြို့၊ (၁၂)ရပ်ကွက်၊ မြို့သစ်တာကြီးလမ်း၊ အမှတ်(၆)နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းများ၊ ဝန်ကြီးရုံး(ယဉ်ကျေးမှု)**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသိန်းညွန့်**
**အသက်(၈၃)နှစ်**

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ဦးချစ်တိုး၊ ဒေါ်ခိုင်သဇ္ဇာဝင့်တို့၏ဖခင် ဦးသိန်းညွန့်သည် ၃၀-၁-၂၀၂၀ရက် နံနက် ၁၁:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း၊ အမှုထမ်းများ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

စာအုပ်
စာပေ
လူ့မိတ်ဆွေ

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



ဒုတိယသမ္မတ ဦးမြင့်ဆွေ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၃၀**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊

*စာမျက်နှာ ၅ ကော်လံ ၁* ❑

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ညောင်ဦးလေဆိပ်အား CIQ လေဆိပ်အဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပုဂံဘုရားများ ပြန်လည်ပြုပြင်မွမ်းမံနေမှုအား လှည့်လည်ကြည့်ရှု

**နေပြည်တော် ဇန်နဝါရီ ၃၀**

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့တွင် ညောင်ဦးလေဆိပ်အား CIQ လေဆိပ်အဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သောပုဂံဘုရားများ ပြန်လည်ပြုပြင်မွမ်းမံနေမှုအား လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ညောင်ဦးမြို့သို့ရောက်ရှိရာ မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇော်နည်အောင်၊

*စာမျက်နှာ ၆ ကော်လံ ၁* ❍

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ညောင်ဦးလေဆိပ်အား CIQ လေဆိပ်အဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစဉ်။ သတင်းစဉ်






## "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ (၂၀၂၀)" ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၃၀**

"သွေးချင်းတို့ရဲ့ ပွဲတော်ဆီ (၂၀၂၀)" အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" မုခ်ဦးနှင့် တိုင်းရင်းသားရိုးရာပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက် နံနက် ၇ နာရီခွဲတွင်လည်းကောင်း၊ "သွေးချင်းတို့ရဲ့ပွဲတော်ဆီ (၂၀၂၀)" ဖွင့်ပွဲအခမ်းအနားကို ညနေ ၆ နာရီတွင်လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ MITV၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း(NRC)၊ Skynet Up To Date၊ Channel 9၊ တိုင်းရင်းသား၊ Fortune TV၊ DVB၊ မြန်မာ့အသံရေဒီယိုအစီအစဉ်နှင့် Ministry of Information Facebook Page၊ MRTV Facebook Page နှင့် Myanmar Digital News Facebook Page တို့တွင် ယင်းနေ့ နံနက် ၇ နာရီ ၁၅ မိနစ် အချိန်နှင့် ညနေ ၅ နာရီ ၄၅ မိနစ်တို့မှ စတင်၍ တိုက်ရိုက်(Live) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**